# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်  ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ ကြာသပတေးနေ့၊  အတွဲ [၅၄]၊ အမှတ် [၂၉၈]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ရိုကိုအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်    ဇူလိုင်    ၃၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကို နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက် ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်အား လက်ခံတွေ့ဆုံ

**နေပြည်တော်    ဇူလိုင်    ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ၊ အမျိုးသမီးရေးရာကိစ္စရပ်များ၊ ပဋိပက္ခများအတွင်း အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပပျောက်ရေးလုပ်ငန်းများအား အတူတကွလက်တွဲ၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေများရေးဆွဲဆောင်ရွက်နေမှု၊ ကလေးသူငယ်များအား အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေးဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။**

(သတင်းစဉ်)

## စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွက်လာမည့် အီရန်၊ ကျူးဘားနှင့် မြန်မာ

စာမျက်နှာ ➤ ၅

## မဲပေးခြင်းဆိုင်ရာ အသိပညာများနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာကျော်မင်းသမီး မစ္စ အင်ဂျလီနာ ဂျိုလီပစ် ရောက်ရှိ

စာမျက်နှာ ➤ ၈




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဝါဆိုသင်္ကန်းလှူဒါန်းကြအဖုံဖုံ

နှစ်စဉ်နှစ်တိုင်း ဝါဆိုလသို့ရောက်၍ ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်တော်မူကြတော့မည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ပြုလုပ်သော ကောင်းမှုဒါနတစ်ခုမှာ ဝါဆိုသင်္ကန်းကပ်လှူခြင်းပင်ဖြစ်သည်။ ဤသို့ ဝါဆိုသင်္ကန်းကပ်လှူခြင်းသည် ကထိန်သင်္ကန်းလှူဒါန်းခြင်းကဲ့သို့ အချိန်ကာလကိုလိုက်၍ လှူဒါန်းရသော ကာလဒါနဖြစ်၍ ထူးခြားသောကုသိုလ်ထူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်းကို ပါဠိလို"ဝဿာ-ဝါသိက"မြန်မာလို "ဝါဆိုသင်္ကန်း" ဟုခေါ်ဆိုကြ၏။ ဝါဆိုသင်္ကန်းဟူသည် ကျောင်းအသီးသီး၌ ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော ရဟန်းသံဃာများအား လှူဒါန်းအပ်သော သင်္ကန်းပင်ဖြစ်၏။ ဝါဆိုသင်္ကန်းကို ဝါမဆိုမီကာလတွင်လည်းကောင်း၊ ဝါဆိုဆဲကာလတွင် လည်းကောင်း၊ ဝါကျွတ်ပြီးအခါတွင် လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရ၏။ သို့သော် အများအားဖြင့် ဝါမဆိုမီကာလတွင် လှူဒါန်းကြလေ့ရှိပါသည်။

ရှေးအခါက ရဟန်းတော်များသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းများကို တောင်းယူ၍ မိမိတို့နှင့် သင့်လျော်သော တောရွာကျောင်းများသို့ ကြွရောက်ကာ ဝါဆိုတရားအားထုတ်ကြ၏။ ဝါကျွတ်၍ ပြန်ကြွသည့်အခါ ဤတောရွာမှ ဒကာ၊ ဒကာမတို့သည် ငါတို့အား အလွန်ကျေးဇူးများကြပေကုန်၏။ အဘယ်ကြောင့်ဆိုသော် ငါတို့အားဝါတွင်းသုံးလပတ်လုံး ဆွမ်း၊ ကွမ်းဖြင့် လုပ်ကျွေးကြပေကုန်၏။ ထို့ကြောင့် ငါတို့သည် သူတို့အား အသိမပေးဘဲ ပြန်ကြွ၍မသင့်လျော်ဟု အချင်းချင်းတိုင်ပင်ကြကာ ပြန်ခါနီးရွာမှ ဒကာ၊ ဒကာမတို့အား မိမိတို့ပြန်ကြမည့်အကြောင်း အသိပေးနှုတ်ဆက်ကြ၏။

ထို့အတူ ရွာသူ ရွာသား ဒကာ၊ ဒကာမအပေါင်းတို့ကလည်း ဤရဟန်းတော်များသည် ငါတို့အား အလွန်ကျေးဇူးများကြပေကုန်၏။ အဘယ်ကြောင့်ဆိုသော် ဤအရှင်တို့ ငါတို့အရပ်၌ ဝါတွင်းသုံးလ ဝါဆိုဝါကပ် သီတင်းသုံးကြသဖြင့် ငါတို့တစ်တွေ ဆွမ်း၊ ကွမ်းဖြင့် လုပ်ကျွေးခွင့်ရကြပေ၏။ ငါတို့အားလည်း သရဏဂုံ၊ သီလတည်စေ၏။ ဥပုသ်သီတင်း စောင့်သုံးခွင့်ရကြကုန်၏။ ထို့ကြောင့် အရှင်သူမြတ်တို့အားကျေးဇူးဆပ်သည့်အနေဖြင့် ငါတို့တစ်တွေ ဝါဆိုသင်္ကန်းလှူဒါန်းကြစို့ဟု အချင်းချင်းတိုင်ပင်ကြပြီး ဝါကျွတ်အခါ ဝါဆိုသင်္ကန်းလှူဒါန်းကြကုန်၏။ သို့သော် ယနေ့ခေတ်တွင် ဝါဆိုဝါကပ်မည့် ရဟန်းသံဃာများအား ရည်မျှော်ကာ ဝါဆိုခါနီးကာလတွင် ဝါဆိုသင်္ကန်းကို လှူဒါန်းကြလေ့ရှိပါသည်။

ဝါဆိုသင်္ကန်း လှူဒါန်းကြသူများသည် ဝါဆိုလိမ့်မည်ဖြစ်သော ဝါဆိုဆဲဖြစ်သော၊ ဝါဆိုပြီးဖြစ်သော ရဟန်းသံဃာများအား လှူဒါန်းကြခြင်းဖြစ်၍ အကျိုးထူးများ ရရှိကြမည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်း လှူဒါန်းကြသူများသည် အပယ်မကြောက် ခုနစ်ယောက်တွင် ပါဝင်ကြောင်း ဆရာတော်၊ သံဃာတော်များက ဟောကြားလေ့ရှိပါသည်။ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ စသည်ဖြင့် သရဏဂုံသုံးပါးကို မပျက်မစီးအောင် ဆောက်တည်ထားသူ၊ ငါးပါးသီလမကျိုး၊ မပေါက်လုံခြုံသူ၊ စာရေးတံမဲ မဟာဒုက် ဆွမ်းနှစ်စဉ်လှူဒါန်းလေ့ရှိသူ၊ နေ့စဉ် ဆွမ်းလောင်း၊ လစဉ် ဆွမ်းအုပ်လှူလေ့ရှိသူ၊ နှစ်စဉ် ဝါဆိုသင်္ကန်း လှူဒါန်းလေ့ရှိသူ၊ ရေတွင်းရေကန် ရေစင်ရေချမ်းအိုး ပြုလုပ်လှူဒါန်းသူနှင့် ကျောင်းလှူဒါန်းထားသူများသည် သောတာပန်နှင့် အလားတူခြင်းကြောင့် အပယ်မကြောက်သူများဟု ဗုဒ္ဓစာပေကျမ်းဂန်တို့၌ ဆိုထားသည်။ သို့ပါ၍ ဝါဆိုသင်္ကန်း ကပ်လှူကြခြင်းဖြင့် ကုသိုလ်ထူး ကုသိုလ်မြတ်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ **Established in 1914**

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**လှိုင်းဘွဲ့ ဇူလိုင် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့နှင့် ရှမ်းရွာသစ်မြို့တို့၏ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်အောင်ဆန်းခန်းမ၌ ဇူလိုင် ၂၉ ရက်က ကျင်းပရာ ကျေးရွာအုပ်စု ၄၅ အုပ်စုမှ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒနယ်များ ကြေညာခြင်း၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်၊ ရွေးကောက်ပွဲ ဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## Myanmar Telecommunications Master Plan နှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ Myanmar Telecommunications Master Plan မူကြမ်းကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/ law-and-regulation/telecoms တွင် ၂၀၁၅ခုနှစ် ဇူလိုင် ၁၄ ရက်မှ စတင်ဖော်ပြ၍ အကြံပြုချက်များ တောင်းခံလျက်ရှိသည်။

ထို့အပြင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ရုံးအမှတ် (၂) နေပြည်တော်တွင် Master Plan နှင့်ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ မည်သူမဆို ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါရန် ဖိတ်ကြားထားသည်။

အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယွမ်ကြေးနှုန်းထားမြင့်တက်၍ မူဆယ်၌ ဒေသခံဈေးဆိုင်များ အရောင်းအဝယ်ပါး

**မူဆယ် ဇူလိုင် ၂၉**

အိမ်နီးချင်းနိုင်ငံ ဖြစ်သော တရုတ်နိုင်ငံ၏ ငွေကြေးနှုန်းထား မြင့်တက်မှုကြောင့် နယ်စပ်ကုန်သွယ်ရေး မြို့ဖြစ်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ဈေးဆိုင်များ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် အေးလျက်ရှိသည်။

ယခုအချိန်တွင် တရုတ်ငွေကြေးနှုန်းထားမြင့်တက်မှုကြောင့် မူဆယ်မြို့ရှိ တရုတ်ပစ္စည်းရောင်းချသည့် ဆိုင်များတွင် ဝယ်သူနည်းပါးပြီး အချို့ဆိုင်များမှာ တစ်နေ့လုံးဈေးဦးမပေါက်ဘဲ အရောင်းအဝယ်ကျဆင်းလျက်ရှိသည်။ ငွေကြေးနှုန်းထား အတက်အကျအပေါ် မြန်မာကုန်သည်များက အကဲခတ်စောင့်ကြည့်ပြီး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"အခုရက်ပိုင်း တရုတ်ငွေကြေးနှုန်းထားမြင့်တက်မှုကြောင့် မူဆယ်မြို့ပေါ်ရှိ ဆိုင်တွေ အရောင်းအဝယ်များကျဆင်းပြီး ပစ္စည်းအဝယ်ရပ်ထားရတယ်။ ဆိုင်မှာရှိတဲ့ ပစ္စည်းတွေကိုပဲ လက်ကားရောင်းချမှုမရှိဘဲ လက်လီအဖြစ်သာ ရောင်းချရတယ်။ ရောင်းချပြီးတဲ့ ပစ္စည်းတွေအတွက် နောက်ထပ် ပစ္စည်းအစားထိုးဝယ်ယူ နိုင်ခြင်းလည်းမရှိပါဘူး" ဟု ကုန်သည် ဦးစိုးနိုင်က ပြောသည်။

ဆက်လက်၍ ပို့ကုန်လုပ်ငန်းလုပ်ကိုင်နေသည့် ဦးဝင်းကိုကလည်း "တရုတ်ငွေကြေးနှုန်းထား မြင့်တက်မှုကြောင့် တရုတ်နယ်စပ်ရှိဒေသများတွင်သာ အရောင်းအဝယ် အကျပ်အတည်း ကြုံတွေ့ရတာမဟုတ်ပါဘူး။ မြန်မာပြည်အရပ်ရပ် ဒေသများတွင်လည်း အရောင်းအဝယ် အကျပ်အတည်း ကြုံတွေ့နေရပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာကုန်သည်အများစုက တရုတ်ပြည်သို့ ပို့ကုန်လုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြရပါတယ်။ အခုလို တရုတ်ငွေကြေးနှုန်းထားမြင့်တက်နေတော့ မြန်မာပြည်ဘက်က ပို့ကုန်တွေတင်ပို့ဖို့ မြန်မာပြည်ကုန်သည်တွေ အနေနဲ့ နစ်နာဆုံးရှုံးမှုတွေဖြစ်ပေါ်နေ ရပါတယ်"ဟု ဒေသခံကုန်သည်များက ပြောသည်။



**ကိုမျိုး(ရွှေပေါက်ကံ)**
**ဓာတ်ပုံ-သန့်ဇင်(၁၀၅)မိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၈ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၄.၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၀ |
| တရုတ် | တစ်ယွမ် | ၁၉၉.၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၄.၅၉ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အဇာဘိုင်ဂျန်၊ ချီလီနှင့် တရုတ်နိုင်ငံတို့မှ သံအမတ်များ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကယ်လီ အယ်လီယေးဗစ်ချ် အာလာဗာဒီယက်ဗ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင် ဧည့်ခန်းမသို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

### ချီလီသံအမတ်ခန့်အပ်လွှာပေးအပ်

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟာဗီယာ အန်ဒရက်စ် ဘက်ကာ-မာရှယ်လ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

### တရုတ်သံအမတ်ခန့်အပ်လွှာပေးအပ်

ထို့အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟုန်လျန်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည့် မစ္စတာ ကယ်လီ အယ်လီယေးဗစ်ချ် အာလာဗာဒီယက်ဗ်အား တွေ့ဆုံစဉ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည့် မစ္စတာ ဟာဗီယာ အန်ဒရက်စ် ဘက်ကာ-မာရှယ်လ်နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည့် မစ္စတာ ဟုန်လျန်က ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

❒ *ကျောဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်ကမ်းခြေသို့ ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ မောင်တောခရိုင်ကမ်းခြေဒေသတွင် ရှစ်ပေ မှ ၁၀ ပေအထိနှင့် စစ်တွေခရိုင် ကမ်းခြေဒေသတွင် ခြောက်ပေမှ ရှစ်ပေအထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် အထူးသတိပြုရန် နှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဝန်းသို ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ကောလင်း ဇူလိုင် ၂၉**

ဇူလိုင် ၂၇ ရက်က ဝန်းသိုမြို့နယ်ရှိ ရေကြီးနစ်မြုပ်ခဲ့သော လက်ပံကြီးတော ကျေးရွာအုပ်စု စိန်လည်ကျေးရွာ၊ ကျိုင်းခွင်ကျေးရွာ၊ ချီယားကုန်းကျေးရွာများတွင် ရေဘေးသင့်ပြည်သူများအား ဆန်အိတ်၊ ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခြင်း၊ ပျက်စီးသွားသော လမ်း၊ တံတားများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

**အောင်ကျော်စိုး(ကောလင်း)**

# ကဒါဖီ၏သားကို လစ်ဗျားတရားရုံးက သေဒဏ်ချမှတ်

**ထရိုင်ပိုလီ ဇူလိုင် ၂၉**

လစ်ဗျားတရားရုံးက ဇူလိုင် ၂၉ ရက်က မွမ်မာကဒါဖီ၏ ထင်ရှားကျော်ကြားသော သားတစ်ဦးဖြစ်သည့် ဇာအိဖ်အယ်လ်အစ္စလာမ်နှင့် အခြားရှစ်ဦးကို ၂၀၁၁ တော်လှန်ရေး ပုန်ကန်မှုဖြစ်စဉ်အတွင်း ဆန့်ကျင်ဆန္ဒပြသူများကို သတ်ဖြတ်ခဲ့သည့် စစ်ရာဇဝတ်မှုဖြင့် သေဒဏ်ပေးအပ်ခဲ့သည်။

ယခင် ကဒါဖီအုပ်စိုးစဉ်အခါက တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများကို သေဒဏ်ပေးခဲ့ခြင်းဖြစ်ပြီး ၎င်းအရာရှိများထဲ၌ ယခင် ထောက်လှမ်းရေးမှူးချုပ် အဗ္ဗဒူလာအယ်လ်ဆန်နူအိနှင့် ဝန်ကြီးချုပ်ဟောင်း ဘဂ္ဂဒါဒီအယ် မာမွတ်ဒီတို့ပါဝင်ကြောင်း ထရိုင်ပိုလီပြည်နယ်ရုံး၏ စုံစမ်းစစ်ဆေးရေးမှူး ဆာဒစ်အယ်လ်ဆာက ရုပ်မြင်သတင်းသို့ ပြောကြားခဲ့သည်။

တရားစီရင်ရေးနှင့် တရားစီရင်ရေးကြောင့် ထွက်ပေါ်လာသည့် ရလဒ်များသည် ကမ္ဘာ့ဇာတ်ခုံရှိ လူ့အခွင့်အရေးအဖွဲ့များကို သဘောမကျမှုများဖြစ်စေသည်။ **(အပေါ်ပုံ)**



အရာရှိဟောင်းရှစ်ဦးကို တစ်သက်တစ်ကျွန်းပေးအပ်ခဲ့ပြီး အခြားခုနစ်ဦးကို ထောင်ဒဏ် ၁၂ နှစ်စီ အသီးသီးချမှတ်ခဲ့ကြောင်း ဆာဒစ်အယ်လ်ဆာက ပြောခဲ့သည်။

ကဒါဖီသည်လည်း ၎င်းရှောင်ပုန်းနေစဉ်ကာလအတွင်း ဖမ်းဆီးခံခဲ့ရပြီး လက်နက်ကိုင်သူပုန်တပ်ဖွဲ့များ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ **(ရိုက်တာ)**

## တူရကီရဲအရာရှိ ပီကေကေ သူပုန်ပြန်ပေးဆွဲ

**အန်ကာရာ ဇူလိုင် ၂၉**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ အင်္ဂါနေ့နှောင်းပိုင်းက ကာဒစ်အလုပ်သမားပါတီ(ပီကေကေ)မှ သူပုန်အဖွဲ့က ရဲအရာရှိတစ်ဦးအား ပြန်ပေးဆွဲသွားခဲ့ကြောင်း ဒေသဆိုင်ရာ ဘူဂန်းသတင်းစာက ဗုဒ္ဓဟူးနေ့တွင် သတင်းဖော်ပြသည်။

ရဲအရာရှိ ဆေဒတ်ယာဘလက်အား တူရကီအရှေ့တောင်ပိုင်း ဒီယာဘာကာ ပြည်နယ် လင့်စ်မြို့ ဒီယာဘာကာ ဘင်ဂိုးလ်အဝေးပြေးလမ်းမကြီးပေါ်၌ အာဇူရမ်ပြည်နယ် အရှေ့မြောက်ပိုင်းမှ ဆန်လီဖာပြည်နယ်အရှေ့တောင်ပိုင်းသို့ မိသားစုနှင့်အတူ မော်တော်ယာဉ်ဖြင့် ခရီးသွားစဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အဆိုပါပြန်ပေးဆွဲမှုသည် ယင်းအဝေးပြေးလမ်းမကြီးပေါ်၌ အခြားရဲအရာရှိတစ်ဦးဖြစ်သည့် ဗီဒက်ကာယာ မာဒင်ပြည်နယ်တောင်ပိုင်းမှ မတ်စ်ပြည်နယ် အရှေ့ပိုင်းသို့ သောကြာနေ့က မိသားစုနှင့်အတူ မော်တော်ယာဉ်ဖြင့် ခရီးသွားစဉ် ပီကေကေစစ်သွေးကြွများက ပြန်ပေးဆွဲသွားပြီး လေးရက်အကြာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုအတောအတွင်း တူရကီအရှေ့တောင်ပိုင်း ဆာနက်ပြည်နယ်၌ အင်္ဂါနေ့က ပီကေကေအဖွဲ့၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံးကလေးနှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

တူရကီက မကြာသေးမီကာလတွင် ဆီးရီးယားရှိ အိုင်အက်စ်တို့နှင့် အီရတ်ရှိ ပီကေကေစခန်းများကို လေကြောင်းမှတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**(ဆင်ဟွာ)**

## ဘိုကိုဟာရမ်အဖွဲ့ကို အမြစ်ပြတ်ချေမှုန်းရန် လုံခြုံရေးကောင်စီ ကမ္ဘာကိုဆော်သြ

**ကုလသမဂ္ဂ ဇူလိုင် ၂၉**

အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော နိုင်ဂျီးရီးယားအခြေစိုက် အကြမ်းဖက်အုပ်စုဖြစ်သည့် ဘိုကိုဟာရမ်ကို တိုက်ခိုက်ချေမှုန်းရာ၌ ကမ္ဘာတစ်ဝန်းလုံးက ကူညီပေးကြပါရန် လုံခြုံရေးကောင်စီက အင်္ဂါနေ့တွင် တိုက်တွန်းဆော်သြလိုက်သည်။

ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းတိုက်ဖျက်မှုဖြင့်သာ အောင်မြင်နိုင်သော အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို ဒေသတွင်း၊ ဒေသခံအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံအားလုံးကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်တွင် ဖော်ပြသည်။

ဘိုကိုဟာရမ်နှင့် အယ်ခိုင်ဒါခြိမ်းခြောက်မှုကို တည်ငြိမ်အောင်ဆောင်ရွက်ခြင်းသည် ခြိမ်းခြောက်မှုအားလုံးကို ဖြေရှင်းရာရောက်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သောကာလများက နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးတပ်ဖွဲ့(အမ်အင်န်ဂျေတီအက်စ်)က မြေပြင်တိုက်ခိုက်မှုများ အောင်မြင်မှုများရရှိလာချိန် ဘိုကိုဟာရမ်က အသေအပျောက်များသော တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လာသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း လုံခြုံရေးကောင်စီက ပြောသည်။

အကြမ်းဖက်ဝါဒသည် မည်သည့်ဒေသ၊ နိုင်ငံတွင်မဆို မရှိသင့်ကြောင်း ဖြင့်လည်း လုံခြုံရေးကောင်စီက အတည်ပြုပြောကြားသည်။

ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း၌ အခြေစိုက်ပြီး ချက်၊ နိုင်ဂျာ၊ ကင်မရွန်းမြောက်ပိုင်းတို့၌ လှုပ်ရှားနေပြီး အကြမ်းဖက်ဗုံးတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် နိုင်ဂျီးရီးယားအစိုးရကို ဖြုတ်ချပြီး အစ္စလာမ့်နိုင်ငံ ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။ **(ဆင်ဟွာ)**

# တူရကီအိုင်အက်စ်တိုက်ခိုက်မှုတွင် နေတိုးအဖွဲ့ကူညီ

**နေတိုး ဇူလိုင် ၂၉**

နေတိုးအဖွဲ့က တူရကီနိုင်ငံ၏ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွဆန့်ကျင်တိုက်ခိုက်မှုတွင် ကူညီထောက်ပံ့မှုပေးမည် ဖြစ်ကြောင်း ဖော်ပြပြောဆိုခဲ့သည်။

နေတိုး ၂၈ နိုင်ငံ၏ သံအမတ်ကြီးများသည် ဇူလိုင် ၂၉ ရက်က အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ဘရက်ဆဲလ်၌ ကျင်းပခဲ့ကြသည်။ **(ယာပုံ)**




ဆီးရီးယားတွင် အိုင်အက်စ်အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် တူရကီလေကြောင်းတိုက်ခိုက်မှုများနှင့် အီရတ်နိုင်ငံ မြောက်ပိုင်း၌ ကာ့ဒ်စစ်သွေးကြွများကို ဆန့်ကျင်သည့် တူရကီတိုက်ခိုက်မှုများအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို တူရကီအစိုးရ၏ တောင်းဆိုမှုဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

တူရကီ-ဆီးရီးယားနယ်စပ်မြို့လေးတစ်မြို့တွင် စစ်သွေးကြွအဖွဲ့နှင့် ချိတ်ဆက်မှုရှိသည့်လူတစ်ဦးက အသေခံဗုံးခွဲခဲ့ရာ အရပ်သားများ သေဆုံးခဲ့ရသည်။

နေတိုးခေါင်းဆောင်များသည် အိုင်အက်စ်အကြမ်းဖက် စစ်သွေးကြွများကို တိုက်ခိုက်ရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့ကြောင်း နေတိုး အတွင်းရေးမှူးချုပ် ဂျန်စတော့ဒ်တန်ဘက်ဘ်က သတင်းထောက်များကို ပြောခဲ့သည်။

ထို့အပြင် နေတိုးတပ်ဖွဲ့ဝင်များသည် မဟာမိတ်နိုင်ငံဖြစ်သော တူရကီဘက်၌ ရပ်တည်ထောက်ခံမှုပေးပြီး အကြမ်းဖက်လုပ်ရပ် မှန်သမျှကို ညီညွတ်သော စိတ်ဓာတ်ဖြင့် ခုခံတိုက်ခိုက်မည်ဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

တူရကီနိုင်ငံ၏ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို အကျိုးဖြစ်စေမည့် ရည်ရွယ်ချက်ဖြင့် တူရကီနိုင်ငံ၏စစ်ဆင်ရေးတွင် နေတိုးက အနီးကပ် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

**(အင်န်အီတီချိုကေ)**



# စင်ကာပူနှင့် ယူကေ ဆိုက်ဘာလုံခြုံရေးပူးပေါင်းဆောင်ရွက်မည်

**စင်ကာပူ ဇူလိုင် ၂၉**

စင်ကာပူနှင့် ယူနိုက်တက်ကင်းဒမ်းတို့သည် ယူကေဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ဗုဒ္ဓဟူးနေ့က စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(အမ်အိုယူ)တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

စင်ကာပူ ဆိုက်ဘာလုံခြုံရေးအေဂျင်စီ(စီအက်စ်အေ)နှင့် ယူနိုက်တက်ကင်းဒမ်း အစိုးရအဖွဲ့တို့အကြား ချုပ်ဆိုလိုက်သော အဆိုပါအမ်အိုယူသည် နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးကဲ့သို့ တီထွင်ဆန်းသစ်မှုများနှင့် သက်ဆိုင်သော ဆိုက်ဘာလုံခြုံရေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး သန္နိဋ္ဌာန်ပြုထားသည်။

အဆိုပါ စာချုပ်ပွဲအခမ်းအနားသို့ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ ယူကေဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့ တက်ရောက်ခဲ့ပြီး အစ်တာနာ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းအမ်အိုယူသည် (CERT- အချင်းချင်း ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့) ပူးပေါင်းဆောင်ရွက်မှုအပါအဝင် လွန်ခဲ့သောသုံးနှစ်က စင်ကာပူ ဒေါ်လာ ၅ ဒသမ ၁ သန်း အကုန်အကျခံဆောင်ရွက်နေသော ဆိုက်ဘာသုတေသနလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် ပါဝင်သည်ဟု သိရသည်။

**(ဆင်ဟွာ)**

# စီးပွားရေးအခွင့်အလမ်းများပေါ်ထွက်လာမည့် အီရန်၊ ကျူးဘားနှင့်မြန်မာ



သုဓန

လွန်ခဲ့သည့် သီတင်းနှစ်ပတ်ကျော်က နိုင်ငံတကာအသိုင်းအဝိုင်းအတွက် အကြီးမားဆုံးလူမှုတိုးတက်မှုတစ်ခုပေါ်ထွက်လာခဲ့သကဲ့သို့ ဆုတ်ယုတ်မှုတစ်ခုလည်း ထွက်ပေါ်လာခဲ့သည်။ ဥရောပငွေကြေးဇုန်မှ ဂရိနိုင်ငံ နုတ်ထွက်မည့်အရေးမှ တားဆီးနိုင်ခဲ့သော်လည်း ဖြေရှင်းရမည့်ပြဿနာမှာ ကြီးကြီးမားမားရှိနေဆဲဖြစ်သည်။ ယင်းမှာ ဆုတ်ယုတ်မှုတစ်ခုဖြစ်သည်။ နောက်တစ်ခုမှာ အီရန်နှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံမှ ကိုယ်စားလှယ်များသည် သမိုင်းဝင်နျူကလီးယားသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ယင်းသဘောတူညီချက်သည် အီရန်နိုင်ငံကို လာမည့် ၁၀ နှစ် ၁၅ နှစ်အတွင်း နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်မည့်အလားအလာရှိနေသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရန်နျူကလီးယား သဘောတူညီချက်ရရှိရေးအတွက် အမေရိကန်ကွန်ဂရက်နှင့် အစ္စရေးအစိုးရတို့ကို အတိုက်အခံပြုဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ အီရန်သည် ကြီးမားသည့် ဈေးကွက်တစ်ခုဖြစ်လာမည်မှာ သံသယရှိစရာမလိုသော်လည်း စေ့စပ်ညှိနှိုင်းမှုတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ လွန်ခဲ့သည့် အောက်တိုဘာလက အီရန်နှင့် အနောက်အုပ်စု စီးပွားရေးခေါင်းဆောင်များသည် ပထမဆုံးအကြိမ် ဥရောပ-အီရန်ဆွေးနွေးပွဲကျင်းပခဲ့ပြီး နိုင်ငံတကာနှင့်ကုန်သွယ်မှု ပြန်လည်စတင်နိုင်မည့်အရေးနှင့်ပတ်သက်၍ အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဆယ်စုနှစ်တစ်ခုအတွင်း အီရန်ခေါင်းဆောင်တစ်ဦးအနေဖြင့် သမ္မတဟက်ဆန်ရိုဟာနီ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားခွင့်ရရှိသော ဒါဗို့စ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ခုစလုံးတွင် အပြုသဘောဆောင်သည့်ထောက်ခံအားပေးမှုများရှိခဲ့သည်။ အီရန်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများအတွက် ထုတ်ဖော်သုံးစွဲခြင်းမပြုရသေးသည့် အကြီးမားဆုံးဈေးကွက်ကြီးတစ်ခုဖြစ်သည်။ တယ်လီဂရပ်သတင်းစာ စီးပွားရေးရာပင်တိုင်ဆောင်းပါးရှင် လိုင်ရမ်ဟယ်လီဂန်က အီရန်နိုင်ငံနှင့် သဘောတူညီမှုတစ်ခုရရှိရေးနှင့် ပတ်သက်၍ ၄င်း၏အယူအဆကို ဧပြီလအတွင်းက ရေးသားတင်ပြခဲ့သည်။ အမေရိကန်နိုင်ငံ၏ မူဝါဒရေးဆွဲချမှတ်သူများနှင့် ဗြိတိန်နိုင်ငံတို့အနေဖြင့် ရောင်းမလောက်အောင် ဝယ်လိုအားကောင်းမည့် အီရန်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုပြုခြင်းသည် အလွန်ကောင်းမွန်သည့် အယူအဆဖြစ်သည်ဟု ဆိုသည်။

သတင်းထုတ်ပြန်ချက်များအရ ပြင်သစ်ကုမ္ပဏီတစ်ခုအပါအဝင် အက်ပဲလ်ကုမ္ပဏီတို့သည် အီရန်နိုင်ငံ၏ ဈေးကွက်အလားအလာများကို လေ့လာစောင့်ကြည့်နေကြပြီဟု သိရသည်။ အီရန်နိုင်ငံသည် လူဦးရေအရ ဗြိတိန်၊ ပြင်သစ်နှင့်အီတလီနိုင်ငံတို့ထက်ကြီးမားပြီး လူဦးရေသန်း ၈၀ ခန့်ရှိသည်။ အီရန်နိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အသက် ၃၀ အောက်ဖြစ်ကြပြီး အများစုစာတတ်မြောက်သူများ ဖြစ်ကြသကဲ့သို့ ခေတ်ပညာတတ်များဖြစ်ကြသည်။ အနောက်အုပ်စုက ကာလကြာရှည်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ထားသော်လည်း အနောက်တိုင်းထုတ်ကုန်များနှင့် အမှတ် တံဆိပ်များကို သုံးစွဲဖူးသူများဖြစ်ကြသည်။

အီရန်နိုင်ငံကဲ့သို့ပင် လူဦးရေသန်း ၅၀ ကျော်ရှိသည့် မြန်မာနိုင်ငံသည်လည်း ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် ဈေးကွက်တစ်ခုဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် အမေရိကန်နိုင်ငံက ကန့်သတ်ချက်များ လျှော့ချလိုက်သည့်အချိန်တွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပထမဆုံးဈေးကွက်ဝန်ဆောင်မှုများ ပြုလုပ်ခဲ့သည်မှာ ဒဗလျူပီပီဂရု(ပ်)ဖြစ်သည်။ ကမ္ဘာကျော်ကုန်ပစ္စည်းအမှတ်တံဆိပ်များ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ လွန်ခဲ့သည့်နှစ် ၂၀ ခန့်က မြန်မာနိုင်ငံမှ ထွက်ခွာသွားသည့် ဟယ်နီကန်ဘီယာကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ပြန်လည်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

**ထို့ပြင် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများတွင် သုံးပုံတစ်ပုံနီးပါးရှိသည်။ ဖုန်းဆင်းကတ်အသုံးပြုသူမှာ ၂၀၁၂ ခုနှစ်တွင် တစ်သိန်းနီးပါးမျှသာရှိခဲ့ရာ ယနေ့အချိန်တွင် ၁၈ သန်းကျော်ရှိမည်ဟု ရိုက်တာသတင်းဌာနက ခန့်မှန်းထားသည်။ မိုဘိုင်းဖုန်းအသုံးပြုမှုမှာ ၂၀၁၆ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိလာမည်ဟု မျှော်လင့်ရသည်။ နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှု နှင့် အတိုင်ပင်ခံ ကုမ္ပဏီတစ်ခုဖြစ်သည့် မက်ကင်ဆေးက မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ၄င်း၏ဂျီဒီပီလေးဆတိုးတက်လာပြီး ဒေါ်လာဘီလီယံ ၂၀၀ ကျော်ရှိလာမည်ဟု ပြောကြားသည်။**

နိုင်ငံရေးအရ ဆတ်ဆတ်ထိမခံ ထိလွယ်ရှလွယ်ရှိသည့် ကျူးဘားနိုင်ငံသည် နိုင်ငံအကျယ်အဝန်းနှင့် ဈေးကွက်အရ မြန်မာနှင့် အီရန်နိုင်ငံတို့လောက် မကြီးမားသော်လည်း နိုင်ငံတကာကော်ပိုရေးရှင်းများနှင့် ကုန်အမှတ်တံဆိပ်များကို အထူးဆွဲဆောင်လျက်ရှိသည်။ သမ္မတအိုဘားမားက ဇူလိုင် ၁ ရက်တွင် အမေရိကန်နှင့် ကျူးဘားနိုင်ငံတို့ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ကျူးဘားနိုင်ငံပိုင် ပါလ်ကိုဂရု(ပ်)နှင့် ဒဗလျူပီပီတို့သည် ဟာဗားနားမြို့တွင် စီမံခန့်ခွဲရေးလုပ်ငန်းများလုပ်ဆောင်ရန် လက်မှတ်ရေးထိုးခဲ့သည်။

ကျူးဘားနိုင်ငံသည် ဈေးကွက်အခြေပြုစီးပွားရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အမေရိကန်နှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်းတို့ကြောင့် ဥရောပနှင့်တရုတ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိကြသည်။ စပိန်၊ ပြင်သစ်၊ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များသည် မကြာသေးမီက ကျူးဘားနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး စီးပွားရေးဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ကျူးဘားသမ္မတ ရာအူးကက်စထရိုသည် ၂၀၀၈ ခုနှစ်တွင် အာဏာရရှိခဲ့ပြီးနောက် အမျိုးသားစီးပွားရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ကျူးဘားနိုင်ငံသည် ယင်း၏ပထဝီဝင်အနေအထားအရ လက်တင်အမေရိကဈေးကွက်တိုးချဲ့ရေးအတွက် အရေးပါသောနေရာတွင် တည်ရှိနေပြီး စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့် အလားအလာများ ကောင်းမွန်လျက်ရှိသည်။

**နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှုနှင့် အတိုင်ပင်ခံကုမ္ပဏီတစ်ခုဖြစ်သည့် မက်ကင်ဆေးက မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ၄င်း၏ဂျီဒီပီလေးဆတိုးတက်လာပြီး ဒေါ်လာဘီလီယံ ၂၀၀ ကျော်ရှိလာမည်ဟု ပြောကြားသည်**

# ဖူကူအိုကာရှေးဟောင်းအမွေအနှစ်အထိမ်းအမှတ်နေရာကို ယူနက်စကိုယဉ်ကျေးမှုစာရင်းတွင်ထည့်ရန်ရွေးချယ်ထား

**တိုကျို ဇူလိုင် ၂၉**

ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ ဖူကူအိုကာစီရင်စုနယ်တွင် တည်ရှိသော ရှေးဟောင်းယဉ်ကျေးမှုအထိမ်းအမှတ်ဖြင့် စောင့်ရှောက်ထားသော ဒေသကိုလာမည့် ၂၀၁၇ ခုနှစ်တွင်ယူနက်စကိုမှ ပြုလုပ်မည့် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ဂျပန်နိုင်ငံက ရွေးချယ်ခဲ့သည်။

လာမည့် ၂၀၁၇ နွေရာသီတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီကစိစစ်ပေးသွားမည်ဖြစ်သည့် အစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် အစိုးရမှ မူနာကာတာ - အိုကီနိုရှီးမား အဆောက်အအုံများရှိရာ နေရာဒေသကို အထိမ်းအမှတ်အဖြစ် ယူနက်စကိုသို့ အကြံပြုပေးအပ်သွားမည်ဟုဆိုသည်။ အထိမ်းအမှတ်ဖြစ်သည့် အဆောက်အအုံနေရာသည် အိုကီနိုရှီးမား ကျွန်းတွင်ရှိကာ ကိုရီးယားကျွန်းဆွယ်နှင့် ကျူးရှူးသို့ သွားရာကြားတွင် တည်ရှိပြီး ဂျပန်နိုင်ငံ၏ အဓိက ကျွန်းလေးကျွန်းတွင် တစ်ကျွန်းပါဝင်သည့်နေရာတွင် ဖြစ်သည်။ ကျွန်းတွင် အိုကီဆုမီယာ့ အထွတ်အမြတ် ထားရာနတ်ကျွန်း ဗိမာန်တည်ထားကာ လေးရာစုမှ ကိုးရာစုထိတိုင် ဂျပန်လူမျိုးများ အာရှတွင်အောင် မြင်စေရေးအတွက် ဆုတောင်းဝတ်ပြု ကြရာ ဓလေ့ထုံးတမ်းအဖြစ်တည်ရှိခဲ့သည့်နေရာတစ်ခုဖြစ်သည်။ ကျွန်းပေါ်မှ ပစ္စည်းအမျိုးအစားပေါင်း ၈၀၀၀၀ ခန့် တူးဖော်ရရှိထားပြီး ကိုရီးယား ကျွန်းဆွယ်ပေါ်တွင် ပြုလုပ်သော ရွှေလက်စွပ်ကွင်းအပါအဝင် ယခုအီရန်ဟုခေါ်ဆိုပြီး (ယခင်ပါးရှား) ခေါ်သည့် အရပ်ဒေသမှ ဖြတ်မှန်များကိုပါ တွေ့ရှိရကာ နိုင်ငံအတွက် အဖိုးထိုက်တန်သောအရာများ အဖြစ်သတ်မှတ်ထားသည်။

သက်ဆိုင်ရာ ဒေသခံအရာရှိတစ်ဦးကလည်း ယခုကျွန်းကို ယူနက်စကိုမှပြုလုပ်သော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းရန်အတွက်သင့်တော်ပြီး ဘာသာရေးကိုးကွယ်မှုဆိုင်ရာ အစဉ်အလာရှိခဲ့သည့်အလျောက် ယခုထိတိုင် နိုင်ငံကို ကိုယ်စားပြုတည်ရှိရန်ရှားပါးကြောင်း ပြောကြားခဲ့သည်။ ထိန်းသိမ်းစောင့်ရှောက်ထားသော အထိမ်းအမှတ်နေရာတွင် Munakata Taisha အထွတ်အမြတ်ဆင်ယင်



ထားသော အဆောက်အအုံနှင့်တကွ ကျူးရှူး မြောက်ဘက်ပိုင်းထိပ်ရှိ ရှေးဟောင်းဂူသင်္ချိုင်းတို့လည်း ပါဝင်သည်။ ဥုလအစောပိုင်းက ယူနက်စကိုစာရင်းတွင် မေဂျီခေတ်စက်မှုတော်လှန်ရေးဒေသများကိုလည်း ထည့်သွင်းထားခဲ့ပြီး ယခုအခါ ဂျပန်နိုင်ငံတွင် ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဒေသ စုစုပေါင်း ၁၅ နေရာရှိလာခဲ့ပြီဖြစ်ကြောင်းသိရသည်။ **(ကျိုဒို)**

# ဒေသအတွင်း သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော တာဝန်သိခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်ရေး ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်




**နေပြည်တော် ဇူလိုင် ၂၉**

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်(အက်မက်စ်) ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက မြန်မာနိုင်ငံသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်တွင် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှုသည် ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့ပြီး ဒေသအတွင်း ဖွံ့ဖြိုးမှုကွာခြားချက်ကျဉ်းမြောင်းစေရန်နှင့် စီးပွားရေးပေါင်းစည်းမှုကို အရှိန်အဟုန်မြှင့်တင်ရန်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

အလားတူ အက်မက်စ်ပူးပေါင်းဆောင်ရွက်ရေးသည် ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး စတင်ကျင်းပခြင်းနှင့်အတူ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ အက်မက်စ်အဖွဲ့ကြီးကို စတင်ထူထောင်သည့် အဓိကရည်မှန်းချက်များမှာ အိမ်နီးချင်းကောင်းဖြစ်လာစေရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုအားကောင်းလာစေရေး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း တည်ထောင်မှုနှင့် နောက်ပိုင်းကာလများအတွက် အထောက်အကူပြုရေး၊ အဖွဲ့ဝင်နိုင်ငံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးတို့ ဖြစ်ပါကြောင်း၊ မိမိတို့ငါးနိုင်ငံ၏ နယ်စပ်ဒေသများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်များအဖြစ် အသွင်ပြောင်းနိုင်ရေး၊ လူမှုရေးဆိုင်ရာ တိုးတက်မှုများရရှိစေရေး၊ ရရှိလာသည့်အကျိုးစီးပွားများ မျှဝေခံစားရေးတို့ကို အဓိကဦးတည်ဆောင်ရွက်ရန်လည်း ဖြစ်ပါကြောင်း။

စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်နိုင်ငံများသည် ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူနေမှုဘဝပုံစံများတွင် အလွန်ဆင်တူမှုရှိပါကြောင်း၊ ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မိမိတို့နိုင်ငံများ၏ ပြည်သူများအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ အမြင့်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန် တူညီသောအမြင်များလည်း ရှိပါကြောင်း။

အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ချီတက်ရမည့် ခြေလှမ်းများအတွက် အဖိုးတန်သော အခွင့်အလမ်းများ လက်ဝယ်ရရှိနေပြီ ဖြစ်ပါကြောင်း၊ (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေးတွင် ထုတ်ပြန်သည့် နေပြည်တော်ကြေညာချက်အတိုင်း နိုင်ငံ့ခေါင်းဆောင်များသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အစီအစဉ် ၂၀၁၆-၂၀၁၈ ကို အတည်ပြုခဲ့ကြပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ အကျိုးစီးပွားအတွက် တစ်ဦးချင်းဖြင့် လည်းကောင်း၊ နှစ်နိုင်ငံချင်းဖြင့် လည်းကောင်း၊ စုရုံးပေါင်းစည်း၍ သော်လည်းကောင်း စွမ်းအားများကို နှစ်ဆစိုက်ထုတ်၍ ထိရောက်စွာ ဆက်လက်အကောင်အထည်ဖော်သွားကြရန် သဘောတူခဲ့ကြပါကြောင်း။

အက်မက်စ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ရေး အထူးဦးစားပေးကဏ္ဍ (၈)ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သော ခရီးသွားလုပ်ငန်းဆိုင်ရာ ကနဦးဆောင်ရွက်မှုများဖြစ်သည့် အက်မက်စ်နိုင်ငံများအကြား နိုင်ငံဖြတ်ကျော်ခရီးသွားလာမှု မြှင့်တင်ရေး၊ အဖွဲ့ဝင်ငါးနိုင်ငံကို တစ်ခုတည်းသောခရီးစဉ်ဒေသအဖြစ် ဖော်ဆောင်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေး၊ အထူးသဖြင့် ဗီဇာနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ရေးကဲ့သို့ ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အပံ့များမြှင့်တင်ပေးရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေကြသူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးရေး၊ အက်မက်စ်ဒေသအတွင်း သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော တာဝန်သိခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရေးတို့ကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုအရ ခရီးသွားလုပ်ငန်း ဆက်စပ်လုပ်ငန်းစဉ်အချို့ဖြစ်သည့် ပုဂံ-ချင်းမိုင်-လောင်ပရာဘန်-ဗီယင်ကျန်း-ဆီယမ်ရိ-ဟွေးခရီးသွား စကြိုသစ်များဖွံ့ဖြိုးရေး၊ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း၊ ဒေသခွဲအတွင်း ပေါင်းစည်းဆက်သွယ်မှုမြှင့်တင်ရေး၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသည်များ ဘေးကင်းလုံခြုံရေးနှင့် ခရီးစဉ်ဒေသများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးတို့ ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား **တစ်ခုတည်းသော ဗီဇာစနစ်** ကျင့်သုံးအကောင်အထည်ဖော်ရေးသည် အထူးအာရုံစိုက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများနှင့် ခရီးဝေးဈေးကွက်များမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိရေးကို များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသခွဲ၏ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ တာဝန်သိခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကတိကဝတ်ပြုမှုများအတွက် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ခရီးသွားလုပ်ငန်းဝန်ကြီးများကို ဝမ်းမြောက်ဂုဏ်ပြုကြောင်း၊ တစ်ဆက်တည်းမှာ မိမိတို့အချင်းချင်းသည်လည်းကောင်း ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ ကမ္ဘာ့အချိတ်အဆက်များနှင့် လည်းကောင်း ပူးပေါင်းဆက်သွယ်ဆောင်ရွက်မှု တိုးမြှင့်သွားကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း၊ ယခု နေပြည်တော်တွင် ပြုလုပ်သည့် နှစ်ရက်တာ အစည်းအဝေးများမှတစ်ဆင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးဆုံးဖြတ်ချက်များနှင့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)နှင့် ဒုတိယအကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် (အက်မက်စ်)ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ဟိုတယ် အေစီအီး ရာမညခန်းမ၌ ဆက်လက်ကျင်းပရာ (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်သည့် နေပြည်တော်ကြေညာချက်၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း စီမံချက် (၂၀၁၃-၂၀၁၅) ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း စီမံချက် (၂၀၁၆-၂၀၁၈)အပေါ် ဆွေးနွေးခြင်းနှင့် အဆိုပါလုပ်ငန်းစီမံချက်ပါ ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# UMFCCI နှင့် ညီနောင်အသင်းများက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများနှင့် လုပ်ငန်းရှင်များက နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာနှင့် ပစ္စည်းတန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၂၃၀ ကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အသင်းချုပ်၌ ထောက်ပံ့လှူဒါန်းကြသည်။

အဆိုပါ ထောက်ပံ့လှူဒါန်းမှုနှင့်စပ်လျဉ်း၍ UMFCCI အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က "အသင်းချုပ်ရဲ့ နာယကနဲ့တိုင်ပင်ညှိနှိုင်းပြီး လိုအပ်တာတွေကို အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နေ့ချင်းပြီး ထောက်ပံ့လှူဒါန်းဆောင်ရွက်တာဖြစ်ပါတယ်။ ဖုန်းနဲ့အကြောင်းကြားလိုက်တာနဲ့ လုပ်ငန်းရှင် ညီနောင်အသင်းတွေက စေတနာမေတ္တာနဲ့ လှူဒါန်းကြတဲ့အတွက် ဒီနေ့ စုပေါင်းလှူဒါန်းပွဲ လုပ်ဖြစ်သွားတာပါ။ အခုလတ်တလော ရေဘေးသင့်တဲ့ နေရာအားလုံးကို ကူညီလှူဒါန်းသွားမှာဖြစ်ပါတယ်။ ထပ်ပြီးတော့ လှူဒါန်းမယ့် အလှူရှင်တွေရှိပါသေးတယ်။ အလှူငွေ လက်ခံဆောင်ရွက်ဖို့ ရုံးခန်းဖွင့်လှစ်ပါမယ်။ လှူဒါန်းလိုတဲ့ ပြည်သူများသိရှိအောင် အချက်အလက်တွေကို မီဒီယာကတစ်ဆင့် အကုန်လုံးအသိပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်မှ စီနီယာမန်နေဂျင်းဒါရိုက်တာ ဦးညိုမြင့်က "ဒီနှစ်မှာ မမျှော်လင့်ဘဲ ရေဘေးဒုက္ခနဲ့ကြုံတွေ့ရတဲ့ ကောလင်း၊ ဝန်းသို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချပ်သင်း၊ ဘုတလင်မြို့တွေရယ်၊ အခုဆိုရင် ကချင်ပြည်နယ် မိုးကောင်းပါ ပါတာပေါ့၊ အရင်အပတ်က သိသိချင်း ငွေကျပ်သိန်း ၂၀၀၀ စတင်လှူဒါန်းခဲ့ပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှာ ဆောင်ရွက်နေတဲ့ သွေးမေတ္တာ သွေးလှူရှင်များအဖွဲ့ကို ငွေကျပ်သိန်း ၃၀၀ ထပ်မံလှူဒါန်းပါတယ်၊ သူတို့တစ်တွေလည်း အဲဒီမှာ ရေဘေးဒုက္ခသည်တွေကို ကူညီဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ကမ္ဘောဇဘဏ်ခွဲတွေက မြန်မာနိုင်ငံတစ်ပြည်လုံး အနှံ့အပြားမှာရှိတဲ့အတွက် ရေဘေးကယ်ဆယ်ရေးစခန်းတွေမှာရှိတဲ့သူတွေကို ကျွန်တော်တို့ ဝန်ထမ်းတွေက ချက်ပြုတ်ပြီး ထမင်းထုပ်ဝေငှလှူဒါန်းသလို လိုအပ်တဲ့အကူအညီတွေကိုလည်း ပေးနေပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်း ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့်ပြည်သူများအတွက် အမျိုးသား သဘာဝဘေးကာကွယ် စောင့်ရှောက်ရေးဗဟိုကော်မတီ၏ စီမံမှုဖြင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးကို(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများ ဆက်လက် တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ယနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၉ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၇ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၂ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်လောင်း သုံးဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၇၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၁၀ နှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၆ ဦး စုစုပေါင်း ၂၂၅ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၂၃ ပါတီနှင့် တစ်သီးပုဂ္ဂလ ၂၇ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။

အမည်စာရင်း တင်သွင်းမှုအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၌ဆောင်ရွက်မည့် UNHCR ၏ လုပ်ငန်းများတွင် လွှတ်တော်အပိုင်းက ပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးကိုကိုနိုင်နှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E.Mr. Andrew Patrick လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် UNHCR၏ လုပ်ငန်းများတွင် လွှတ်တော်အပိုင်းက ပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း UNHCR အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဩစတြေးလျဝန်ကြီးချုပ်ဟောင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျဝန်ကြီးချုပ်ဟောင်း နယူးယောက်မြို့အခြေစိုက် အာရှလူမှုအဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖွဲ့ဥက္ကဋ္ဌ Mr. Kevin Rudd ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ အပြန်အလှန်ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့် ကိုယ်စားလှယ်အဖွဲ့မှ ယနေ့မွန်းတည့် ၁၂ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လိင်အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လတ်တလောဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်အား တွေ့ဆုံမေးမြန်း

ရန်ကုန် ဇူလိုင် ၂၉

**မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းနှင့် တောင်ပေါ်ဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်အပေါ် လတ်တလောရာသီဥတုအခြေအနေကို မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်နှင့် အခုလို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ လတ်တလောဖြစ်ပေါ်နေတဲ့ မုန်တိုင်းငယ်ရဲ့ အခြေအနေကို ရှင်းပြပေးပါ။**

ဖြေ။ ။ မုန်တိုင်းငယ်က အရှေ့တောင်ဘက်ကို အနည်းငယ်ရွေ့လျားနေတယ်။ ရခိုင်ကမ်းရိုးတန်းမြောက်ဘက် မောင်တောဘက်ကို နည်းနည်းဦးတည်လာနေတယ်။ အရှေ့တောင်ဘက်ကို ရွေ့နေတာဆိုတော့ မုန်တိုင်းက ရေပေါ်နည်းနည်းရောက်လာတယ်။ ဒါကြောင့် မုန်တိုင်းအင်အား နည်းနည်းမြင့်တက်နေတယ်။ ရေပေါ်မြင့်တက်လာမှုက မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်။ မုန်တိုင်းရဲ့ သွားရာလမ်းကြောနဲ့ ပတ်သက်၍ သင်္ချာပုံစံကိုသုံးပြီး ခန့်မှန်းတဲ့ခန့်မှန်းချက်တွေအားလုံးက ရခိုင်ကမ်းရိုးတန်းကို မဖြတ်နိုင်ဘူး။ အစမှာတော့ အရှေ့တောင်ဘက်ကို နည်းနည်းဆင်းမယ်။ ဒါပေမယ့် နောက်ထပ် ၂၄ နာရီမှ ၃၆ နာရီအတွင်း မုန်တိုင်းက အနောက်၊ အနောက်မြောက်ယွန်းယွန်းကို ရွေ့မယ်။ ပြီးရင် ဩဂုတ်လဆန်း ၁ ရက် သို့မဟုတ် ၂ ရက်လောက်မှာ အိန္ဒိယနိုင်ငံရဲ့ အရှေ့မြောက်ကမ်းခြေကို ဖြတ်သန်းသွားမယ်လို့ လောလောဆယ် ခန့်မှန်းထားပါတယ်။ ဒါပေမယ့် အရှေ့တောင်ဘက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ကို နည်းနည်းချဉ်းကပ်လာတဲ့အတွက် မုန်တိုင်းသတင်းအဖြစ်သာ သတ်မှတ်ပြီး ထုတ်ပြန်ထားခဲ့ပေမယ့် အခုအဆင့်မှာတော့ မုန်တိုင်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါတယ်။

**မေး။ ။ ဒီမုန်တိုင်းငယ်ရဲ့ ဖြစ်စဉ်ကြောင့်သက်ရောက်မှုရှိနိုင်တဲ့ ဒေသနဲ့အခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ မုန်တိုင်းက ရေပြင်ပေါ်ကိုဆင်းလာပြီး အားပိုကောင်းလာတဲ့အတွက် ဘင်္ဂလားပင်လယ်အော်ထဲမှာရှိတဲ့ မုတ်သုံလေကို ပိုပြီးအားကောင်းလာစေတယ်။ ဒါကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်လုံးမှာ ဒီကနေ့စပြီး နောက်ထပ် ၃၆ နာရီအတွင်း မိုးပျံ့ပျံ့နှံ့နှံ့ရွာမယ်။

*စာမျက်နှာ ၈ ကော်လံ ၁*

# မဲပေးခြင်းဆိုင်ရာ အသိပညာများနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာကျော်မင်းသမီး မစ္စ အင်ဂျလီနာ ဂျိုလီပစ်ရောက်ရှိ

ခင်ရတနာ

**နေပြည်တော် ဇူလိုင် ၂၉**

"မြန်မာနိုင်ငံကို ရောက်ရှိပြီး လူတွေအများကြီးနဲ့ တွေ့ဆုံခွင့်ရမှာမို့ ပျော်ရွှင်မိပါတယ်။ UNHCR နဲ့ ပူးပေါင်းပြီး အကူအညီပေးမှုတွေလည်း လုပ်ဆောင်သွားဖို့ရှိတယ်။ ပထမဆုံးအကြိမ် ရောက်ရှိတာမို့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဘာမှ မပြောလိုသေးပါဘူး။ မနက်ဖြန်က စပြီး နေရာအချို့ကို သွားရောက်မယ်။ နိုင်ငံသားတွေနဲ့ ဆက်လက်တွေ့ဆုံသွားဖို့ရှိတယ်"ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ်က ဖြေကြားသည်။



ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာ ဂျိုလီပစ် နေပြည်တော်လေဆိပ်သို့ ရောက်ရှိစဉ်။

ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်နှင့် လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးဖြစ်သူ၊ ကုလသမဂ္ဂ အထူးသံတမန် မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ယနေ့ နံနက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ နေပြည်တော်သို့ ရောက်ရှိလာခဲ့ပြီး နိုင်ငံတော်သမ္မတအပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး ပဋိပက္ခများဖြစ် ပေါ်ခြင်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံအတွင်းရှိ အနာဂတ် အရေးကိစ္စများအတွက် လေ့လာမှုများနှင့် ပြည်သူများအားတွေ့ဆုံမှုများ ပြုလုပ်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မက အမျိုးသမီးအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ ရွှေ့ပြောင်းနေကြရတဲ့ လူငယ်တွေနဲ့ တွေ့ဆုံခွင့်ရဖို့ အဓိကလာရောက်ရခြင်းဖြစ်ပါတယ်။ အနာဂတ် မြန်မာနိုင်ငံမှာ သူတို့နဲ့ဆက်စပ်ပြီး ပိုမိုကောင်းမွန်တဲ့ မျှော်လင့်ချက်တွေအတွက် သူတို့တစ်တွေကို တွေ့ဆုံပြီး လိုအပ်တဲ့ အကြံဉာဏ်တွေ ပေးချင်တယ်။ နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာ ပြည်သူတွေနဲ့ အားလုံးသော အဆင်မပြေသူတွေအတွက် ဒီမိုကရေစီဖော်ဆောင်နိုင်အောင် လေ့ကျင့်ပေးနိုင်ဖို့နဲ့ အေးချမ်းတဲ့ အနာဂတ်အတွက် အခြေခံကျတာတွေကိုနားလည်အောင် အကူအညီတွေ ပေးအပ်သွားဖို့ရှိပါတယ်"ဟု မစ္စ အင်ဂျလီနာ ဂျိုလီပစ်က ပြောကြားသည်။

ဂျိုလီ၏ မြန်မာနိုင်ငံခရီးစဉ်အဖြစ် ဇူလိုင် ၃၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်မည်ဖြစ်ပြီး ဇူလိုင် ၃၁ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်းများသို့ သွားရောက်မည့်အပြင် မြစ်ကြီးနားမြို့ရှိ ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား အကာအကွယ်ပေးမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံရန်ရှိကြောင်း သိရသည်။

ထို့နောက် ဇူလိုင် ၃၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံမည်ဖြစ်ကာ ဩဂုတ် ၁ ရက်တွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခြင်းနှင့် ညနေပိုင်းတွင် ဗြိတိန်သံအမတ်ကြီး၏ နေအိမ်သို့ သွားရောက် လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ဟောလီးဝုဒ်မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပြီး ၂၀၀၀ပြည့်နှစ်တွင် ပြည်တွင်းစစ်ဒဏ်ခံစားခဲ့ရသော ကမ္ဘောဒီးယားနိုင်ငံသို့ **Lara Croft: Tomb Raider** ဇာတ်ကားရိုက်ကူးရန်အတွက် ရောက်ရှိခဲ့ချိန်မှစတင်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များကို စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစတင်ကာ နိုင်ငံအသီးသီးရှိ ဒုက္ခသည်စခန်းများသို့ လှည့်လည်သွားရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ဒုက္ခသည်များဆိုင်ရာ ချစ်ကြည်ရေး သံအမတ်အဖြစ် ခန့်အပ်ခံရသည်။ ၂၀၁၂ခုနှစ်တွင် မဟာမင်းကြီး အန်တိုနီယိုဂုတားရက်စ်က ဂျိုလီပစ်အား သူ၏ အထူးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။

ဂျိုလီပစ်သည် စွန့်ပစ်ခံကလေးငယ် သုံးဦးအား သားသမီးအရင်းများနှင့်မခြား ပြုစုစောင့်ရှောက်ထားလျက်ရှိပြီး ပထမဆုံး မွေးစားကလေး မက်ဒေါ့စ်မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ မိဘမဲ့ဂေဟာတစ်ခုမှဖြစ်သည်။ အခြား ကမ္ဘောဒီးယားတစ်ဦးနှင့် အာဖရိကတိုက် အီသီယိုးပီးယားနိုင်ငံမှ ကလေးငယ်တစ်ဦးကိုလည်း မွေးစားခဲ့သူဖြစ်သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှထုတ်ပြန်သည့် အချက်အလက်များအရ ကမ္ဘာပေါ်တွင် စစ်ပွဲများနှင့် ပဋိပက္ခများကြောင့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသော ဒုက္ခသည်အရေအတွက်မှာ သန်း ၅၀ကျော်ရှိပြီး ဇွန် ၂၀ ရက်ကို ကမ္ဘာ့ဒုက္ခသည်များနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းတွင် အားပေးကူညီမှုများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဂျိုလီက သူ့အတွက် လုံခြုံရေးအစီအစဉ်တွေကိုတောင် မနည်းယူပေးနေရတာပါ။ သူ့ရဲ့သဘောက လွတ်လွတ်လပ်လပ်နဲ့ မြန်မာပြည်သူတွေကို တွေ့ဆုံလိုတာဖြစ်ပါတယ်။ သူတွေ့မြင်ခဲ့ရသမျှကို UNHCR ကို တင်ပြအစီရင်ခံမှာဖြစ်သလို သူတတ်စွမ်းသမျှနဲ့လည်း စိတ်ဓာတ်ရေးရာအရ အကူအညီတွေ ပေးအပ်သွားမှာဖြစ်ပါတယ်။ ခရီးစဉ်အသေးစိတ်ကိုတော့ တာဝန်ယူဖိတ်ကြားတဲ့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံးနဲ့ UNHCR တို့က စီစဉ်ပေးမှာဖြစ်ပြီး သူ့ရဲ့ကိုယ်ပိုင်အစီအစဉ်နဲ့ လေ့လာရေးတွေလည်း ပါဝင်ပါတယ်"ဟု ဗြိတိန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့က ဂျိုလီသွားမယ့် ခရီးစဉ်မှာကြိုစောင့်နေမှာပါ။ သူနဲ့ စခန်းကလူတွေ တွေ့ဆုံနိုင်အောင် စီစဉ်ပေးဖို့ ရှိပါတယ်။ သက်ဆိုင်ရာဒေသခံတွေကလည်း ဂျိုလီလာရောက်မယ်ဆိုတာကြောင့် ပျော်ရွှင်နေကြပါတယ်။ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးလည်းဖြစ်ပြီး လူသားဆန်လှတဲ့ သူ့ကို အားလုံးက မျှော်လင့်နေကြပါတယ်။ အားနည်းသူတွေအတွက် ဂျိုလီရဲ့ အားပေးမှုက အကျိုးကျေးဇူးများစွာ ရရှိစေမှာဖြစ်ပါတယ်"ဟု UNHCR မှ ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ဖုန်းဖြင့်ဖြေကြားသည်။

မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ခရီးစဉ်ကာလအတွင်း ရွေးကောက်ပွဲတွင် ပြည်သူအားလုံး တက်ကြွစွာ ပါဝင်ကြစေရန်၊ မဲပေးသူများအတွက် Voter Education များပေးအပ်ရန်နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာများ၊ လူ့အခွင့်အရေးနှင့် ဒုက္ခသည်များဆိုင်ရာ ကူညီမှုများပေးအပ်ရန်အတွက်ဖြစ်ကြောင်း ဗြိတိန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ဂျိုလီပစ်သည် ၂၀၀၉ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ထိုင်း-မြန်မာနယ်စပ်ရှိ ကရင်ဒုက္ခသည်စခန်းများသို့လည်း သွားရောက်ကာ စိတ်ဓာတ်ရေးရာ အားပေးမှုများနှင့် သူတတ်စွမ်းသမျှ ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။ မြန်မာနိုင်ငံသို့ ယခုအကြိမ်လာရောက်ခြင်းမှာ ၄င်း၏ တရားဝင် ပထမဆုံးအကြိမ် ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး(ပဏ္ဍိတ)

*စာမျက်နှာ ၇ မှ*

မိုးသည်းထန်မယ်၊ လောလောဆယ် အထူး သတိပြုဖို့ လိုအပ်တဲ့ ဒေသကတော့ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တို့ဖြစ်တယ်၊ အဲဒီဒေသတွေမှာ ၂၄ နာရီ အတွင်း မိုးရေချိန် ခြောက်လက်မကနေ ရှစ်လက်မလောက်အထိ ရွာနိုင်တဲ့အနေအထားရှိတယ်၊ ဒါကြောင့် ကုန်းပေါ်မှာ မိုးသည်းထန်စွာ ရွာသွန်းမယ်၊ နေရာကွက်ပြီး မိုးကြီးမယ်၊ ပင်လယ်ပြင်မှာဆိုရင်တော့ လေပြင်းတွေတိုက်ပြီး လှိုင်းကြီးမယ်။ ဒါတွေက ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်မှာ အနည်းဆုံး ၃၆ နာရီအတွင်း ကြုံတွေ့နိုင်တဲ့ အနေအထားတွေပါ၊ ရခိုင်ကမ်းရိုးတန်း တစ်ခုလုံးနဲ့ ချင်းပြည်နယ်ကုန်းတွင်းပိုင်းဒေသ တချို့အထိ အကျိုးသက်ရောက်မှုရှိနိုင်တဲ့အတွက် သတိပြုဖို့လိုတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း စတဲ့ ဒေသတွေမှာ မိုးကြီးရင်ဖြစ်တတ်တဲ့သဘာဝဘေးတွေရှိတယ်၊ မိုးသည်းထန်စွာရွာသွန်းရင် မြေပြိုကျခြင်းနဲ့ လျှပ်တစ်ပြက်ရေကြီးမှုတွေကို အထူးဂရုစိုက်ဖို့လိုတယ်။ ပိုပြီးတော့ သတိထားရမယ့် အချက်တစ်ခုကတော့ ရေဖုံးလွှမ်းမှုခံနေရတဲ့နေရာတွေမှာ ရေပိုတိုးလာနိုင်တယ်။ ကြိုတင်ကာကွယ်တားဆီးမှုတွေ လုပ်ထားဖို့လိုအပ်ပါတယ်။

**မေး။ ။ဒီနှစ် ရာသီဥတုအခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ဒီနှစ်က အယ်လ်နီညိုရာသီဥတုဖြစ်တဲ့နှစ်ပါ။



မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာ ထွန်းလွင် တွေ့ဆုံမေးမြန်းမှုကို ဖြေကြားစဉ်။

အယ်လ်နီညိုရာသီဥတုဖြစ်တဲ့နှစ်ရဲ့ သဘာဝအရ ဆိုရင် မိုးနည်းရမယ်။ အပူချိန်က ပုံမှန်ထက် ပိုရမယ်။ လက်ရှိကြုံတွေ့နေရတာကတော့ အပူချိန်က ပုံမှန်ထက်ပိုတယ်။ ဒါပေမယ့် မိုးက မနည်းပါဘူး၊ မိုးကောင်းတဲ့နှစ်ဖြစ်နေတယ်၊ အယ်လ်နီညိုရာသီဥတုဖြစ်တဲ့အတွက်ကြောင့် အာရှတိုက်မှာရှိတဲ့ နိုင်ငံတွေကိုကြည့်ရင် နိုင်ငံအားလုံးပုံမှန်ထက် မိုးရေချိန် လျော့နည်းနေတာတွေ့ရတယ်၊ အယ်လ်နီညိုဖြစ်နေကျပုံစံနဲ့ မကိုက်ညီဘဲ မိုးများနေတာ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပဲရှိတယ်၊ မြန်မာနိုင်ငံမှာဆိုရင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာ မိုးအလွန်ကောင်းခဲ့တယ်၊ ကချင်ပြည်နယ်ဆိုရင် ဧရာဝတီရဲ့ မြစ်ဖျားပိုင်းဖြစ်သလို၊ စစ်ကိုင်းတိုင်းအထက်ပိုင်းဆိုရင်လည်း ချင်းတွင်းမြစ်ရဲ့ မြစ်ဖျားပိုင်းဖြစ်နေတော့ အဲဒီဒေသဝန်းကျင်က မြို့တွေ အရင်ဆုံးရေဖုံးလွှမ်းတယ်၊ တဖြည်းဖြည်းနဲ့ မြစ်အောက်ပိုင်းတွေမှာရှိတဲ့ မြို့တွေ ရေလွှမ်းမိုးမှုဖြစ်ခဲ့ရတာပါ၊ မိုးများတဲ့ ဒေသကိုကြည့်ရင် မြန်မာနိုင်ငံ မြောက်ပိုင်းတောင် ထူထပ်တဲ့ဒေသဖြစ်နေတယ်၊ အဲဒီဒေသတွေမှာ မိုးများရင် လျှပ်တစ်ပြက်ရေကြီးတာ ဖြစ်တတ်သလို တောင်ကျချောင်းတွေကလည်း ရေ ဒလဟောစီးဆင်းမှုတွေ ဖြစ်တတ်တယ်၊ အပူပိုင်းဒေသတွေမှာဆိုရင်လည်း ဆည်၊ တမံတွေများတော့ ဆည်ရေလျှံတာနဲ့ တာကျိုးမှုတွေဖြစ်တယ်၊ ဒါကြောင့် ရေလွှမ်းမိုးမှုတွေ ဖြစ်ခဲ့တာပါ။

**မေး။ ။အရင်တုန်းက အခုလို ရေကြီးမှုမျိုးတွေ ရှိခဲ့သလား ပြောပြပေးပါ။**

ဖြေ။ ။၂၀၀၄ ခုနှစ်တုန်းက စံချိန်တင် ရေကြီးမှုရှိခဲ့တယ်၊ အဲဒီတုန်းက မြစ်တွေထဲမှာပဲ ရေကြီးခဲ့တာပါ၊ မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့တွေပဲ ရေကြီးခဲ့တာ၊ ကုန်းတွင်းပိုင်း မြို့တွေ မပါခဲ့ဘူး၊ မြစ်တွေအားလုံးမှာရှိတဲ့ မိုးလေဝသနဲ့ဇလဗေဒစခန်းအားလုံးရဲ့ စိုးရိမ်ရေမှတ်ကို ကျော်ခဲ့တယ်၊ အရင်က သမိုင်းမှာ တစ်ခါမှ မရှိခဲ့ပါဘူး၊ အခု တက်နေတဲ့ရေက ၂၀၀၄ ခုနှစ်က တက်တဲ့ရေကို မြစ်ရေအနေနဲ့ မမီသေးပါဘူး၊ ဒါပေမယ့် ဧရိယာအနေနဲ့ကတော့ ကျော်သွားခဲ့ပါပြီ။

**မေး။ ။အခုရေလွှမ်းမိုးမှု ဒေသတွေ အပါအဝင် မြန်မာနိုင်ငံရဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းတွေအပေါ်ကို ပြောပြပေးပါ။**

ဖြေ။ ။နာဂစ်ပြီးခဲ့တဲ့အချိန်မှာ အစိုးရအနေနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့တယ်၊ ဒါ့အပြင် အစိုးရရုံးတွေမှာ သဘာဝဘေးအန္တရာယ် လုပ်ငန်းစီမံချက်ဆိုတာရှိတယ်၊ ဒါပေမယ့် အခုအချိန်မှာ အဲဒီ နှစ်ခုစလုံး Function မဖြစ်တာကို တွေ့နေရတယ်၊ ရေမြုပ်တဲ့ဒေသတွေမှာ စီမံချက်အတိုင်း ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ထားတာ သိပ်မတွေ့ရဘူး၊ ဒါ့ကြောင့်လည်း အမေရိကန်နိုင်ငံမှာရှိတဲ့ NOTRE DAME တက္ကသိုလ်က ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ရာသီဥတုပြောင်းလဲခြင်းနဲ့ သဘာဝဘေးအန္တရာယ်တွေကို ကြုံတွေ့နိုင်တဲ့ အနေအထား အနည်းအများကို ဆန်းစစ်ချက်လုပ်တဲ့အခါမှာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနဲ့ပတ်သက်ရင် မြန်မာနိုင်ငံက အောက်ဆုံး ၁၀ နိုင်ငံမှာ ပါနေတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့လုပ်နေတဲ့ အလုပ်တွေက သိပ်ပြီးစံမမီသေးပါဘူး၊ တကယ်ဆိုရင် မဖြစ်ခင်မှာ ကြိုတင်ကာကွယ်ရမှာပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆိုတာ တစ်ဦး တစ်ယောက်ကောင်း လုပ်လို့မရပါဘူး၊ အားလုံးပေါင်းပြီးလုပ်မှ အောင်မြင်မှာပါ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယ Army Base Workshop လှည့်လည်ကြည့်ရှု

နေပြည်တော် ဇူလိုင် ၂၉

**အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ တွင် အိန္ဒိယ တပ်မတော် လေယာဉ်များဖြင့် ပူနေးလေဆိပ်မှ ထွက်ခွာခဲ့ရာ နယူးဒေလီလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရောက်ရှိပြီး အိန္ဒိယတပ်မတော်လေမှ Air Vice Marshal Shouvik Roy နှင့် ဇနီး၊ တာဝန်ရှိသူများက ရင်းနှီးစွာ ကြိုဆိုသည်။**



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Delhi Cantoment ရှိ Army Base Workshop သို့ ရောက်ရှိကြပြီး Conference hall တွင် Army Base Workshop နှင့် ပတ်သက် သည့် သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် စွမ်းဆောင်နိုင်ရည်များအား တာဝန်ရှိသူတစ်ဦးက ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သိရှိလိုသည့် အချက်များကို မေးမြန်းပြီးနောက် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Army Base Workshop အတွင်း လှည့်လည်ကြည့်ရှုကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Information Management and Analysis Centre-IMAC Gurgaon သို့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး IMAC Gurgaon မှ Deputy Chief of Naval Staff Vice Admiral RKI'attanaik နှင့် အဖွဲ့ဝင်များက ကြိုဆိုသည်။

ဆက်လက်၍ Simulation ခန်းမတွင် ပင်လယ်ရေကြောင်းလုံခြုံရေးဆောင်ရွက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကာ Simulation နှင့် System ဆိုင်ရာများကို ကြည့်ရှုလေ့လာ၍ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိသည်။

ထို့နောက် Taj Palace ဟိုတယ် Oval Room တွင် Unique Identification Authority of Function က ရှင်းလင်းပြသသော Biometric System Presentation အား ကြည့်ရှုလေ့လာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုးသည့် Taj Palace ဟိုတယ်၌ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် ဇနီး၊ စစ်သံရုံးမှ စစ်သည်မိသားစုဝင်များ၊ သင်တန်းသားများအား လည်းကောင်း၊ ညနေပိုင်းတွင် သံရုံးညော့ခန်း၌ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များအားလည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံအမှာ စကားပြောကြားသည်။

**(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Unique Identification Authority of Function က ရှင်းလင်းပြသသော Biometric System Presentation ၌ သိရှိလိုသည်များ မေးမြန်းစဉ်။**

# ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် စီမံချက်များရေးဆွဲဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဟူဂိုဂျော့ ဝီလီယံဆွိုင်းနှင့်အဖွဲ့အား ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မစ္စတာ ဟူဂိုဂျော့ ဝီလီယံဆွိုင်းက မဲစာရင်းအမှားများနှင့်စပ်လျဉ်း၍ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲတွင် ပြည်သူလူထုမဲပေးနိုင်သည့် အခြေအနေ၊ နိုင်ငံခြားရောက်သူများ မဲပေးနိုင်မှုအခြေအနေ၊ မဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှုရေးနှင့် ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာရေးဆောင်ရွက်ထားမှု၊ မဲဆန္ဒရှင် ပညာပေးဆောင်ရွက်မှုအခြေအနေ၊ တပ်မတော်သားများအတွက် မဲရုံများဖွင့်လှစ်မည့်နေရာနှင့် မဲရုံသို့ကိုယ်တိုင်လာရောက် မဲပေးရန်လို မလို၊ အရန်ရဲ ၂၀၀၀၀ ကျော် ခန့်အပ်ခြင်းက ရွေးကောက်ပွဲလုံခြုံရေးအတွက် လုံလောက်မှု ရှိ မရှိ တို့ကို မေးမြန်းသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မှန်ကန်သော မဲစာရင်းရရန် အခြေခံမဲဆန္ဒရှင်စာရင်းပြုစု ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ မဲစာရင်းကြည့်ရှုရန် ကာလကန့်သတ်ချက်ကို ဇူလိုင် ၃၀ ရက်ထိ ရွှေ့ဆိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ မဲဆန္ဒရှင် ပညာပေးအနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတို့မှ သီချင်း၊ ဇာတ်လမ်း၊ ဆောင်းပါးတို့ဖြင့် အသိပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်တွင်းရှိ မဲရုံများသို့ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများ ဝင်ရောက်ခွင့်ပြုရန်နှင့် ဝင်ခွင့်မပြုနိုင်သော ဧရိယာများတွင် တပ်ပြင်ပ၌ မဲရုံဆောက်ရန် တပ်မတော်နှင့်ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့် ရှိသူမှအပ ကိုယ်တိုင်မဲရုံတွင် မဲပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် စီမံချက်များရေးဆွဲဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မုတ်သုံလေ ဆက်လက် အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၂၉**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေဆက်လက်အားကောင်းနေမည်။

**(မိုး/ဇလ)**

◆ *ကျော်ဖုံးမှ*

ကျန်မိသားစုငါးစုမှာ အိမ်ဆောက်၍ မနေနိုင်ခဲ့ကြဟုလည်း ၎င်းက ဆက်လက်ပြောပြသည်။

"ကျန်တဲ့သူတွေက အိမ်(တဲ) ငှားနေရတယ်။ ကိုယ့်ထက်ပိုက်ဆံရှိတဲ့လူတွေက တဲတွေဆောက်ပြီး ငှားစားကြတာ။ ကျူးကျော်တဲကိုတောင်မပိုင်ဘဲ ငှားနေကြရသူတွေ အများကြီးပါ။ စားဖို့အပြင် အိမ်လခ ဖိုးကိုပါ လစဉ်ပေးနိုင်အောင် အနိုင်နိုင်ရှာကြရတယ်"

ရွှေသံလွင်စက်မှုဇုန် ဧရာဝတီလမ်းတွင် ကျူးကျော်တဲပေါင်း ၃၀၀ ကျော်ရှိပြီး ငါးနှစ်အောက်ကလေးများ အပါအဝင်လူဦးရေ ၂၀၀၀ ကျော်ခန့် နေထိုင်ကြသည်။ နေ့စဉ် ဝမ်းရေးနှင့်လစဉ် အိမ်လခအတွက် ကြုံရာကျပန်းအလုပ်များကိုလုပ်ကိုင်ကြရသူများပီပီ ပညာရေး၊ ကျန်းမာရေးတို့ကို လျစ်လျူရှုထားကြရသည်။ မြေငှားခသာ ပေးရသည်ဆိုသော တဲအိမ်ကလေးကိုပိုင်ထားသည့် ကိုခင်စိုးသည်ပင်လျှင် ကျောင်းနေအရွယ် ကလေးလေးယောက်ကို ကျောင်းမထားနိုင်။ အဆက်မပြတ်ရှာသွန်းနေသည့် မိုးရာသီရက်များမှာ သူတို့မိသားစုအဖို့ နေ့စဉ်ဝမ်းရေးကမလွယ်။ သည်ကြားထဲ ဇနီးဖြစ်သူက တုပ်ကွေးဖြစ်နေသည်မှာ သုံးရက်ရှိပြီဟုလည်း ဆိုသည်။



ကျူးကျော်တဲများကို စက်ယန္တရား များဖြင့် ရှင်းလင်း ဖယ်ရှားစဉ်။

နာဂစ်မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့်သာမက အခြားသောကျေးလက် လူမှုစီးပွားဘဝများ နိမ့်ကျမှုတို့ကြောင့် ကိုခင်စိုးတို့မိသားစုများကဲ့သို့ပင် မြန်မာနိုင်ငံအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ရွှေ့ပြောင်းဝင်ရောက်လာသူများနှင့်ပါ လှိုင်သာယာ၏ကျူးကျော်ပြဿနာများ ပိုမိုကြီးထွားလာရခြင်းဖြစ်သည်။

လှိုင်သာယာတွင် အိမ်ခြံမြေများ ရောင်းချဝယ်ယူမှုများမှာ နာဂစ်နောက်ပိုင်း၂၀၀၈ နှစ်ကုန်တွင် လှုပ်လှုပ်



ဖျက်သူက ဖျက်သကဲ့သို့ ဆောက်လုပ်သူကလည်း ဆောက်လုပ်နေကြသည်။

ရှားရှားဖြစ်ခဲ့ကြပြီး ၂၀၀၉ ခုနှစ်တွင် ဂရန်အတု၊ ပိုင်ဆိုင်မှုအတုဖြင့် အိမ်ခြံမြေရောင်းဝယ်မှုများ ရှုပ်ထွေးခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ နိုင်ငံပိုင်မြေနှင့်ပလပ်မြေများ၊ စက်မှုဇုန်နှင့် ကုမ္ပဏီပိုင်မြေများ၊ လယ်ယာမြေများအား စီးပွားရေးသမားများကဝယ်ယူကာ အကွက်ရိုက်၍ ပြန်လည်ရောင်းချခြင်း၊ လယ်သမားနှင့် လယ်သိမ်းကုမ္ပဏီတို့ ပြဿနာဖြစ်ပွားခြင်း၊ မြေယာဈေးကောင်းလာမှုကြောင့် အုပ်စုဖွဲ့၍နည်းလမ်းမျိုးစုံဖြင့်မြေနေရာရယူကာ အရောင်းအဝယ်ပြုလုပ်ခြင်း၊ နိုင်ငံရေးပါတီအမည်ခံ၍ စည်ပင်ပိုင်မြေ၊ အိုးအိမ်ပိုင်မြေတို့ကို အကွက်ရိုက်ရောင်းစားခြင်း၊ အဖွဲ့အစည်းအချို့ကလည်း ဌာနပိုင်မြေ၊ ပလပ်မြေ၊ သင်းချိုင်းဟောင်းမြေပါမကျန် ကျောက်တိုင်နှင့် သံဆူးကြိုးခတ်ကာ မြေယာကျူးကျော် လက်လွှဲရောင်းချခြင်းတို့ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာကာ လှိုင်သာယာမြို့နယ်တွင် မြေယာပြဿနာသည် အမြစ်တွယ်ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။

မြေယာပြဿနာကိုတစ်ဖက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေရှင်းနေရသည့်နည်းတူ အခြားတစ်ဖက်တွင်လည်း ကျူးကျော်ဝင်ရောက်နေထိုင်မှုများအား ဌာနဆိုင်ရာများနှင့် ရဲတပ်ရင်းများပူးပေါင်းကာ လှိုင်သာယာမြို့နယ်၌ နှစ်ကြိမ်ရှင်းလင်းဆောင်ရွက်ခဲ့ရသည်။ နေရာတစ်နေရာတည်းကို နှစ်ကြိမ်ရှင်းလင်းခဲ့ရသည်မှာလည်း ထိုနေရာတွင် ကျူးကျော်နေထိုင်သူများမှာ တစ်အိမ်လျှင် တစ်လ ကျပ် ၁၀၀၀၀ ဖြင့် ဒဏ်ငွေဆောင်ရသည့်အတွက် ရပ်ကွက်ထဲတွင်အနည်းဆုံး ကျပ်သုံးသောင်းခွဲပေးနေရမှုမှ သက်သာသောကြောင့် ဒဏ်ကြေးကို ရင်ဆိုင်ကြခြင်းဖြစ်သည်ဟု ဆိုကြသည်။

မြေယာကျူးကျော်မှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူးက "ရပ်ကွက်/ကျေးရွာနဲ့ စက်မှုဇုန်တွေမှာကျူးကျော်နေထိုင်သူတွေကို စည်ပင်ဥပဒေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်သလို ကျူးဟောင်းတွေအတွက် မြို့နယ်မှာစည်ပင်တရားရုံးနဲ့ကျူးအသစ်အတွက်စည်ပင်ရဲအင်အား၊ ဝန်ထမ်းအင်အားတွေ လိုအပ်ပါတယ်။ လက်ရှိဒီမြို့နယ်ရဲ့ လူဦးရေ ၆၉၀၀၀၀ ကျော်မှာ ရဲအင်အားက ၁၈၈ ဦးပဲရှိတယ်။ ထိရောက်တဲ့ဥပဒေ ပြင်ဆင်ရေးဆွဲသင့်တယ်။ မြေယာကျူးကျော်မှုက တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေပါတယ်။ ဖြစ်နိုင်ရင် တောင်ဒဂုံ၊ မြောက်ဒဂုံလို လှိုင်သာယာကို တောင်/မြောက် ခွဲပြီး တာဝန်ယူရရင် လုပ်ကိုင်ရတာ အဆင်ပြေသွားမယ်လို့ထင်တယ်။ နိုင်ငံပိုင်မြေ၊ ဌာနပိုင်မြေ၊ စက်မှုဇုန်ပိုင်မြေနဲ့ ပလပ်မြေတွေမှာ မြေယာကျူးကျော်မှုတွေ ရှိနေမှာပါပဲ။ ထိရောက်တဲ့ဥပဒေနဲ့ အရေးယူဆောင်ရွက်နိုင်မှ အားလုံးပြေလည်သွားမှာပါ" ဟု ဆိုသည်။

လှိုင်သာယာမြို့နယ်တွင် နေရာပေါင်း ၆၀ ခန့်၌ အိမ်ထောင်စုပေါင်း ၇၀၀၀ ခန့် ကျူးကျော်နေထိုင်လျက်ရှိပြီး လူဦးရေ ၂၈၀၀၀၀ ခန့်နေထိုင်လျက်ရှိရာ ၎င်းတို့၏ဝင်ငွေနှင့်ထွက်ငွေမမျှတမှုကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍတို့ကို ထိခိုက်စေသည့်အပြင် မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေလျက်ရှိနေသည်။ မြို့နယ်အတွင်း ကျူးကျော်နေထိုင်မှုတိုးပွားလာခြင်းကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နေ့စဉ်ခြိမ်းခြောက်နေသည်ဟုလည်း တာဝန်ရှိသူတို့က ပြောကြားသည်။

လှိုင်သာယာတွင် ၁၉၈၆ ခုနှစ်မှစ၍ ရန်ကုန်မြို့တွင်းနှင့် မြို့နယ်အချို့ရှိ ကျူးကျော်နေထိုင်သူတို့ကို နိုင်ငံတော်မှ ပေ(၂၀×၆၀)၊ ဝန်ထမ်းများအတွက်ပေ(၄၀×၆၀) အကွက်များကို မြေဂရန်ပိုင်ဆိုင်မှုနှင့်နေရာချပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကသွားလာရေးခက်ခဲပြီး စီးပွားရေး အခွင့်အလမ်းနည်းပါးသော ရွှံ့ဗွက်တောထဲမှ လှိုင်သာယာမြေကွက်တစ်ကွက်၏သွင်းကြေးတန်ဖိုးမှာ ကျပ် ၂၀၀၀ သာဖြစ်သည်။ ရွှေပြည်သာတွင် ဝန်ထမ်းများအတွက် မြေတစ်ကွက် ကျပ် ၃၀၀၀ သွင်းရသည်။ လယ်မြေပေါ်တွင် မြို့သစ်တည်ခြင်းဖြစ်ရာ မနေလိုသူများက မြေတစ်ကွက်လျှင် ကျပ် ၅၀၀၀ ဖြင့်ရောင်း၍ အခြားမြို့နယ်များသို့ ပြောင်းရွှေ့သွားကြသည်။

ယနေ့တွင်မူ စီးပွားရေးအကွက် အကွင်းကောင်းသော မီးခွက်ဈေးအနီး ဗိုလ်အောင်ကျော် လမ်းပေါ်ရှိ အဆောက်အအုံပါသော ပေ(၂၀× ၆၀)မြေတစ်ကွက်၏ ဈေးနှုန်းမှာ ကျပ်သိန်း ၅၀၀၀ ပေးလျှင်ပင် ရောင်းချမည့်သူမရှိသည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ဇူလိုင်လ ၂၀ ရက်နေ့တွင် အမှတ်(၁၅)ရပ်ကွက် ရွှေလင်ပန်းချောင်းနံဘေးရှိ ကျူးကျော်နေထိုင်သူ အိမ်ထောင်စု ၄၈ စုအား လှိုင်သာယာမြို့နယ် စည်ပင် သာယာအုပ်ချုပ်ရေးမှူးရုံးက စည်ပင်သာယာဥပဒေ ပုဒ်မ(၆၉)ဖြင့် တရားစွဲဆိုရန်အတွက် စည်ပင်ရုံးသို့လာရန် အသိပေးအကြောင်းကြားစာကို ဇူလိုင်လ ၁၆ ရက်နေ့က ပေးပို့ခဲ့သောကြောင့် စဲလိုက်၊ သဲလိုက်ရွာနေသော မိုးထဲမှာပင် မြို့နယ်စည်ပင်သာယာရုံးသို့ သူတို့ လာရောက်ကြသည်ကို တွေ့ရသည်။

"၂၀၁၄ ခုနှစ်မှာ ဒီမှာရှိတဲ့ ၄၈ အိမ်ကို စည်ပင်သာယာက တရားစွဲဆိုတဲ့အတွက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ၄၅ အိမ်ကို ဒဏ်ငွေကျပ် ၁၀၀၀၀ စီ အမိန့်ချလို့ ဆောင်ခဲ့ပြီးပြီ။ အခု ဇူလိုင်လ ၂၀ ရက်နေ့မှာ မြို့နယ်စည်ပင်ကတရားစွဲတဲ့ အသိပေးစာနှစ်ကြိမ်ထပ်ပို့မယ်။ အထက်က တာဝန်ပေးလို့ ဆောင်ရွက်ရရင်လည်း နားလည်ပေးဖို့ ဒီနေ့ခေါ်တွေ့တာပါ။ နေ့တိုင်းအားလုံးက စိုးရိမ်စိတ်တွေ နဲ့နေရတာ။ တစ်နေ့တာ ဝမ်းရေးကို ကြိုးစားရုန်းကန်နေရတဲ့သူတွေဆိုတော့ ဟိုတစ်ခါလို လာဖျက်ရင်ဘယ်နေရာမှာ သွားနေရမှန်းမသိဘူး။ ကျောင်းသားတွေနဲ့၊ ပြီးတော့ မိုးရာသီမှာ ပြောင်းရွှေ့ဖို့ မလွယ်ဘူးဆိုပြီး အားလုံး စိတ်သောက ခံစားနေရတာပါ။ ဖျက်ရင်တော့ ဖယ်ပေးမှာပါ။ ကျွန်မတို့တွေ ဘယ်မြေမှ ရောင်းစားထားတာ မရှိပါဘူး။ ချောင်းဘေးမှာတဲထိုးပြီး စုနေကြတာပါ။ ထပ်ပြီး တိုးဆောက်တာလည်း မရှိပါဘူး။ အားလုံးစိတ်ထဲမှာ စိတ်မကောင်းဖြစ်တာက ချောင်းတစ်ဖက်ကမ်းစပ်မှာ ဆောက်နေကြတဲ့အိမ်တွေကို မဖျက်ဘဲ (၁၅)ရပ်ကွက် ဒီဘက်ကမ်းက ၄၈ လုံးကို ဘာကြောင့် ဖိအားပေးနေတာလဲဆိုပြီး တွေးမိတိုင်းခံစားနေကြရတယ်" ဟု လှိုင်သာယာ (၁၅)ရပ်ကွက် ရွှေလင်ပန်းချောင်းနံဘေးတွင် နေထိုင်ကြသော အိမ်ထောင်စု ၄၈ စု၏ခေါင်းဆောင် ဒေါ်အေးကြိုင်က ပြောသည်။

(၁၅)ရပ်ကွက်နှင့်ကပ်လျက် (၁၉)ရပ်ကွက် ရွှေလင်ပန်းချောင်းနံဘေးရှိ အိုးအိမ်မှ စည်ပင်သို့လွှဲထားသော မြေတွင်လည်း ပြဿနာများရှိနေခဲ့ပြီး အလုပ်သမားဆေးရုံဆောက်ရန် မြေနေရာအဖြစ် တာဝန်ရှိသူများက ရဲတပ်ရင်းဖြင့် အေးချမ်းစွာရှင်းလင်းနိုင်ခဲ့သော်လည်း နိုင်ငံရေးခုတုံးဖြင့် စီးပွားရေးလုပ်စားနေသော အုပ်စုတစ်ခုက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်နှစ်ဦးကို လေးခွဖြင့်ပစ်ခတ်သောကြောင့် ဒဏ်ရာရရှိသောဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ပန်းလှိုင်တံတားအောက်ရှိ နွံတောလတာပြင်တွင် အကွက်ရိုက်ကာ တဲများဆောက်၍ ကျပ်သုံးသိန်းဖြင့် ရောင်းစားသည်အထိ လှိုင်သာယာတွင် မြေယာကျူးကျော်ရောင်းချမှုဖြစ်ပွားခဲ့ပြီး ထိုပုဂ္ဂိုလ်များကို ဥပဒေအရ အရေးယူမှု ရှိ မရှိ ယနေ့ထိ မသိရသေးပေ။ ထို့အပြင် (၂၀) ရပ်ကွက်ရွှေလင်ပန်းချောင်းနံဘေးမှ လယ်မြေများကို အကွက်ချရောင်းချခြင်း၊ သချိုင်းမြေအား အကွက်ရိုက်ရောင်းချခြင်း၊ အုန်းတောဘုန်းကြီးကျောင်းရှေ့ ချောင်းနံဘေးမြေကွက်များအားအကွက်ရိုက်၍ ရောင်းချခြင်း၊ ပန်းလှိုင်မြစ်နံဘေးသဲကွင်းရှိ ဘုန်းကြီးကျောင်းနံဘေး လယ်ကွက်ကို အကွက်ရိုက်၍ရောင်းချခြင်း၊ ကျေးရွာအချို့တွင် မြေကွက်များရိုက်ကာ ရောင်းချထားခြင်းနှင့် ပလပ်မြေ၊ စည်ပင်၊ အိုးအိမ်ပိုင်မြေတို့တွင် ယာယီနေထိုင်ရာမှ အဆင့်ဆင့်လွှဲပြောင်းရောင်းချဆောက်လုပ်နေထိုင်ခြင်းတို့အပြင် မြို့တည်စက မြို့သစ်နေပြည်သူများ သောက်သုံးနိုင်ရန် တည်ဆောက်ပေးခဲ့သော ရေတုံကင်အကွက်များကိုပင်မချန် ရောင်းစားထားမှုကြောင့် အိမ်များဆောက်လုပ်နေထိုင်ကြရာ မရှင်းလင်းဘဲထားပါက မြေယာပြဿနာ ပိုမိုရှုပ်ထွေးလာမည်မှာ အမှန်ပင်ဖြစ်သည်။

လှိုင်သာယာမြို့နယ်တွင် ကျူးကျော်နေထိုင်မှုကို သိသာပေါ်လွင်စေသောအရာသည် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးနံဘေးရှိ မင်းကြီးမဟာမင်းခေါင်လမ်းတစ်လျှောက်မှ ကျူးကျော်တဲများပင်ဖြစ်သည်။ စတင်ကျူးကျော်နေထိုင်စဉ်ကသာ ပြတ်ပြတ်သားသားရှင်းလင်းခဲ့ပါက ယနေ့ကဲ့သို့ဖြေရှင်းရန် အခက်အခဲရှိမည်မဟုတ်။ စက်မှုဇုန်များတွင်လယ်သမားများ၊ ကျူးကျော်နေထိုင်သူများ၊ ကုမ္ပဏီက လျော်ကြေးပေးသော်လည်း ပြန်လည်ကျူးကျော်နေထိုင်မှုများ၊ ကြားခံမြေပွဲစားများ၊ မြေယာဈေးကွက်ကို ထိန်းချုပ်ဈေးကစားနေသောငွေရှင်များ၊ မြေယာပြဿနာတွင် လက်ကိုင်တုတ်အဖြစ် ငွေကြေးယူ၍ ဆောင်ရွက်ပေးရန် အသင့်ရှိနေသောအဖွဲ့များ၊ မြို့နယ်၏ မြေယာပြဿနာတွင် ပါဝင်ပတ်သက်နေသောဌာနများသည် လှိုင်သာယာမြို့နယ်၏ မြေယာပြဿနာဖြစ်ပွားမှုကို အသက်သွင်းပေးနေသကဲ့သို့ ရှိနေသည်။

ယခုလအစောပိုင်းတွင် မြို့နယ်စည်ပင်သာယာက ရွှေပြည်သာတံတားအဆင်း၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ ကျူးကျော်တဲအလုံး ၄၀ ကျော် ကိုရှင်းလင်းခဲ့ရာ အဆိုပါတဲများမှာ မေလပထမပတ်အတွင်းက ဆောက်လုပ်နေထိုင်ခဲ့သောတဲများဖြစ်ပြီး မကြာခဏ ရှင်းလင်းနေရသော နေရာလည်းဖြစ်သည်။

မြို့နယ်တွင် အသစ်ဆောက်လုပ်သော ကျူးကျော်တဲများကို ဖယ်ရှားခြင်းဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအတွင်း ကျူးကျော်တဲဆောက်လုပ်ပါက ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှသတင်းပို့လျှင် ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပိုင်းဆိုင်ရာနှင့်ဝန်ထမ်းအင်အား အခက်အခဲအချို့ရှိကြောင်း၊ စည်ပင်သာယာပိုင်မြေများတွင် ကျူးကျော်ဆောက်လုပ်နေထိုင်သူတို့ကို စည်ပင်သာယာဥပဒေနှင့်အညီ တရားစွဲဆိုထားကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အုပ်ချုပ်ရေးမှူးက ပြောသည်။

လှိုင်သာယာ၌ နိုင်ငံတော်က တန်ဖိုးနည်းအိမ်ရာစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး စက်ရုံအလုပ်သမားများအတွက်အလုပ်သမားဆေးရုံတည်ဆောက်ရန် မြေနေရာကို အမှတ်(၁၉)ရပ်ကွက် ရွှေလင်ပန်းချောင်းနံဘေးတွင် သတ်မှတ်ထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့သည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိပြီး နိုင်ငံတော်ဘဏ္ဍာငွေအတွက် အခွန်ငွေအများဆုံးကို ရရှိနိုင်သော တိုင်းဒေသကြီးလည်းဖြစ်သည်။ မြန်မာပြည်၏ အကြီးဆုံးစက်မှုဇုန်ကြီးလည်း တည်ရှိသောကြောင့် စက်မှုမြို့ဖြစ်သော လှိုင်သာယာမြို့၏ ဆယ်စုနှစ်ကျော်ကြာမြင့်ခဲ့သော မြေယာပြဿနာကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

# နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံရေတပ်မှစစ်ရေယာဉ် ရန်ကုန်မြို့သို့ဆိုက်ရောက်




**ရန်ကုန် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံရေတပ်မှ စစ်ရေယာဉ် ROKS Wang Geom (978) သည် Capt; Kang Hee Won ဦးစီးသော အရာရှိ ၃၃ ဦး၊ စစ်သည် ၂၆၇ ဦး စုစုပေါင်း ၃၀၀ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ ဆိုက်ရောက်လာရာ အမှတ် (၁) ဗျူဟာစစ်ရေယာဉ်စု၊ ရေယာဉ်စုမှူး ဗိုလ်မှူးကြီး နိုင်မင်းကျော်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်သည် မြန်မာနိုင်ငံတွင် ယနေ့မှ ဇူလိုင် ၃၁ ရက်အထိ သုံးရက်ကြာ နေထိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ မိတ်ဖက်များနိုင်ငံမှ စစ်ရေယာဉ်များ မကြာခဏ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံရေတပ်အချင်းချင်းသာမက နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်(သတင်းစဉ်)**

## တောင်ကျရေကြောင့်ပြိုကျခဲ့သော ကွန်ကရစ်တံတားနေရာများတွင် ယာယီသစ်သားတံတားဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**မိုးကုတ် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ဇူလိုင် ၂၄ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်းလာပြီး ချောင်းကြီးကျေးရွာအုပ်စုနှင့် မိုးကုတ်မြို့သို့ ဆက်သွယ်ထားသော ကားလမ်းရှိ ချောင်းကူး ကွန်ကရစ်တံတား နှစ်စင်းနှင့် ချောင်းကြီး အလယ်ရွာအတွင်းရှိ တံတားတစ်စင်းတို့ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ တံတားပျက်စီးမှုကြောင့် ချောင်းကြီးကျေးရွာအုပ်စုအတွင်းရှိ ဂေါ်ရခါးကုန်းစံ၊ လီဆူကုန်းစံနှင့် ချောင်းကြီးအလယ်ရွာ၊ အောက်ရွာများသာမက ကျောက်ဝါ၊ မာနား၊ ကျောက်ပုံ၊ ကြက်နဖ ကျေးရွာများလည်း မိုးကုတ်မြို့နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သဖြင့် ပြိုကျခဲ့သော တံတားများနေရာတွင် လူကူး ယာယီဝါးတံတားများဖြင့် ဆောက်လုပ်ထားရှိကြောင်း၊ မော်တော်ကားနှင့် ဆိုင်ကယ်များ သွားလာနိုင်ရေး သစ်သားတံတားများ အမြန်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့် မိုးကုတ်မြို့နယ်ရှိ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ကူညီကယ်ဆယ်ရေးကော်မတီက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် အလှူခံဌာနဖွင့်လှစ် အလှူခံလျက်ရှိကြောင်း သိရသည်။

**မိုးကုတ်(မြန်/ဆက်)**

သတင်းအချက်အလက်များ သိရှိလို
1883
MOI Call Center
သို့ ဆက်သွယ်ပါ

ရေလွှမ်းမိုးမှု မတိုင်မီ
မိုးလေဝသသတင်းကို
အမြဲမပြတ်နားထောင်ပါ

## မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်း မဖေးချောင်း ရေကျသွား၍ မော်တော်ယာဉ်များဖြတ်သန်းသွားလာနိုင်ပြီ

**ဂန့်ဂေါ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ဇူလိုင် ၂၅ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်း ဂန့်ဂေါမြို့နှင့် စိုင်ဒူးကျေးရွာကြား မဖေးချောင်းရေမြင့်တက်ပြီး ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသဖြင့် တာဝန်ရှိသူများက အနီးကပ်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၈ ရက်ညနေပိုင်းက မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့နေစဉ် ကားများဖြင့် လိုက်ပါကြသည့် ခရီးသည်များကို စေတနာရှင်များက ထမင်းထုပ်များဝေငှပေးခဲ့ကြောင်း သိရသည်။

**(ဂန့်ဂေါ ခရိုင် မြန်/ဆက်)**

## ပလက်ဝ၌ မြေပြိုမှုဖြစ်ပွားပြီး နေအိမ်ငါးလုံးပျက်စီး

**ပလက်ဝ ဇူလိုင် ၂၉**

ချင်းပြည်နယ် ပလက်ဝမြို့ မြို့မရပ်ကွက်တွင် ယနေ့ နံနက် ၄ နာရီခွဲခန့်က မြေပြိုမှုဖြစ်ပွားရာ လူဦးရေ စုစုပေါင်း ၃၄ ဦး နေထိုင်သော နေအိမ်ငါးလုံး ပျက်စီးသွားခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ မြေပြိုသည့်နေရာမှ မိသားစုဝင်များ၊ အိမ်ထောင်ပရိဘောဂပစ္စည်းများအား မြို့နယ်တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့က ကူညီရွှေ့ပြောင်းပေးခဲ့သည်။ ထို့အပြင် မြေပြိုသည့်နေရာနှင့် နီးစပ်သည့်ပတ်ဝန်းကျင်ရှိ နေအိမ် ၁၀ လုံးမှ မိသားစုဝင်များနှင့် အိမ်ထောင်ပရိဘောဂပစ္စည်းများကိုလည်း တာဝန်ရှိသူများကဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**(ပလက်ဝ ခရိုင် မြန်/ဆက်)**

## ဧရာဝတီ၊ ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၉၄ စင်တီမီတာ(သုံးပေခန့်)တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ(တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့် မှနောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(မြန်မာ့အလင်း)**

## လူသတ်မှုဖြင့် သရုပ်ဆောင်မင်းအုပ်စိုးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း အမိန့်ချသော်လည်း အယူခံဝင်မည်မဟုတ်ဟုဆို

**ရန်ကုန် ဇူလိုင် ၂၉**

သရုပ်ဆောင် ဒါရိုက်တာ မင်းအုပ်စိုးကို လူသတ်မှုဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ထောင်ဒဏ်တစ်သက်တစ်ကျွန်းအဖြစ် ဇူလိုင် ၂၉ ရက်တွင် အမိန့်ချမှတ်လိုက်သော်လည်း ဆက်လက်၍ အယူခံဝင်သွားမည် မဟုတ်ကြောင်း သိရသည်။

သရုပ်ဆောင် ဒါရိုက်တာ မင်းအုပ်စိုးသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၅ ရက် နံနက် ၂ နာရီခွဲက ၎င်းနေထိုင်သည့် ဖိုးစိန်လမ်းရှိ နေအိမ်တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ၍ ၎င်းကိုယ်ပိုင်ထုတ်ဝေနေသည့် သရုပါမဂ္ဂဇင်းမှ အယ်ဒီတာဖြစ်သူ မတေးနုယဉ်(ခ)မနုနုရင်နှင့် စကားများရာမှ ထိုးကြိတ်လက်လွန်ကာ မတေးနုယဉ်သေဆုံးသွားမှုကြောင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဗဟန်းမြို့နယ်ရဲစခန်း၌ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်ကာ ယင်းလ ၂၆ ရက်မှစတင်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ အမှုရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့အမှုဖြစ်ပွားခဲ့သည့် နေ့မှစ၍ တရားရုံးမှ တရားလို၊ တရားခံနှင့် နှစ်ဖက်သက်သေ စုစုပေါင်း ၁၆ ဦးကို ရုံးချိန်း(၂၉)ကြိမ်စစ်ဆေးခဲ့ပြီး ဖြစ်ပွားသည့်နေ့မှစ၍ ရက်ပေါင်း ၂၁၀ အကြာတွင် ပုဒ်မ ၃၀၂(၂)အရ ပြစ်မှုထင်ရှားသည်ဟုဆိုကာ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးမှ တရားသူကြီးက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အမိန့်ချမှတ်ရာတရားရုံးသို့ ပြည်တွင်းမီဒီယာများအပြင် စိတ်ဝင်စားသူ အများပြည်သူအချို့ပါ လာရောက်နားထောင်ခဲ့ကြကြောင်း သိရပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ အမျိုးသားလွှတ်တော်မှ ဦးလှဆွေလည်း လာရောက်နားထောင်ခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက "မင်းအုပ်စိုးအမှုကို စီရင်ချက်ချတာနဲ့ပတ်သက်လို့က ပြစ်မှုနဲ့ ပြစ်ဒဏ် မျှတတယ်လို့မြင်ပါတယ်။ ကြိုတင်ကြံစည်ခဲ့တယ်ဆိုရင် သေဒဏ်ကျလောက်တယ်။ ဒါပေမဲ့ ဒါသအလျောက် တစ်ချက်တည်းရိုက်မိလို့ သေသွားရင်လည်း ဒီလောက် ပြစ်ဒဏ်မကျနိုင်ဘူး။ အခုဟာက ရတဲ့ဒဏ်ရာကများသွားတော့ မသေမချင်း သတ်သလို ဖြစ်သွားတယ်။ ဒါ့ကြောင့် ပြစ်ဒဏ်က မျှတတယ်လို့ ကျွန်တော် ထင်ပါတယ်" ဟု သူ၏လူမှုကွန်ရက်စာမျက်နှာတွင် သုံးသပ်ပြောကြားခဲ့သည်။

သေဆုံးသူ မတေးနုယဉ် အခင်းဖြစ်ပွားစဉ်က နံရိုးကျိုးခြင်း၊ အသည်းအဆုတ်နှင့်ကျောက်ကပ်များ ဒဏ်ရာရခြင်း၊ မျက်နှာဝဲ/ယာတွင် ဖူးရောင်ဒဏ်ရာများ စသည့်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ပြီး မင်းအုပ်စိုးကလည်း ညတွင်းချင်းပင် ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်အဖမ်းခံခဲ့ခြင်း ဖြစ်ကြောင်း အခင်းဖြစ်ပွားစဉ်က ဖော်ပြခဲ့သောသတင်းများအရ သိရသည်။

ထိုကဲ့သို့ အမိန့်ချမှတ်ခဲ့မှုနှင့်ပတ်သက်၍ မင်းအုပ်စိုးအနေဖြင့် အယူခံဝင်သွားမည်မဟုတ်ကြောင်းကို "အယူခံ မဝင်ပါဘူး။ ကျေနပ်ပါတယ်ဗျာ။ ကျေနပ်ပါတယ်" ဟု အမိန့်ချပြီးချိန်တွင် သတင်းသမားများကို ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း-သီဟသူ၊ ဓာတ်ပုံ-ကိုမင်း**



တစ်သက်တစ်ကျွန်းအမိန့်ချပြီးချိန်တွင် မင်းအုပ်စိုးအားတွေ့ရစဉ်။

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျ၍ ထင်းရှူးပင်လဲကျကာ လမ်းပိတ်ဆို့မှုအား ရှင်းလင်း

**မင်းတပ် ဇူလိုင် ၂၉**

မင်းတပ်မြို့ အနောက်ရပ်ကွက် ဗိုလ်ကျော်ဦးလမ်းတွင် ဇူလိုင် ၂၉ ရက် ညနေ ၃နာရီက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျပြီး ထင်းရှူးပင်လဲကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လမ်းပိတ်ဆို့မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ လမ်းဦးစီးအရာရှိ၊ အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ သွားရောက်၍ ရပ်ကွက်လူငယ်များနှင့်အတူ ဖြတ်တောက်ဖယ်ရှားခဲ့သဖြင့် ယာဉ်များသွားလာနိုင်ပြီဖြစ်သည်။ ကျန်ရှိနေသည့် မြေစာများကို လမ်းဦးစီးဌာနက ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် မြန်/ဆက်)**

## ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာတွင် မြစ်သာမြစ်ရေတိုးမှုကြောင့် လူနေအိမ်အချို့ ရေနစ်မြုပ်

**မုံရွာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ရေများတိုးလာကာ စိုးရိမ်ရေမှတ်ကျော်လွန်ပြီး ကလေးဝ-ကလေး ကားလမ်းပေါ်ရှိ သစ်ချောက်ကျေးရွာ အောင်ရပ်ကွက်နှင့် ချောင်းကျဉ်းကျေးရွာများတွင် ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ရာ ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၉၀ ကျော်ကို ရေကင်းလွတ်သည့် ရုပ်ရှင်ရုံဟောင်း၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ယာယီတည်းခိုရေးစခန်း၌ မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများက ရေဘေးသင့်ပြည်သူများအားအစားအသောက်များ ထောက်ပံ့လှူဒါန်းခဲ့သည်။

**(တိုင်းဒေသကြီး မြန်/ဆက်)**

# ရေကြီးနစ်မြုပ်ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင် အချို့ရထားလမ်းပိုင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့မီးရထား တိုင်း(၂) နယ်မြေရှိ ကံကြီး-ဇော်ချောင်း ဘူတာအကြားနှင့် ကောလင်း-ကိုးထောင်ဘို့အကြား ရေတိုက်စားနစ်မြုပ်ရာနေရာများ၌ ကျောက်ကြီးချခြင်း၊ ဇလီဖားတုံးများ ဖြည့်တင်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တံတားအမှတ်(၂၈၂)အနီး ပေ ၂၀၀ ခန့် ရေတိုက်စားသွားခဲ့သောရထားလမ်းပိုင်းတွင် ရထားစမ်းသပ်မောင်းနှင်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေး-လားရှိုး ရထားလမ်း၊ သီပေါ-တာပုလဲ လမ်းပိုင်း မိုင်တိုင်(၅၀၉/ ၁၃-၁၄)ကြားရှိ တံတားအမှတ် (၃၉၁) ရေလယ်တိုင်အမှတ်(၃) တိမ်းစောင်းသွားခြင်းကို ပြန်လည်တည့်မတ်၍ ပေ ၂၀၊ ပေ ၄၀ ဂါဒါများကို Running Rail ဖြင့် ကြိုးချည်ခြင်း၊ ကျောက်ချခြင်း၊ ဇလီဖားတုံးများ ဖြည့်တင်းပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီမှစ၍ သီပေါ-မန္တလေး အမှတ်(၁၃၂) အစုန်ရထားနှင့် တာပုလဲ-လားရှိုး အမှတ်(၁၃၁) အဆန်ရထားတို့ အချိန်မှန်ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်သည်။

ထို့အပြင် ရထားလမ်းပိုင်းများနှင့် တံတားများကို မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ပြုပြင်ဆောင်ရွက်မှုကြောင့် ဘုံချောင်း-မဲဇာ ဘူတာကြား ရထားလမ်းပိုင်းကို ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီကလည်းကောင်း၊ ပင်ဝဲ-မော်လူး ဘူတာကြား ရထားလမ်းပိုင်းကို ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီ ၃၅ မိနစ်ကလည်းကောင်း၊ မော်လူး-နန့်စီးအောင် ရထားလမ်းပိုင်းကို ဇူလိုင် ၂၈ ရက် ညနေ ၆ နာရီက လည်းကောင်း၊ အင်းပက်နှင့် မြစ်တော်ဘူတာကြား ရထားလမ်းပိုင်းကို ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲက လည်းကောင်း အသီးသီး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းကုန်းမြို့နယ်၌ လေပြင်းတိုက်ခတ် နေအိမ်ငါးလုံးပြိုကျပျက်စီး

**ကျောင်းကုန်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာအုပ်စု သဲကုန်းကျေးရွာနှင့် ကျွန်းကလေးကျေးရွာတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သဲကုန်းကျေးရွာ၌ စုစုပေါင်း အိမ်ငါးလုံးပျက်စီးခဲ့သည်။

လေဘေးသင့်ပြည်သူများကို နီးစပ်ရာဆွေမျိုးများနေအိမ်၌ ပြောင်းရွှေ့စေပြီး အခင်းဖြစ်ရာသို့ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ရေကြီးမှုများကြောင့် လူနေအိမ်များနစ်မြုပ်

**နေပြည်တော် ဇူလိုင် ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးမြို့ မြစ်ရေနှင့် ပန်းဇီးချောင်းများ ရေကြီးပြီး ရေကြီးခြင်းနှင့် ဒီရေတက်ခြင်းတို့ကြောင့် မြို့မစျေး တောင်ရပ်ကွက် မြေနိမ့်ပိုင်းလက်အောက် စျေးရပ်ကွက် အုန်းတစ်ပင်ရပ်၊ အလယ်စျေးရပ်ကွက်၊ ကြက်လှာကျွန်းရပ်နှင့် ဝသဲရပ်မြေနိမ့်ပိုင်း အောင်တပ်ရပ်ကွက် ဗန္ဓုလရပ်ကွက်၊ မြေနိမ့်တို့တွင် လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

မင်းပြားမြို့၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်နှင့် ကျေးရွာအုပ်စု ၂၇ ခုတို့တွင် ရေသုံးပေမှ လေးပေအထိ ရေကြီးရေလျှံခြင်းများရှိသဖြင့် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မင်းပြားဌာနဆိုင်ရာရုံး ရေကြီးနစ်မြုပ်နေပြီး စာသင်ကျောင်းများလည်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

**(သတင်းစဉ်)**



အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ညွှန်ကြားမှု၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုများဖြင့် ရေဘေးသရုပ်ပြလေ့ကျင့်ခန်းကို ဇူလိုင် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် တံခွန်တိုင်ကျေးရွာ၌ ပြည်သူ ၂၅၀ ဖြင့် သရုပ်ပြလေ့ကျင့်မှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး သီးနှံများထိခိုက်ပျက်စီးခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

**ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နစ်မြုပ်ဧကေ | ပြန်ပေါ်ဧကေ | ထိခိုက်ဧကေ | ပျက်စီးဧကေ |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | | |
| ၂။ | ကချင်ပြည်နယ် | ၂၃၆၁၅ | ၂၃၆၀၇ | ၈၂၅၉ | ၃၅၂၉ |
| ၃။ | ကရင်ပြည်နယ် | ၃၇၄ | | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၉၉၅၈ | ၆၉၉၆၉ | ၄၉၇၇၇ | ၁၈၃၁၇ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၇၁၃၇၇ | ၁၃၂၇ | ၁၃၂၇ | ၇၄၆ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၁၀၂၂ | ၁၀၂၂ | ၁၀၂၂ | |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၅၅၃ | ၆၀ | ၃ |
| ၈။ | မွန်ပြည်နယ် | ၈၀၀ | | | |
| ၉။ | ရခိုင်ပြည်နယ် | ၂၄၂၃၅ | ၂၉၁၅ | ၂၁၇၁ | ၁၄၄၀ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၁၃၅၉၄ | ၈၄၉ | | |
| ၁၁။ | ရှမ်းပြည်နယ် | ၁၃၀၉၆ | ၅၀၈၄ | ၆၄၁ | ၆၇ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၀၉၁ | | | |
| | **စုစုပေါင်း** | **၃၁၄၅၄၃** | **၁၀၅၃၄၉** | **၆၃၂၅၇** | **၂၄၁၀၂** |

# မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်မှုကြောင့် စာသင်ကျောင်းပြို

**မအူပင် ဇူလိုင် ၂၉**

မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ အခြေခံပညာ ဦးစီးဌာန အခြေခံပညာအလယ်တန်းကျောင်း(တွဲ)သည် ဇူလိုင် ၂၆ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်သားကျောင်းတိုင်နှင့် တန်းများပြိုကျမှု ဖြစ်ခဲ့သည်။

ကျောင်းပြိုကျမှုကြောင့် ကျောင်းသား ကျောင်းသူများကို ကျေးရွာရှိ ရွှေပြည်အေး ဘုရားကြီးကျောင်းတိုက်အောက်ထပ်၌ ခေတ္တရွှေ့ပြောင်းစာသင်နိုင်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်များရှိမြေများပြိုကျပျက်စီးမှုဖြစ်

**မတူပီ ဇူလိုင် ၂၉**

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မတူပီမြို့ အနောက်စိုဘွေရပ်ကွက်၌ နေအိမ်တချို့ မြေများပြိုကျပျက်စီးလျက်ရှိရာ မိုးများ ဆက်လက်ရွာသွန်းပါက နေအိမ်ပြိုကျနိုင်ကြောင်းနှင့် စိုးရိမ်ဖွယ်ရာရှိသောကြောင့် မိသားစုဝင်များက တခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဖခင် အမည်မှန်**

မုံရွာမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(ဂ)မှ မထက်ထက်ကျော်၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၅/ဘတ လ(နိုင်)၁၀၆၄၃၁ ဖြစ်ပါသည်။
**ဦးကျော်ကျော်ဦး**

**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သုဝဏ္ဏ(လုံးချင်း)၊ မြေကွက် အမှတ်၈၀၊ မြေကွက်တည်နေရာအမှတ် (၈၀)၊ ခွန်နီ(၁) လမ်း၊၂၉ရပ်ကွက်(သုဝဏ္ဏ)(ဒေါ်ပိုပို) အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ပိုပို(မိခင်)နှင့်ဦးကြည်မောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၅၅၄၅/၂၀၁၄(၁၁-၉-၂၀၁၄)ဖြင့် ဒေါ်ကေသီထွေး၊ မောင်မိုးအာကာ၊ မခင်ပပအောင်၊မောင်ထက်လင်းအောင်၊ မောင်စွမ်းထက်အောင်တို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အမွေဆက်ခံပိုင်ဆိုင်သူ ငါးဦးအနက် မောင်မိုးအာကာသည် ၁၉-၄-၂၀၁၅ ရက်တွင် လူပျိုဘဝဖြင့် ကွယ်လွန်၍ ၎င်း၏အစုကို မိခင်ဖြစ်သူ ဒေါ်ဇင်မိုးမိုး ၁/ဗမန(နိုင်)၀၁၀၁၇၁က ဝင်ရောက်ပြီး ပူးတွဲပိုင်ရှင်များဖြစ်သူ (၁)ဒေါ်ကေသီထွေး ၇/ရတန(နိုင်)၀၀၀၈၇၇၊ ဒေါ်ခင်ပပအောင် ၉/မဟမ(နိုင်)၀၂၃၀၃၁၊ (၄) မောင်ထက်လင်းအောင်၊ (၅) မောင်စွမ်းထက်အောင်တို့နှင့်အတူ ကျမ်းကျိန်လွှာ၊ သေစာရင်းထောက်ခံချက် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာ ရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပျောက်ဆုံးခြင်း**

ကျွန်တော် မောင်ညီညီလွင် C.D.C 47172၏ EFFICIENT DECK HAND ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ဖုန်း-၀၉-၅၀၆၉၇၂၇ သို့ဆက်သွယ်ပေးပါရန်။
**မောင်ညီညီလွင် ၁၂/မဂတ(နိုင်)၀၆၄၈၅၇**
**C.D.C 47172**

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၀၊ မြေကွက်အမှတ် ၃၄၉/က၊ မြေကွက်တည်နေရာအမှတ် ၃၄၉/က၊ အောင်မေတ္တာလမ်း၊ ၁၄ ရပ်ကွက်၊ ရွှေပြည်သာ (ဒေါ်ကျင်စု) အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကျင်မွေး ၁၂/ရပသ(နိုင်)၀၉၄၆၁၂မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သမဝါယမဝန်ကြီးဌာန**
**အိတ်ဖွင့်လေလံခေါ်ယူခြင်း**

သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် အသုံးပြုခြင်းမရှိတော့သည့် မိတ္တူကူးစက် အဟောင်း/အပျက်များ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း အဟောင်း/အပျက်များ၊ Aircon အဟောင်း/အပျက်များ၊ လက်နှိပ်စက်အဟောင်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

**လေလံပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်မှ ၇-၈-၂၀၁၅ ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း
**လေလံပုံစံရောင်းချမည့်နေရာ** - သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်
**လေလံဖွင့်ပွဲပြုလုပ်မည့်နေ့ရက်နှင့်နေရာ** - ၁၁-၈-၂၀၁၅ ရက်၊ သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်

**သမဝါယမဝန်ကြီးဌာန**
**လေလံတင်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ် ၁၆၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၀၃၃**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/3634 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6C/9104 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/5481 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/5749 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ (၈)ခန်းတွဲ(၆)ထပ်တိုက်၏ တိုက်အမှတ် (၂)၊ မြေညီထပ်၊ အခန်းအမှတ်(၀၀၇)၊ အကျယ်အဝန်း(၁၅' x၅၀')အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မြင့် (၁၂/စခန(နိုင်)၀၀၇၄၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးအောင်ကျော်ထွန်း LL.B.,LLM.**
အထက်တန်းရှေ့နေ(စဉ်-၃၃၅၀၅)
အမှတ်-(၅၄၂)၊ အခန်းအမှတ်(အေ-၂)၊ ကုန်သည်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ မေရှော့ပင်းစင်တာ၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉၇၃၁၁၆၆၁၁၊ ၀၉၄၂၀၁၈၉၉၁၉။

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်း၊ တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၃၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၂. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၇. ၂၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၄၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၆၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၅. ၄၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၅၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၁၅' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၅၀' |
| ၁၀။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၁. ၁၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၂၀' |
| ၁၂။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၁. ၂၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၆၀' |
| ၁၄။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၇၀' |
| ၁၅။ | မဒင်းရေလှောင်တမံ | ၂၆၁၈၆ | ၀. ၅၀' |
| ၁၆။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၃၁' |
| ၁၇။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၁၈။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၉၅' |
| ၁၉။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၂၀' |
| ၂၀။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၁. ၅၅' |
| ၂၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၈. ၂၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၄. ၂၀' |
| ၂၃။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၆. ၁၀' |
| ၂၄။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၇၀' |
| ၂၅။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၂. ၁၀' |
| ၂၆။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၂၇။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၅. ၃၀' |
| ၂၈။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ဘန့်ကွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၅၀' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၁၀' |
| ၃၁။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၄၀' |
| ၃၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃. ၉၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၆. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၅၀' |
| ၂။ | မုံးချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၀ | ၁. ၀၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၀၄၂၄ | ၂၇. ၇၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းရေလှောင်တမံ | ၇၃၀၀၀ | ၁၇၂၅၀ | ၂၉. ၂၅' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၄၉၃၄၆၇ | ၁၄. ၂၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၃၉၅၄၇ | ၁၁. ၃၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၅ | ၆. ၆၃' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၃၅၂၈ | ၁၀. ၄၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၀၄၉ | ၇. ၄၇' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၃၉၄ | ၂၂. ၅၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၇၉၆ | ၅. ၇၀' |
| ၁၃။ | လွိုင်နန်ဖရေထိန်းတမံ | ၁၅၀၈ | ၇၁၄ | ၁၂. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၈၇၄၅၁၈ | ၀. ၀၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၂၃၆၇၅ | ၃၉. ၂၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၆၂၇၁၈ | ၁၇. ၆၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၂၄၉၀၆ | ၂၇. ၂၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၄၅၆၀ | ၁၃. ၆၀' |
| ၁၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၈၂၉၇၉ | ၃၇. ၇၀' |
| ၂၀။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၃၂၉၀ | ၅. ၆၀' |
| ၂၁။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၇၆၀၀၀ | ၉၂. ၅၀' |
| ၂၂။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၅၃၁၇၅ | ၂. ၇၀' |
| ၂၃။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၆၂၇၀ | ၆၁. ၃၀' |
| ၂၄။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၆၉၃၁၄ | ၁. ၆၀' |

(သတင်းစဉ်)


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### Post Graduate Diploma in Software Development
## သင်တန်းသားများခေါ်ယူခြင်း

၁။ အိန္ဒိယသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့ ပူးပေါင်း၍ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ Post Graduate Diploma in Software Development (၉)လသင်တန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာ (၁၀)ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလမှာ အချိန်ပြည့် ၉လ သင်တန်းနှင့် သင်တန်းကြေးမှာ(၅၀၀၀၀ဝိ/) ကျပ်ငါးသိန်းပေးသွင်းရမည်ဖြစ်ပြီး အိန္ဒိယသမ္မတနိုင်ငံ III T-B နှင့်ပူးပေါင်းဖွင့်လှစ် သောသင်တန်းဖြစ်၍ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ မန္တလေးမြို့တွင်သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပံ့ပိုးထားရှိမည်ဖြစ်ပြီး သင်တန်းသားများသည် မိမိအစီအစဉ်ဖြင့် နေထိုင်စားသောက်ရမည်ဖြစ်ပါသည်။

၄။ ၂၀၁၂ ခုနှစ် ဇွန် ၃၀ရက်နောက်ပိုင်း M.C.Sc,M.C.Tech,M.I.Sc,B.C.Sc(Hons), B.C.Tech (Hons), M.E(IT),B.E(IT) နှင့် ဘွဲ့ရရှိပြီး ပထမဘွဲ့၏အတန်းစဉ်အလိုက် ပျမ်းမျှရမှတ် ၆၀% နှင့်အထက် ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၅။ သင်တန်းသား လျှောက်လွှာများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website http://ucsm.edu.mm မှ တစ်ဆင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားရာတွင် (၆)လအတွင်း ရိုက်ထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ(၁)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူနှင့်ပထမဘွဲ့၏ အတန်းစဉ်အလိုက်ရမှတ်များပါ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၇။ သင်တန်းသို့တက်ရောက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲစာစစ်ဌာန (၂)ခုဖြစ်သည့် မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့တွင် ၁၃-၈-၂၀၁၅ ရက်တွင် ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်ပါသည်။

၈။ ဖြေဆိုရမည့်ခုံအမှတ်များနှင့် စာစစ်ဌာနများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင်လည်းကောင်း၊ ဖုန်း-၀၉-၇၈၅၅၅၇၇၀၄ နှင့် ၀၉-၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လျှောက်ထားသူများသည် ပူးတွဲတင်ပြရမည့်အောက်ဖော်ပြပါအချက်အလက်များကို ၇-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ mitmdystd@gmail.com သို့ပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည်။

(၁) Passport အရွယ်ဓာတ်ပုံတစ်ပုံ
(၂) ဘွဲ့လက်မှတ်
(၃) ပထမဘွဲ့၏ အတန်းစဉ်အလိုက်ရမှတ်စာရင်း

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8927, MITSUBISHI CANTER, TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၁၂/ခရန(နိုင်)၀၀၈၆၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

မိမိစေတနာသည် မိမိကိုအကျိုးပေးသည်
**မြတ်စေတနာသက်နုံးပရိက္ခရာတိုက် (စစ်တွေမြို့)**
ဝါဆိုမည်ဆန်း၊ မြတ်သင်္ကန်း၊ လှူဒါန်းမြဲလျှင်၊
သောတာပန်နှယ်၊ ဂုဏ်ရည်ကြွယ်၊ အပါယ်လွတ်ကင်းစင်။
ပင်ရင်း - အမှတ် ၃၅၊ မဏီပူရလမ်း၊ ရဲနွယ်စုရပ်ကွက်၊ လောကာနန္ဒာစေတီ မြောက်ဖက်၊ စစ်တွေမြို့၊ ဖုန်း - ၀၄၃ ၂၂၄၈၃၊ ၀၉၃၆၁၇၃၄၆၈

**ဦးရဲမင်းပိုင်(သချာ)**
တည့်သူများအတွက်နှစ်ဆတိုးသင်ပေးနေသည်
၁၀တန်းဘာသာစုံ လဆန်းစပြီ။ ၀၉ ၇၃၁ ၆၁၁၄၀
၁၆၅(ပထပ်)ဆီပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၆၅၄၅ UC MPV (UC - MPV - 02)/M/B ယာဉ်လက်ဝယ်ရှိသူ U SOE HTAY ၅/ဆလက(နိုင်)၀၀၅၉၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ဆည်တော်ကြီးရေလှောင်တမံ ရေထွက်ပေါက်များမှ ထိန်းညှိရေလွှတ်မည်

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ချောင်းမကြီး ချောင်းပေါ်တွင်တည်ရှိသော ဆည်တော်ကြီးဆည်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများပြည့်လျှံပြီး ဆည်တော်ကြီးတမံ ချောင်းမကြီးရေလျှံပါက ယခင်ကစိုက်ခင်းများ ပျက်စီးပြီး အနီးရှိ ကျေးရွာများသို့ ရေဝင်ရောက်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။

ဆည်တော်ကြီးရေလှောင်တမံ၏ ရေပြည့်အမှတ် RL ၄၁၉ ဒသမ ၅ ပေရောက်ရှိရန် ရေပြည့်အမှတ် ၄ ဒသမ ၅ ပေ အလို၊ RL ၄၁၅ ပေရှိပါက ဝင်ရေနှင့် ထွက်ရေမျှတအောင် ပေ ၄၀၊ ၃၅ ပေရှိသော ရေတံခါးခုနစ်ချပ်ကို ထိန်းညှိလွှတ်ပေး၍ စိုက်ခင်းများနှင့် ကျေးရွာများတွင် ရေဝင်ရောက်မှုမရှိစေရေးစီမံဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီးဖြစ်သည်။

ယနေ့ ဆည်တော်ကြီး၏ ရေအမှတ်သည် RL ၄၁၃ ဒသမ ၈ ပေရှိပြီး လက်ရှိရေဝင်ရောက်မှုသည် တစ်နာရီလျှင် ဝ ဒသမ ၁ ပေနှင့် ဝင်ရောက်ပါက နောက်တစ်နေ့ နံနက် ၄ နာရီတွင် သတ်မှတ်ရေမှတ်ရောက်မည်ဖြစ်၍ ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီခွဲတွင် ရေတံခါးများမှ ရေများအား ရေနံ့သာချောင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် စိုက်ခင်းများသို့ ဝင်ရောက်မှုမရှိအောင် ထိန်းညှိလွှတ်ပေးမည်ဖြစ်သည်။

ဆည်တော်ကြီး ရေလျှံမှုမဖြစ်ရေး ရေထွက်ပေါက်များမှ ရေလွှတ်မည်ဖြစ်ကြောင်း သက်ဆိုင်သည့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင်လွှတ်၍ ကျေးရွာများသို့လည်း ကြေညာထားပြီးဖြစ်ကြောင်းနှင့် နာရီစဉ်အလိုက် ရေအမှတ်များ ရယူဆောင်ရွက်လျက်ရှိသည်။

ဆည်တော်ကြီးရေလှောင်တမံသည် ရေလွှဲဆည်အထက် ၂ ဒသမ ၅ မိုင်ခန့်အကွာတွင် ၁၉၇၆-၁၉၇၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆-၁၉၈၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေဆင်းဧရိယာ ၁၃၂၂ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၁၃၃၀၀၀၀၊ တမံအမျိုးအစားမှာ မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့်ဖြစ်ပြီး၊ တမံအမြင့် ၁၂၂ပေ၊ တမံအလျား ပေ ၄၀၂၀၊ တမံအမြင့်မှတ် RL ၄၃၁ ပေ၊ ရေပြည့်အမှတ် ရေအနက် ၄၁၉ ဒသမ ၅ ပေရှိပြီး ရေတံခါးဦးအရွယ်အစား ပေ (၄၀×၃၅) ရှိသည့် ရေတံခါး ခုနစ်ခုထားရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်း ရေဘေးသင့်ပြည်သူများအတွက် အကူအညီများပေးအပ်

**ရန်ကုန် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ကျေးရွာများမှ ပြည်သူများအား ရန်ကုန်မြို့ Marga Community Care (MCC)က အရေးပေါ် အလှူငွေများနှင့် အထောက်အပံ့ပစ္စည်းများကို ဇူလိုင် ၂၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ မြို့နယ်ရှိ ပေကုန်း(တောင်)ရွာနှင့်ချောင်းခြားရွာများသို့ အစိုးရအဖွဲ့က စီစဉ်ပေးသောကယ်ဆယ်ရေးအဖွဲ့၏ အကူအညီဖြင့် MCC အဖွဲ့က သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားအိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှု အဖွဲ့ Marga Landmarkရှိ ဝန်ထမ်းများထံမှရရှိသော အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အရေးပေါ်အထောက်အပံ့ငွေ အဖြစ်အသုံးပြုရန် အလှူငွေ ၁၅ သိန်းနှင့်အတူ ကြာရှည်ခံသော အစားအသောက်မျိုးစုံနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အအေးမိဖျားနာ တုပ်ကွေးရောဂါနှင့် ရေဓာတ်ခမ်းခြောက်ခြင်းများအတွက် ဆေးဝါးမျိုးစုံ၊ ရေသန့်စင်ဆေးပြားများကို MCC က လှူဒါန်းခဲ့ပြီး Marga Landmark Company မှ ဝန်ထမ်းများကလည်း အဝတ်အထည်မျိုးစုံ ၂၃၅ ထည်ကို လှူဒါန်းခဲ့သည်။




MCC သည် နိုင်ငံတကာအိမ်ခြံ မြေရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းဖြစ်သော Marga Landmark မှ တည်ထောင်ထားသည့် ပရဟိတအဖွဲ့အစည်းဖြစ်ကာ ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော ကြည့်မြင်တိုင် ဘလုတ်ညွန့်နှင့် အေးရွာမီးလောင်ကျွမ်းမှုနှင့် ၂၀၁၄ ဩဂုတ်လတွင် ဖြစ်ပွားခဲ့သော ပဲခူးမြို့ ရေကြီးမှုတွင် ကူညီထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**



# အကောက်ခွန်မဲ့ တရားမဝင်ရွှေတုံး ကီလို ၂၀ ခန့် ဖမ်းဆီးရမိ

**မူဆယ် ဇူလိုင် ၂၉**

မူဆယ်မြို့မှ တစ်ဖက်နိုင်ငံထွက်ပေါက်ဖြစ်သော ဆင်ဖြူဂိတ်တွင် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲက ရွှေ့လျားလှုပ်ရှား (မူဆယ်) ဦးဝင်းထွန်းအောင်အဖွဲ့က တရုတ်နိုင်ငံဘက်မှ လူနှစ်ဦးစီးနင်းလာသော တရုတ်ဆိုင်ကယ် 4N/----- ကို တားဆီးစဉ် ဆိုင်ကယ်ထားခဲ့ပြီး ထွက်ပြေးသဖြင့် ရှာဖွေရာ ရွှေအတုံး ၂၀ ကို သိမ်းဆည်းရမိသည်။ အဆိုပါရွှေတုံးများကို စစ်ဆေးပြီး ညနေ ၄ နာရီခွဲတွင် မူဆယ်မြို့ အကောက်ခွန်ဦးစီးဌာနသို့အပ်နှံခဲ့ရာ ရွှေတုံး ၂၀ (၁၉ ဒသမ ၄၄၂ ကီလိုခန့်) ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၃၉၈၉၄၄၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

# ကားအစီးရေ ၁၃၀ ကျော်ကို Bridgestone မှ အခမဲ့တာယာစစ်ဆေးပေး

**ရန်ကုန် ဇူလိုင် ၂၉**

Bridgestone Asia Pacific Pte. Ltd. (Myanmar Branch Office) နှင့် First Japan Tire Services Company Limited (FJTS) တို့ပူးပေါင်း၍ အခမဲ့တာယာစစ်ဆေးပေးခြင်းကို ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်က Myanmar Culture Valley ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တာယာနှင့်လမ်း ဘေးကင်းစိတ်ချရမှုအပေါ် ပိုမိုဂရုပြုစစ်ဆေးသည့် အလေ့အကျင့်ရှိကြစေရန် အသိပညာပေးသည့်အနေဖြင့် စစ်ဆေးပေးခြင်းဖြစ်ပြီး လာရောက်သည့်ကားအမျိုးအစားအားလုံးကို အခမဲ့တာယာစစ်ဆေးပေးခဲ့ကြောင်း၊ နှစ်ရက်အတွင်း ကားအစီးရေ ၁၃၂ စီးကို အခမဲ့တာယာစစ်ဆေးပေးခဲ့ပြီး တာယာလေဖိအား၊ တာယာပန်းအထူတိုင်းတာပေးခြင်းများနှင့် ပုံမှန်မဟုတ်သော တာယာတိုက်စားခံရခြင်းရှိမရှိတို့ကို Bridgestone နှင့် FJTS မှ ကျွမ်းကျင်သူများက စစ်ဆေးပေးခဲ့ကာ ယာဉ်မောင်းသူများအား တာယာအရေးကြီးပုံများကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

Bridgestone မြန်မာရုံးခွဲ၏အထွေထွေမန်နေဂျာ Mr. Shirai Yuichiro က "မြန်မာနိုင်ငံမှာ ပထမဆုံးပြုလုပ်တဲ့ အခမဲ့တာယာစစ်ဆေးခြင်းဝန်ဆောင်မှုပေးတဲ့ အစီအစဉ်ဖြစ်ပြီး ပညာပေးလှုပ်ရှားမှုအစီအစဉ်တွေကို ဆက်ပြုလုပ်သွားဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။ Bridgestone အနေဖြင့် တာယာအခမဲ့စစ်ဆေးပေးမှုကို စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တွင်လည်း အဆိုပါနေရာ၌ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သွန်းဝသန်**


## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## ပြည်သူ့အင်အားဦးစီးဌာန
## ယာဉ်မောင်းလျှောက်လွှာများခေါ်ယူခြင်း

ယာဉ်မောင်း - ၅ ရာထူး - လစာနှုန်းကျပ် ၁၃၅၀၀၀ - ၂၀၀၀ - ၁၄၅၀၀၀ (၆)နေရာ

၁။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မည်သည့်ယာဉ်ကိုမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
(ဂ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော အနိမ့်ဆုံး(ခ)အဆင့် ယာဉ်မောင်းလိုင်စင်ရှိရမည်။
(ဃ) ပညာအရည်အချင်း အလယ်တန်းအဆင့်ရှိရမည်။
(င) ယာဉ်မောင်းသက် အနည်းဆုံး ၃ နှစ်ရှိရမည်။

၂။ **လျှောက်ထားလိုသူများသည်-**
၃-၈-၂၀၁၅ ရက်မှ ၁၂-၈-၂၀၁၅ ရက်အထိ လျှောက်လွှာပုံစံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာဌာနခွဲ၊ ရုံးအမှတ် (၄၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၀၆၆ တွင် နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားမှတ်ပုံတင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (မိမိနေထိုင်သည့် ရပ်ကွက်/ရဲစခန်း)ထောက်ခံချက်များ၊ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်၊ ဓာတ်ပုံ ၃ ပုံနှင့် ယာဉ်မောင်းလိုင်စင်တင်ပြ၍ ကိုယ်တိုင်ထုတ်ယူပြီး ၁၇-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်ရပါမည်။

**ပြည်သူ့အင်အားဦးစီးဌာန**



## ကျွမ်းကျင်သူနာပြု
## အလိုရှိသည်

၁။ **အထက်တန်းသူနာပြု မ (၂)ဦး**
အသက် ၃၀ - ၄၀ ကြား
(လုပ်သက် သုံးနှစ်ရှိရမည်)
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၀၆၄၉၃၈**



**ဆရာဒွေး နှင့် ဆရာမဒေါ်ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းကွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဩဂုတ်လ(၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
**Ph: 01-375970, 0951 72096, 09254541441**



## CLAIMS DAY NOTIC
## M.V VIKING DRIVE VOY:NO(10)

Consignees of cargo carried by M.V VIKING DRIVE VOY:NO (10) are here by notified that the vessel will arrive of about 31-7-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



ဗုဒ္ဓံ ဓမ္မံ သံဃံ

## ကိုမောင်မောင်နှင့် ညီများ

**သံထည်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်း**

အမှတ်(၉၊၁၀)၊ဇောင်းတုလမ်းမကြီး၊အမှတ် (၃)စက်မှုဇုန်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။

ဖုန်း - ၀၁-၅၉၀၈၂၆၊ ၈၁၀၀၁၈၄၊ ၀၉-၇၃၀၄၃၈၂၆၊ ဖက်(စ်) - ၈၁၀၀၆၉၄

**(ဝန်ထမ်း အမြန်အလိုရှိသည်)**

၁။စာရင်းကိုင်ကျွမ်းကျင် (အခြေခံလစာ - 150000/- ) မ(၂) ဦး
၂။လက်ထောက်စာရင်းကိုင် (အခြေခံလစာ - 120000/- ) မ( ၁ ) ဦး
၃။အရောင်းဝန်ထမ်းကျွမ်းကျင် (အခြေခံလစာ - 150000/- ) မ(၂) ဦး
၄။အရောင်းဝန်ထမ်း (အခြေခံလစာ - 120000/- ) မ( ၁ ) ဦး

★( OTကြေး+ ရက်ပိုကြေး+ တစ်နှစ်(နှစ်ကြိမ်) Bonus သီးခြားရမည် )
★( အလုပ်ချိန် မနက် ၈းနာရီ မှ ညနေ ၆း၀၀နာရီအထိ )
★တစ်လခွင့် ( ၄ ) ရက်ပေးမည်။ နယ်ခရီးထွက်ရန် မလိုပါ။
★လျှောက်ထားသူများ အားလုံး ဘွဲ့ရပြီး ဖြစ်ရမည်။

လမ်းညွှန် ⟶ တောင်ဒဂုံ KBZ Bank အနီး ၊ တောင်ဒဂုံ ကညနရုံး အနောက်ခြမ်း ။

★ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ဖောင် ၊ ရပ်ကွက်ထောက်ခံစာ ၊ ဘွဲ့လက်မှတ်မူရင်း ၊တစ်လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂) ပုံ ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူအထက်ပါ လိပ်စာသို့ လူကိုယ်တိုင်အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

# နို့စားနွားတစ်ကောင်၏ နို့ထွက်နှုန်းကို လွှမ်းမိုးထားသောအချက်များ

မင်းအောင် (မွေး/ဆေး)

ပုံမှန်အားဖြင့် နွားမတစ်ကောင်သည် နို့ပေးကာလရဲ့ ပထမ ခြောက်ပတ်မှ ရှစ်ပတ်အထိ နို့ထွက်နှုန်းမြင့်မားတတ်ပြီး ထို့နောက် တဖြည်းဖြည်းချင်း လျော့နည်းသွားတတ်ပါတယ်။ နို့ထွက်နှုန်းကို အဓိကလွှမ်းမိုးထားတဲ့ အချက်တွေကတော့ . . .

**၁။ မျိုးရိုးဗီဇ (Breed)**

Holstein Friesian နွားမများသည် အခြားနို့စားနွားများထက် နို့ထွက်နှုန်းနှင့် နို့တွင်ပါဝင်သောဓာတ်များ (Fat, Protein & Lactose) ပိုများပါတယ်။ ဒါပေမယ့် အဲဒီနွားမျိုးတစ်ခုတည်းမှာကိုပဲ တစ်ကောင်နဲ့ တစ်ကောင်ကြားမှာတောင် နို့ထွက်နှုန်းနဲ့ နို့တွင်ပါဝင်သော ဓာတ်များ ကွာခြားပါတယ်။

**၂။ တစ်သားနဲ့ တစ်သားကြားကာလ (Dry period)**

နို့စားနွားမများကို အများအားဖြင့် နောက်တစ်သား မမွေးမီ နှစ်လလောက်အလိုကတည်းက နို့မညှစ်တော့ဘဲ အနားပေးကြားကာလအဖြစ် ထားကြပါတယ်။ ဒီအနားပေးကြားကာလသည် နောက်တစ်သား မွေးပြီး နို့ထွက်နှုန်း အမြင့်မားဆုံးရရှိရေးအတွက် အလွန်ကို အရေးကြီးပါတယ်။ အနားပေးကြားကာလသည် ရက်ပေါင်း ၄၀-၆၀ ထက်လျော့နည်းပါက နို့ထွက်နှုန်းကို ၂၅-၄၀ ရာခိုင်နှုန်းလောက်အထိ လျော့ကျစေနိုင်ပါတယ်။ သို့သော် ရက်ပေါင်း ၆၀ ထက်ကျော်လွန်သော်လည်း နို့ထွက်နှုန်းအပေါ်မှာ အကျိုးသက်ရောက်မှုမရှိပါဘူး။ အနားပေးကြားကာလရှည်ကြာခြင်းသည် နွားတစ်ကောင်မှ တစ်နှစ်အတွက် ပျမ်းမျှနို့ထွက်နှုန်းကို လျော့နည်းစေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တစ်သားနဲ့တစ်သားကြားကာလသည် ပုံမှန် (၁၃-၁၄ လ) ထက် ပိုမိုရှည်ကြာပြီး နွားမတစ်ကောင်ရဲ့တစ်သက်တာ နို့ထွက်နှုန်းကို လျော့နည်းစေပါတယ်။

နောက်တစ်ချက်က အနားပေးကြားကာလမှာ နွားမတစ်ကောင်ဟာ သူ့မှာရှိသင့်ရှိထိုက်တဲ့ ကိုယ်အနေအထား (body condition score) ရှိရပါမယ်။ အနားပေးကြားကာလမှာ ကောင်းမွန်တဲ့ ကိုယ်အနေအထား (good body condition) ရှိသောနွားသည် ညံ့သောကိုယ်အနေအထား (thin body condition) ရှိသောနွားထက် နောက်လာမယ့် နို့ပေးကာလမှာ နို့ထွက်နှုန်း သိသိသာသာမြင့်မားပါတယ်။

**၃။ ကလေးမွေးဖွားချိန် အသက်နှင့် ကိုယ်အလေးချိန် (Age and body weight at calving)**

နွားတစ်ကောင်ဟာ အသက်အရွယ်နှင့် ကိုယ်အလေးချိန်ကြီးလာတာနဲ့ နို့ထွက်နှုန်းမြင့်မားလာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အစာအိမ်လမ်းကြောင်း (digestive system) နှင့် နို့ဂလင်း (mammary gland) များ ပိုမိုကြီးထွားလာပြီး နို့ကိုပိုစစ်ထုတ်နိုင်သောကြောင့် ဖြစ်တယ်။ နောက်တစ်ချက်ကတော့ ထပ်တလဲလဲ ကိုယ်ဝန်ဆောင်ခြင်းနဲ့ ကလေးမွေးပြီး နို့ပေးခြင်းတို့ကြောင့်ဖြစ်ပါတယ်။ အချို့သုတေသနပညာရှင်တွေကတော့ အစာအာဟာရကိုပုံမှန်ကျွေးပြီး နို့ထွက်နှုန်းမြင်းမားလာခြင်းရဲ့ ၂၀ ရာခိုင်နှုန်းဟာ ကိုယ်အလေးချိန်မြင့်မားလာခြင်းကြောင့်ဖြစ်ပြီး ကျန်တဲ့ ၈၀ ရာခိုင်နှုန်းဟာ ထပ်တလဲလဲ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးနို့ညှစ်နေခြင်းကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ငါးကြိမ်မြောက်အထိ ထပ်တလဲလဲ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးနို့ညှစ်သော နွားမသည် ပထမကလေးမွေးသော နွားမ (မတမ်းမ) ထက် ၃၀ ရာခိုင်နှုန်း နို့ပိုမိုထွက်ရှိပါတယ်။

**၄။ နို့ပေးအကြိမ်ရေ (Lactation number)**

ကလေး ၄-၅ သားလောက်အထိ မွေးထားသောနွားမသည် တစ်သားမွေးသောနွားမ (မတမ်းမ) ထက် နို့ထွက်နှုန်းပိုကောင်းပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မတမ်းမထက် နို့အုံဖွံ့ဖြိုးမှုပိုကောင်းလာသောကြောင့် ဖြစ်ပါတယ်။ နှစ်နှစ်သားအရွယ်မှာ ပထမကလေးမွေးထားသော မတမ်းမတစ်ကောင်ရဲ့ နောက်သားတွေမှာထွက်ရှိမယ့် နို့ထွက်နှုန်းကို ပထမကလေးမွေးတုန်းကထွက်တဲ့ နို့ထွက်နှုန်းကို ၁ ဒသမ ၃ နဲ့ မြှောက်ခြင်းအားဖြင့် ခန့်မှန်းနိုင်ပါတယ်။

**၅။ ကိုယ်ဝန်ရှိခြင်း (Pregnancy)**

ကိုယ်ဝန်သည် နို့ထွက်နှုန်းကို ဟန့်တားနိုင်သော အစွမ်းရှိပါတယ်။ နွားမရဲ့ ကိုယ်ဝန် ငါးလနောက်ပိုင်းမှာ နို့ထွက်နှုန်း ကျဆင်းလာတတ်ပါတယ်။ ကိုယ်ဝန်ရှစ်လရှိသော နွားမသည် ကိုယ်ဝန်မရှိသော နွားမထက် နို့ထွက်နှုန်း ၂၀ ရာခိုင်နှုန်းခန့်လျော့နည်းပါတယ်။ ကိုယ်ဝန်ဆောင်ကာလကြာမြင့်လာတာနဲ့အမျှ အမဟော်မုန်း (estrogen & progesterone) ဓာတ်များမြင့်မားလာပြီး နို့စစ်ထုတ်မှုကို ဟန့်တားပါတယ်။

**၆။ ကလေးမွေးဖွားသောရာသီ (Season of calving)**

နို့ထွက်နှုန်းအပေါ် ကလေးမွေးဖွားသောရာသီရဲ့အကျိုးသက်ရောက်မှုသည် မျိုးရိုး (breed), နို့ပေးကာလ (stage of lactation) နဲ့ ရာသီဥတုအခြေအနေ (climatic condition) ကြောင့်လားဆိုပြီးတော့ ဝေခွဲရခက်နေဆဲဖြစ်ပါတယ်။ မိုးတွင်းနောက်ပိုင်းနဲ့ ဆောင်းတွင်းမွေးသောနွားမများဟာ နွေရာသီမွေးသော နွားမများထက် ၈ ရာခိုင်နှုန်းခန့် နို့ပိုမိုထွက်ရှိနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နေ့ခင်းအလင်းရောင်ရရှိမှုနဲ့ ပတ်ဝန်းကျင်အပူချိန်တို့ကြောင့် ဖြစ်နိုင်ပါတယ်။ အစာအာဟာရကောင်းကောင်းကျွေးပြီး စီမံခန့်ခွဲမှု ကောင်းမွန်အောင်လုပ်ခြင်းအားဖြင့် ကလေးမွေးဖွားသောရာသီဥတုကြောင့် နို့ထွက်နှုန်းကွာဟချက်ကို လျှော့ချနိုင်ပါတယ်။

**၇။ ပတ်ဝန်းကျင်အပူချိန် (Ambient temperature)**

နို့ထွက်နှုန်းအပေါ် ပတ်ဝန်းကျင်အပူချိန်ရဲ့ အကျိုးသက်ရောက်မှုဟာ မျိုးရိုးဗီဇပေါ်မှာ မူတည်ပါတယ်။ Larger breeds နဲ့ smaller breeds တို့ကိုယှဉ်ကြည့်ရင် Holstein Friesian ကဲ့သို့သော larger breeds များဟာ အအေးဒဏ်ကို ခံနိုင်ရည်ရှိပြီး Jersey ကဲ့သို့သော smaller breeds များက အပူဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ Holstein Friesian နွားမများအတွက်



အကောင်းဆုံးအပူချိန်သည် ၁၀ ဒီဂရီ စင်ဒီဂရိတ်ဖြစ်ပြီး အပူချိန် ၂၇ ဒီဂရီ စင်ဒီဂရိတ်ထက်ကျော်လွန်ပါက နို့ထွက်နှုန်း ကျဆင်းလာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အပူချိန်မြင့်လာတာနဲ့အမျှ အစာစားနှုန်းကျဆင်းလာပြီး နို့ထွက်နှုန်း လျော့နည်းသွားတာကြောင့်ဖြစ်ပါတယ်။ အပူချိန်မြင့်မားခြင်းကြောင့် နို့ထွက်နှုန်း လျော့နည်းခြင်းသည် ထုတ်လုပ်မှုလျော့နည်းသော နွားများထက် ထုတ်လုပ်မှုမြင့်မားသော နွားများတွင် ပိုဖြစ်ပါတယ်။

**၈။ ရောဂါ (Diseases)**

နို့ထွက်နှုန်းကို အဓိကအဟန့်အတားဖြစ်စေသော ရောဂါကတော့ နို့အုံရောင်ရောဂါ (mastitis) ပဲဖြစ်ပါတယ်။ အဲဒီရောဂါက နို့ကိုစစ်ထုတ်ပေးသော တစ်သျှူး (secretory tissue) ကိုဖျက်ဆီးလိုက်သောကြောင့် နို့ထွက်နှုန်း လျော့နည်းသွားရခြင်းဖြစ်ပါတယ်။ နို့ကိုစစ်ထုတ်ပေးသော တစ်သျှူး (secretory tissue) တွေ ပျက်စီးသွားတာကြောင့် ရောဂါပျောက်ကင်းသွားသော်လည်း နို့ထွက်နှုန်းမှာ ဆက်လက်ကျဆင်းနေတတ်ပါတယ်။

**၉။ အစာနှင့်ရေ ထောက်ပံ့မှု (Feed and water supply)**

အစာနဲ့ရေကို လုံလောက်အောင်မကျွေးဘဲ ကန့်သတ်ကျွေးမယ်ဆိုရင် နို့ထွက်နှုန်းကျနိုင်ပါတယ်။ အဲဒါကြောင့် အစာကျွေးတဲ့အခါမှာ လိုအပ်သော အာဟာရပမာဏ (nutrient requirement)ကို ပြည့်မီအောင် ကျွေးဖို့လိုအပ်ပါတယ်။ ဥပမာအားဖြင့် စွမ်းအင်(energy)၊ အသားဓာတ် (protein)၊ အမျှင်ဓာတ် (fibre)၊ ဗီတာမင် (vitamins) နှင့် သတ္တုဓာတ် (minerals) များကို လိုအပ်သောပမာဏပြည့်မီအောင် ကျွေးရပါမယ်။ နာရီအနည်းငယ်ကြာအောင် ရေကိုလုံလောက်အောင် မထောက်ပံ့နိုင်ရင် နို့ထွက်နှုန်းမြန်မြန်ဆန်ဆန် ကျဆင်းနိုင်ပါတယ်။

**၁၀။ ဟော်မုန်း (Growth hormone)**

နွားမတွေရဲ့ နို့ထွက်နှုန်းနဲ့ သူတို့ရဲ့သွေးထဲမှာရှိနေသော ကြီးထွားဟော်မုန်း (growth hormones) တို့ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်စပ်မှုရှိပါတယ်။ အဲဒီကြီးထွားဟော်မုန်းတွေဟာ နွားရဲ့ကိုယ်ထဲမှာ အာဟာရတွေကို ပြန်လည်ဖြန့်ဝေ (redistribution of nutrient) ပါတယ်။ အဲဒီလိုလုပ်တာကြောင့် အာဟာရအသုံးချမှု (nutrient utilization) ကောင်းလာပြီး နို့ထွက်နှုန်းကောင်းလာပါတယ်။ ဒါပေမယ့် ဒီကြီးထွားဟော်မုန်း (growth hormones) တွေဟာ နို့ကိုဖြစ်စေသောဖြစ်စဉ် (milk secretion process) မှာတော့ တိုက်ရိုက်ပါဝင် ပတ်သက်မှုတော့ မရှိပါဘူး။

**၁၁။ နို့တစ်ကြိမ်နှင့် တစ်ကြိမ်ညှစ်သော ကြားကာလ (Milking interval)**

အများအားဖြင့် တူညီသောကြားကာလ (equal interval) ဖြင့် တစ်ရက်ကို နှစ်ကြိမ်နှုန်းဖြင့် ညှစ်ကြပါတယ်။ နွားမတွေကို မတူညီသော ကြားကာလ (unequal intervals) မှာ နို့ညှစ်ခြင်းသည် တူညီသော ကြားကာလ (equal intervals) မှာ နို့ညှစ်ခြင်းထက် နို့ထွက်နှုန်းလျော့နည်းတာကို တွေ့ရပါတယ်။ ရက်ဆက်တိုက် တော်တော်ကြာအောင် နို့ကိုပြောင်အောင် မညှစ်ဘဲထားခြင်းသည်လည်း နို့ပေးကာလတစ်လျှောက်လုံးအတွက် နို့ထွက်နှုန်းကိုကျစေပါတယ်။ နို့ညှစ်ချိန်ဟာ ပုံမှန်အားဖြင့် နွားတစ်ကောင်ကို ၅-၆ မိနစ်သာကြာမြင့်ပါတယ်။

**၁၂။ တစ်ရက် နို့ညှစ်သောအကြိမ်ရေ (Milking frequency)**

ပုံမှန်အားဖြင့် နို့ကို တစ်ရက် နှစ်ကြိမ်နှုန်းနဲ့ညှစ်ကြပါတယ်။ တစ်ရက်ကို နှစ်ကြိမ်နို့ညှစ်ခြင်းသည် တစ်ကြိမ်နို့ညှစ်ခြင်းထက် နို့ ၄၀ ရာခိုင်နှုန်းခန့် ပိုထွက်ပါတယ်။ တကယ်လို့ တစ်ရက်ကို သုံးကြိမ်နို့ညှစ်မယ်ဆိုရင်တော့ နို့ထွက်နှုန်းသည် ၅-၂၀ ရာခိုင်နှုန်းခန့်အထိ တိုးလာနိုင်ပါတယ်။ အဲဒီလို နို့ထွက်နှုန်းတိုးခြင်းသည် ပထမနို့ပေးကာလမှာများပြီး နွားအသက်ကြီးလာတာနဲ့အမျှ ကျသွားတတ်ပါတယ်။ နို့ညှစ်သောအကြိမ်ရေတိုးခြင်းကြောင့် နို့ထွက်နှုန်းတိုးခြင်းသည် (၁) နို့မကြာခဏညှစ်သောကြောင့် နို့အုံအတွင်း ဖိအား (less intramammary pressure) ကို လျော့ကျစေခြင်း၊ (၂) နို့ထွက်နှုန်းကောင်းစေသော ဟော်မုန်းများထွက်ရှိလာအောင် ပိုမိုလှုံ့ဆော်ပေးခြင်း၊ (၃) နို့အုံထဲမှာ နို့တွေစုပုံနေမှုနည်းခြင်းကြောင့် စစ်ထုတ်ဆဲလ် (secretory cell) တွေကို ဆိုးကျိုးဖြစ်စေနိုင်မှုလျော့နည်းခြင်း တို့ကြောင့်ဖြစ်ပါတယ်။ နို့ညှစ်သော အကြိမ်ရေနဲ့ပတ်သက်ပြီး ယခုထိအောင် အယူအဆအမျိုးမျိုးရှိနေပါတယ်။ တကယ်လို့ တစ်ရက်ကို သုံးကြိမ်နို့ညှစ်မယ်ဆိုရင်တော့ နို့ညှစ်စက် (သို့) လူနဲ့မကြာခဏထိတွေ့နေရသောကြောင့် နို့အုံရောင်ရောဂါဖြစ်နိုင်ခြေပိုများပါတယ်။ အဲဒါကြောင့် မို့လို့ စီမံခန့်ခွဲမှုအားနည်းသောခြံတွေမှာ တစ်ရက်သုံးကြိမ်နို့ညှစ်ခြင်းကို တော့ အားမပေးပါ။



## ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်း သင်တန်းဖွင့်

**သာယာဝတီ ဇူလိုင် ၂၉**

သာယာဝတီခရိုင် သာယာဝတီမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ (၁/၂၀၁၅) ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်းကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးရဲထွန်းအောင်က သင်တန်းကိုဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းတွင် ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံကိန်းဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာနနှင့် သာယာဝတီ ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ မိုးညို၊ဇီးကုန်း၊ ကြို့ပင်ကောက်၊ နတ်တလင်းမြို့နယ်များရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူးများတက်ရောက်ပြီး သင်တန်းသား ဦးရေ ၅၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ပျိုးခင်းနေရာရွေးချယ်ခြင်း၊ ရော်ဘာပျိုးခင်းပြုပြင်ခြင်း၊ မျိုးစေ့ချခြင်း၊ အဖူးကူးခြင်း၊ ပန္နက်ရိုက်ခြင်း၊ မြေဩဇာကျွေးခြင်း စသည့် ခေတ်မီနည်းစနစ်များကို သင်ကြားပို့ချခဲ့သည်။ သင်တန်းအထိမ်းအမှတ်အဖြစ် ရော်ဘာပျိုးပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မန်းရွှေစက်တော်ရာဘုရား ပါဒအောက်စက်တော်ရာ ခြေတော်ရာမြတ် ဖန်အုပ်ဆောင်းတော်အထိ ရေဖုံးလွှမ်း

**မင်းဘူး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားကြီး၏ ပါဒအောက်စက်တော်ရာခြေတော်ရာမြတ်အား ဇူလိုင် ၂၀ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နမ္မဒါမန်းချောင်းရေမြင့်တက်လာကာ ဇူလိုင် ၂၇ ရက်တွင် ဖန်အုပ်ဆောင်းတော်မြတ်အတွင်းထိ ရေများဖုံးလွှမ်းသွားခဲ့သည်။

မန်းချောင်းရေတက်လာကာ ယခင်နှစ်များထက် ပိုမိုမြင့်တက်လာပြီး မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ယခုလက်ရှိ အောက်စက်တော်ရာရင်ပြင်တော်ပေါ်သို့ မန်းချောင်းရေဖုံးလွှမ်းလျက်ရှိနေပြီး ပျက်စီးဆုံးရှုံးမှုများမရှိသေးကြောင်း၊ ပုသိမ်-မုံရွာကားလမ်းမှ မန်းရွှေစက်တော်ရာသို့ အဝင် ၃ မိုင်လမ်းခွဲရှိ ယာယီတံတားများလည်း ပျက်စီးမျောပါသွားသဖြင့် (၈)မိုင်လမ်းမှ အထက်စက်တော်ရာသို့ လာရောက်ဖူးမျှော်နိုင်ကြောင်း၊ ဂေါပကအဖွဲ့ဝင် ဦးကျော်စိန်ဝင်း၏ ပြောပြချက်အရ သိရသည်။

နမ္မဒါဟု အမည်တွင်သော မန်းချောင်းသည် ငဖဲမြို့နယ်၏ အနောက်တောင်ဘက် (အထက်ဘက်)မှ စတင်၍စီးဆင်းလာရာ ၎င်းမန်းချောင်းရေအား မန်းချောင်း ရေလှောင်တမံမှ သိုလှောင်ထိန်းသိမ်းထားရှိပြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ လယ်ယာမြေများနွေစပါး အောင်ရေအပြည့်အဝပေးဝေနိုင်ရန် အိုင်းမရေလွှဲဆည်မှတစ်ဆင့် တောင်မန်းမြောင်းမကြီး၊ မြောက်မန်းမြောင်းမကြီးတို့ဖြင့် ဖြန့်ဝေပေးနေလျက်ရှိသည်။ ၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေအပြည့်အဝသိုလှောင်ထားနိုင်ပြီး ရေပိုလွှဲပေါက်များမှတစ်ဆင့် စီးဆင်းသော မန်းချောင်းရေများကြောင့် မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာမြတ်အား ရေဖုံးလွှမ်းသည်အထိ မြင့်တက်လျက်ရှိနေကြောင်း



နှင့် ပါဒအောက်စက်တော်ရာခြေတော်ရာမြတ်အား ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့်သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဘုရားကြီးအနီး ရှိကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ရေကင်းများချထား၍ အထူးစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ဂန့်ဂေါမြို့နယ်တွင် မိုးများပြီး မြစ်၊ ချောင်းများ ရေတက်၍ ယာယီသွားလာရေးအခက်ကြုံ

**ဂန့်ဂေါ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေစီးဝင်မှုများပြားသောကြောင့် မြစ်၊ ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ တည်ဆောက်ဆဲတံတားများအနီးရှိ လမ်းလွှဲများ၊ တံတားတည်ဆောက်ခြင်း မပြုနိုင်သေးသည့် ရေချောင်းဖြတ်ကျော်လမ်းများ၊ ရေကျော်များတွင် ယာယီအခိုက်အတန့်အားဖြင့် သွားလာရေးအခက်အခဲကြုံတွေ့ခဲ့ကြရကြောင်း ခရီးသွားအချို့၏ ပြောကြားချက်အရ သိရသည်။

"ဂန့်ဂေါမြို့အထွက် ဂန့်ဂေါ-ကလေးလမ်းပေါ်က မဖေးချောင်းဖြတ်ကျော်ကွန်ကရစ်တံတားက တည်ဆောက်ဆဲဖြစ်ပါတယ်။ ဖြတ်သန်းသွားလာဖို့အတွက် ချောင်းထဲကဖြတ်ပြီးလမ်းလွှဲဖောက်ပေးထားပါတယ်။ မိုးကြီးတော့လမ်းလွှဲမှာ ရေများပြီး သွားလို့မရဘူး။ ပြီးတော့ ဂန့်ဂေါ-ကလေးလမ်းပေါ်က ကျောက်ဂူရေကျော်မှာလည်း ရေများနေလို့သွားလို့မရပါဘူး။

ပလောချောင်းရေကြီးလို့ ငွေကျပ်သိန်း ၃၀ လောက်အကုန်အကျခံပြီး တည်ဆောက်ထားတဲ့ ပလောချောင်းဖြတ်ကျော် ယာယီသစ်လုံးတံတားကတော့ ရေထဲမျောပါသွားပါပြီ။ ယခုလောလောဆယ် မကျည်းခင်နဲ့ တောင်ပြင်ရွာကလူတွေ ဂန့်ဂေါမြို့ကိုလာချင်ရင် လှေစီးရတယ်" ဟု ဂန့်ဂေါမြို့နယ် မကျည်းခင်ကျေးရွာနေ ဦးစံမောင်က ပြောသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာများသည် မြစ်သာမြစ်ဝှမ်းတစ်လျှောက်နှင့် ၎င်းမြစ်ထဲသို့စီးဝင်သောချောင်းလက်တက်များကို အမှီသဟဲပြုလျက် ကျေးရွာများ တည်ထောင်နေထိုင်ကြသဖြင့် မိုးကြီးသည့်နှစ်များတွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရတတ်ကြကြောင်း၊ မြန်မာသက္ကရာဇ် ၁၂၆၅ခုနှစ်နှင့် ၁၂၈၁ ခုနှစ်၊ ၁၃၀၀ ပြည့်နှစ်များတွင် မြစ်သာမြစ်ရေလျှံသဖြင့် မြစ်ကမ်းပါးရှိ ဂန့်ဂေါမြို့နှင့် ကျေးရွာအချို့တွင်လူနေအိမ်များ ရေထဲမျောပါခြင်း၊ လူများ၊ ကျွဲ၊ နွားတိရစ္ဆာန်များ သေပျောက်ခြင်းတို့ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ထို့အပြင် ဂန့်ဂေါမြို့နယ်အတွင်းရှိ လျှိုမြောင်၊ ချောက်ကမ်းပါးနှင့်မြစ်ချောင်းပေါ်များသောကြောင့် မိုးကြီးသည့်အခါ ချောင်းရေလျှံပြီး ယခုကဲ့သို့ပင်သွားလာရေးအခက်အခဲကြုံတွေ့ရတတ်ကြောင်း ဂန့်ဂေါမြို့နယ်ဆိုင်ရာ သမိုင်းမှတ်တမ်းများနှင့်ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**ကြီးမြင့်လှိုင်(လှိုင်ကော်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တနိုင်း ဇူလိုင် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရည်ရွယ်၍ ဒုတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၅ ရက်က တနိုင်းမြို့နာဂတိုင်းရင်းသားရိုးရာကွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(တနိုင်း) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တပ်မတော်အရာရှိများ၊ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် ၎င်းတို့၏ ဇနီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအရာရှိများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောတာဝန်ခံ ဦးစောဖန်းအောင်နှင့်ဝန်ထမ်းများက စုပေါင်း၍ ကျွန်းနှင့် ပျဉ်းကတိုးပင် စုစုပေါင်း ၅၀၀ ကျော်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုလျော့ပါးရေးဆောင်ရွက်

**သထုံ ဇူလိုင် ၂၉**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ရေကြီးနစ်မြုပ်မှုအန္တရာယ်လျော့ပါးစေရေးနှင့်သုဝဏ္ဏဝတီမြို့မဈေးဘေးရှိ ကျိုက္ကော်ချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက်ပြည်သူများက ရေစီးလမ်းတစ်လျှောက် ပိတ်ဆို့နေသောအမှိုက်သရိုက်များကို ဇူလိုင် ၂၆ ရက်ကစတင်၍ ဖယ်ရှားခဲ့ကြောင်း သိရသည်။ အဆိုပါနေရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီးနောင်တွင် ရေကြီးနစ်မြုပ်မှုများ ထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

"ဒီကျိုက္ကော်ချောင်းကြီးက အမှိုက်တွေကို စည်းကမ်းမဲ့စွန့်ပစ်ကြတော့ ချောင်းက တဖြည်းဖြည်းကောလာပြီး ကျဉ်းလာတယ်။ ဒါကြောင့်မိုးလေးများများရွာပြီဆိုတာနဲ့ ရေကြီးတော့တာပါပဲ။ ချောင်းတူးဖော်မှုကို မြန်မြန်စစေချင်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ခွန်(ဝင်းပ)**

# ချမ်းငြိမ်းကုန်တင်သင်္ဘော မုံရွာ-ကလေးဝတစ်ပတ် တစ်ခေါက်ပြေးဆွဲလျက်ရှိ

**ကလေးဝ ဇူလိုင် ၂၉**

ပြည်တွင်းရေကြောင်းဌာနမှ မုံရွာ-ကလေးဝ တစ်ပတ်တစ်ခေါက်ပြေးဆွဲလျက်ရှိသည့် ချမ်းငြိမ်းကုန်တင်သင်္ဘောကြောင့် ကုန်စည်များ တင်ပို့ရာတွင် အဆင်ပြေချောမွေ့လျက်ရှိသည်။

ယခုလို မိုးတွင်းကာလဖြစ်သည့် မြစ်ရေတိုးချိန်တွင် နှစ်စဉ်ပြေးဆွဲလျက်ရှိပြီး မုံရွာမှ အဆန်တွင် ကွမ်းသီးနှင့် အခြားစားသောက်ကုန်ပစ္စည်းများ တင်ဆောင်၍ ကလေးဝမှအစုန်တွင် ပဲအမျိုးမျိုးနှင့် အိန္ဒိယဂျုံမှုန့်များကို အဓိကထားတင်ဆောင်လျက်ရှိသည်။

၂၀၁၄ ခုနှစ်တွင် မုံရွာ-ကလေးဝ ၂၂ ခေါက်ပြေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဇွန်လမှ နိုဝင်ဘာလအထိ ၂၇ ခေါက်လျာထားကာ ယခုအချိန်အထိ ငါးခေါက်ပြေးဆွဲပြီး ဖြစ်ကြောင်း သိရသည်။

**ကလေးဝ(ပြန်/ ဆက်)**



# ကမ်းပါးများပြိုကျမှုကာကွယ်နိုင်ရန် သဲအိတ်ရေကာတာပြုလုပ်

**ပခုက္ကူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာအုပ်စု ကြက်တန်းကုန်းကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေသဖြင့် မြစ်ကမ်းပါးတွင် သဲအိတ် ၅၀၀၀ ဖြင့် ရေကာတာပြုလုပ်ခြင်းလုပ်အားပေးပွဲကို ဇူလိုင်လစတုတ္ထပတ်က ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ လုပ်အားပေးပွဲတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုစွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ နယ်မြေခံတပ်မှ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးအောင်လင်းထွန်းနှင့် တပ်မတော်သား ၁၇၀၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွေး၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်စိုးပါရဲတပ်ဖွဲ့ဝင် ၇၅ ဦး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေးကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ

## အပိုင်း(၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

အဏုမြူနည်းပညာအရ အဏုမြူဓာတ်အားပေးစက်ရုံ၏ အရွယ်အစားသေးငယ်သွားလေ . . တည်ဆောက်မှုကုန်ကျစရိတ်သက်သာလေ၊ တည်ဆောက်တပ်ဆင်မှုအချိန်ကာလ ပို၍မြန်ဆန်လေဖြစ်သည်။ ထို့အတူပင် အရွယ်အစားသေးငယ်သော အဏုမြူဓာတ်အားပေးစက်ရုံများသည် အန္တရာယ်ဖြစ်နိုင်သည့် အခွင့်အလမ်းလည်း ပို၍လျော့ပါးသွားသည်။ အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံများ၏ စွန့်ပစ်ပစ္စည်းများတွင် ပလူတိုနီယံပါဝင်မှုကလည်း သိသိသာသာလျော့နည်းသွားသည့်အတွက် ရေဒီယိုသတ္တိကြွရောင်ခြည် သင့်နိုင်သည့် ဘေးအန္တရာယ်အတိုင်းအဆမှာလည်း များစွာလျော့ပါးသွားသည်။

အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံများတွင် အဏုမြူလောင်စာချောင်းများကို တစ်ကြိမ်ဖြည့်သွင်းထားရုံဖြင့် နောက်ထပ်လောင်စာလဲရန်မလိုဘဲ နှစ် ၃၀ ခန့်အထိ လျှပ်စစ်ဓာတ်အားကို ကာလကြာရှည်စွာ ဆက်တိုက်ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။ နှစ်ကာလကြာရှည်စွာ လောင်စာလဲရန်မလိုအပ်သည့်အားသာချက်ကြောင့်ပင် အဆိုပါအငယ်စား အဏုမြူဓာတ်အားပေးစက်များကို မြေပြင်အောက်၌ တည်ဆောက်တပ်ဆင်အသုံးပြုနိုင်သည်။

မြေအောက်ထဲ၌ တည်ဆောက်တပ်ဆင်လည်ပတ်နိုင်စွမ်းရှိသည့် အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံများသည် အကယ်၍မတော်တဆမှုတစ်ခုခု ဖြစ်ပွားသည့်တိုင် ဘေးပတ်ဝန်းကျင်သို့ ရေဒီယိုသတ္တိကြွရောင်ခြည်များ လွယ်လင့်တကူပျံ့နှံ့ရောက်ရှိသွားနိုင်သည့်အရေး စိုးရိမ်ပူပန်ရမှုများကိုလည်း များစွာလျော့ကျသွားစေသည်။

ကမ္ဘာအရပ်ရပ်ရှိ အဏုမြူဓာတ်အားပေးစက်ရုံများတွင် အဏုမြူမတော်တဆမှု မဖြစ်ပွားစေရေးအတွက် အခါမလပ်သတိကြီးကြီးထား၍ လုပ်ကိုင်နေကြသလိုပင်၊ အဏုမြူစက်ရုံကို ခုတုံးလုပ်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာနိုင်သည့် အခြေအနေတစ်ရပ်အတွက်လည်း ကြိုတင်ပြင်ဆင်မှုများကိုလည်း ပြုလုပ်ထားကြသည်။

တင်းကျပ်သောလုံခြုံရေးနှင့် ခေတ်မီသောအစောင့်အရှောက်အစီအမံများဖြင့် အဏုမြူဓာတ်အားပေးစက်ရုံများကို အကာအကွယ်ပေးနေကြရသည့်အားလျော်စွာ ယခုကဲ့သို့သော မြေကြီးအောက်ထဲတွင် တည်ဆောက်လည်ပတ်နိုင်စွမ်းရှိသည့် အငယ်စားအဏုမြူဓာတ်အားပေးစက်ရုံများသည် အကြမ်းဖက်ခံရမှု အန္တရာယ်မှ အလိုအလျောက် အကာအကွယ်ရရှိပြီးသား အနေအထားသို့ ရောက်ရှိသွားခဲ့သည်။

ယူရေနီယံသန့်စင်သည့် စက်ရုံများ၊ အဏုမြူဓာတ်ပေါင်းဖိုများ၊ ရေဒီယိုအိုင်ဆိုတုပ်ကို အသုံးပြုသည့် လုပ်ငန်းများ၊ အဏုမြူသုတေသနလုပ်ငန်းများ စသောအဏုမြူနည်းပညာနှင့်ပတ်သက် ဆက်စပ်သည့်လုပ်ငန်းတိုင်းသည် အကြမ်းဖက်ခံရနိုင်သော အန္တရာယ်ကို အထူးသတိထားလျက် ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြုလုပ်ထားကြရသည်။

ကုန်ထုတ်လုပ်မှုအတွက် လည်ပတ်နေသောစက်ရုံများနှင့် အဏုမြူစက်ရုံများ၏ အဓိကကွာခြားချက်မှာ အဏုမြူစက်ရုံများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ်ပို၍ရှိနေခြင်းနှင့် အကယ်၍အကြမ်းဖက်တိုက်ခိုက်လာပါက အဏုမြူစက်ရုံတစ်ခုတည်း၏ ပျက်စီးဆုံးရှုံးမှုအတွက်သာမက ရေဒီယိုသတ္တိကြွရောင်ခြည်ပျံ့လွင့်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူအသက်အန္တရာယ်တို့အတွက် ခြိမ်းခြောက်လာမည့်အရေးကိုပါ စိုးရိမ်ပူပန်ရခြင်းဖြစ်သည်။

အဏုမြူစက်ရုံကို အစီအစဉ်တကျ အပိုင်စီး၍ ခြိမ်းခြောက်ခြင်း၊ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းစသည်တို့သည် အဏုမြူစက်ရုံများကို အန္တရာယ်ပြုလာနိုင်သော အကြမ်းဖက်မှုများဖြစ်သည့်အတွက် တင်းကျပ်သောကြိုတင်ကာကွယ်မှုများကို ပြုလုပ်ထားကြရပေသည်။

### အဏုမြူစွမ်းအင်အတွက် ကုန်ကြမ်းပစ္စည်းများ

အရပ်ဘက်သုံး အဏုမြူစီမံကိန်းများအတွက် ဖြစ်စေ၊ စစ်ဘက်သုံး အဏုမြူစီမံကိန်းများအတွက် ဖြစ်စေ အဓိကလိုအပ်သော ကုန်ကြမ်းပစ္စည်းမှာ ယူရေနီယံသတ္တုပင်ဖြစ်သည်။ အဏုမြူနည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များတွင် အသုံးပြုရန်လိုအပ်သော ယူရေနီယံသတ္တုရိုင်းများသည် ကမ္ဘာ့မြေလွှာအောက်၌ သဘာဝအလျောက်ဖြစ်ပေါ် တည်ရှိနေကြသည့်အတွက် တူးဖော်ရယူသုံးစွဲကြခြင်းအားဖြင့် အဏုမြူစွမ်းအင်ကို ထုတ်လုပ်ရရှိသည်။

အမေရိကန်၊ ရုရှား၊ ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်၊ ယူကရိန်း၊ ကနေဒါ၊ ဩစတြေးလျ၊ တရုတ်၊ နိုင်ဂျာ၊ နမီးဘီးယား၊ မာလာဝီ၊ ဘရာဇီး စသောနိုင်ငံများတွင် ယူရေနီယံသတ္တုများကို တူးဖော်ရရှိသည်။ တောင်အမေရိကတိုက်အတွင်းရှိ နိုင်ငံအချို့၌လည်း ယူရေနီယံသတ္တုရိုင်းများကို တူးဖော်ရရှိနိုင်သည့် သတ္တုမိုင်းများကို တွေ့ရှိနေရသည်။ ထို့အတူပင် အာဖရိကဒေသ၊ မွန်ဂိုလီးယားနှင့် ဗဟိုအာရှဒေသအချို့တွင်လည်း ယူရေနီယံသတ္တုသိုက်များတည်ရှိနေသည့် သုတေသနအထောက်အထားအချို့ကို ရရှိထားကြပြီးဖြစ်သည်။

ယူရေနီယံသတ္တု ထွက်ရှိသော နိုင်ငံများအနက် ကာဇက်စတန်၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံများသည်



ယူရေနီယံသတ္တု

ကမ္ဘာ့အကြီးဆုံးသော ယူရေနီယံသတ္တုသိုက်များတည်ရှိရာ ဒေသများပင်ဖြစ်ကြသည်။ ကာဇက်စတန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ပျမ်းမျှ ယူရေနီယံသတ္တုတန်ချိန်ပေါင်း ၁၈၀၀၀ ကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။ အလားတူပင် ကနေဒါနိုင်ငံကလည်း နှစ်စဉ်ပျမ်းမျှ ယူရေနီယံသတ္တု တန်ချိန်ပေါင်း ၁၀၀၀၀ တူးဖော်ထုတ်လုပ်ပေးလျက်ရှိနေသလို ဩစတြေးလျနိုင်ငံကလည်း နှစ်စဉ်ပျမ်းမျှတန်ချိန်ပေါင်း ၆၅၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိသည်။

နမီးဘီးယားနှင့် နိုင်ဂျာနိုင်ငံတို့သည် နှစ်စဉ်ပျမ်းမျှ ယူရေနီယံသတ္တုတန်ချိန်ပေါင်း ၄၀၀၀ ကျော်ကို တူးဖော်ထုတ်လုပ်လျက်ရှိပြီး ဥဇဘက်ကစ္စတန်နိုင်ငံကမူ နှစ်စဉ်ပျမ်းမျှ တန်ချိန် ၂၅၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိသည်။ ယူကရိန်းနှင့် တရုတ်နိုင်ငံတို့ကမူ နှစ်စဉ်ပျမ်းမျှ ယူရေနီယံသတ္တုတန်ချိန် ၈၀၀ ခန့်သာ တူးဖော်ထုတ်လုပ်နိုင်ကြသည်။

အဏုမြူဓာတ်ပေါင်းဖိုများကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ပထမဦးဆုံးအကောင်အထည်ဖော်လုပ်ဆောင်ခဲ့သော အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်းမှထွက်ရှိသော ယူရေနီယံသတ္တု ကုန်ကြမ်းပမာဏနှင့် လုံလောက်မှုမရှိသည့်အတွက် ပြည်ပမှတင်သွင်းအသုံးပြုလျက်ရှိသည်။

စုစုပေါင်းအားဖြင့် အဏုမြူဓာတ်ပေါင်းဖို ၁၀၄ လုံးကိုအသုံးပြုလည်ပတ်နေသော အမေရိကန်နိုင်ငံသည် ယူရေနီယံသတ္တုရိုင်း နှစ်စဉ်ပျမ်းမျှ ထွက်ရှိမှုတန်ချိန် ၁၇၀၀ ခန့်ဖြင့် လုံလောက်မှုမရှိသည့်အတွက် ဩစတြေးလျ နိုင်ငံမှ ယူရေနီယံသတ္တုများကို အဓိကထားတင်သွင်းနေရသည်။ ယူကရိန်းနှင့် တရုတ်နိုင်ငံတို့သည်လည်း ဩစတြေးလျနိုင်ငံမှပင် ယူရေနီယံသတ္တုတန်ချိန်အမြောက်အမြားကို တင်သွင်းနေကြရဆဲဖြစ်သည်။

### ယူရေနီယံသတ္တုသိုက်များနှင့်ဈေးကွက်အလားအလာ

ကမ္ဘာပေါ်တွင် လက်ရှိအားဖြင့် ယူရေနီယံသတ္တုကို တူးဖော်ထုတ်လုပ်နေကြသော သတ္တုသိုက်များနှင့်တကွ ယူရေနီယံတူးဖော်ရရှိနိုင်သော အလားအလာရှိသည့် သတ္တုသိုက်အသစ်များကို ရှာဖွေတွေ့ရှိထားကြသည့်တိုင် သတ္တုသိုက်အသစ်များ၏ ယူရေနီယံထွက်ရှိနိုင်မှုပမာဏသည် ဒုတိယအဆင့်နှင့် တတိယအဆင့်များသာ ဖြစ်နိုင်ကြောင်း ခန့်မှန်းထားကြသည်။

သို့ဖြစ်၍ယူရေနီယံ သတ္တုသိုက်အသစ်များမှ နှစ်စဉ်ပျမ်းမျှထွက်ရှိနိုင်သည့် ပမာဏများမှာ နမီးဘီးယား၊ နိုင်ဂျာ၊ ရုရှားနှင့် ဥဇဘက်ကစ္စတန်စသော ယူရေနီယံထွက်ရှိမှု ဒုတိယအဆင့်နိုင်ငံများနှင့် အမေရိကန်၊ ယူကရိန်း၊ တရုတ်တို့ကဲ့သို့ တတိယအဆင့်နိုင်ငံများ ထက်မပိုသော ပမာဏများကိုသာ ထုတ်လုပ်ပေးနိုင်လိမ့်မည်ဟုမျှော်လင့်ရသည်။

ထို့ကြောင့်ပင် ဩစတြေးလျ၊ ကနေဒါနှင့်ကာဇက်စတန်တို့သည် ကမ္ဘာ့ယူရေနီယံ သတ္တုထုတ်လုပ်မှု အများဆုံးနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နေဖွယ်ရှိသည်။ လက်ရှိအားဖြင့်လည်း ဩစတြေးလျနိုင်ငံသည် အမေရိကန်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် ဥရောပနိုင်ငံများသို့ ယူရေနီယံသတ္တုတန်ချိန် အမြောက်အမြားကို တင်ပို့ရောင်းချလျက်ရှိနေသည်။

ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုလည်ပတ်နေကြသော အဏုမြူဓာတ်ပေါင်းဖိုများ အားလုံးအတွက်နှစ်စဉ်ပျမ်းမျှ လိုအပ်သော ယူရေနီယံကုန်ကြမ်းမှာ တန်ချိန်ပေါင်း ၇၀၀၀၀ ခန့်ဖြစ်သည့်အတွက် လက်ရှိယူရေနီယံသုံးစွဲမှုပမာဏနှင့် သတ္တုသိုက်များမှ တူးဖော်ထုတ်လုပ်ပေးနိုင်သော ပမာဏများကို ချိန်ထိုးကြည့်မည်ဆိုလျှင် ကမ္ဘာ့မြေလွှာအောက်ရှိ ယူရေနီယံသတ္တုကုန်ကြမ်းများသည် ၂၁ ရာစု၏ နှောင်းပိုင်းကာလအထိ ကောင်းစွာလုံလောက်မှုရှိနေနိုင်သေးကြောင်း World Nuclear Association က ခန့်မှန်းတွက်ချက်ထားသည်။

ကမ္ဘာ့ယူရေနီယံ သတ္တုသိုက်များအနက် ရုရှားနိုင်ငံမှထွက်ရှိသော ယူရေနီယံများသည် အဏုမြူလက်နက်များထုတ်လုပ်နိုင်သည့် အဆင့်မြင့်ယူရေနီယံ(HEU)များ ဖြစ်နေသည့်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အလို့ငှာ အခြားသော ယူရေနီယံသတ္တုရိုင်းများနှင့် ရောနှောပြုပြင်ပြီး အဆင့်နိမ့်ယူရေနီယံ(LEU)များအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ကြရသည်။

ယူရေနီယံသတ္တုတစ်တန်ကို အသုံးပြု၍ထုတ်လုပ်ပေးနိုင်သည့်လျှပ်စစ်ဓာတ်အားပမာဏသည် ကျောက်မီးသွေးတန်ချိန် ၂၀၀၀၀ ကို အသုံးပြု၍ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပမာဏနှင့် အတူတူပင်ဖြစ်သည်။

အဆင့်မြင့်အဏုမြူနည်းပညာကို အသုံးပြုခြင်းဖြင့် ယူရေနီယံသတ္တုတစ်တန်သည် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီပေါင်း ၄၅ သန်းခန့်အထိ ထုတ်လုပ်ပေးနိုင်သည့်အပြင် ကျောက်မီးသွေးနှင့် ရေနံစသော ရုပ်ကြွင်းလောင်စာများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ်အားဖြင့် ထက်ဝက်အောက်၌သာ ရှိနေသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်လိုကြသော အစိုးရများအတွက် ဆွဲဆောင်မှုတစ်ရပ် ဖြစ်လျက်ရှိနေသည်။

သို့ရာတွင် ကမ္ဘာတစ်ဝန်း၌ဖြစ်ပွားခဲ့သော အဏုမြူစက်ရုံမတော်တဆမှုများက အဏုမြူနည်းပညာကို အသုံးပြုလိုသူများအတွက် လက်တွန့်စရာဖြစ်လျက်ရှိနေသည်။ သာဓကအားဖြင့် ၁၉၇၉ ခုနှစ် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီယားပြည်နယ် Three Mile Island အဏုမြူဓာတ်ပေါင်းဖိုမတော်တဆ ဖြစ်ပွားမှု၊ ၁၉၈၆ ခုနှစ် ယူကရိန်းနိုင်ငံ ချာနိုဘိုင်း အဏုမြူဓာတ်ပေါင်းဖို မတော်တဆဖြစ်ပွားမှုနှင့် ၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံ၊ ဖူကူရှီးမားဓာတ်ပေါင်းဖိုမတော်တဆဖြစ်ပွားမှုစသည်တို့သည် အဏုမြူစွမ်းအင်ဆိုင်ရာ ဘေးထွက်ဆိုးကျိုးများနှင့်ပတ်သက်၍ ထိတ်လန့်တုန်လှုပ်သွားစေပြီး အဏုမြူနည်းပညာရပ်အပေါ် မေးခွန်းထုတ်စရာများ ဖြစ်လာခဲ့သည်။

အဆိုပါ ဖြစ်ရပ်များကြောင့် အဏုမြူစွမ်းအင်ကို အသုံးပြုလည်ပတ်နေကြသော ဓာတ်အားပေးစက်ရုံများရှိ အဏုမြူဓာတ်ပေါင်းဖိုများကို ပိတ်ပစ်ရန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ကျယ်ကျယ်ပြန့်ပြန့်တောင်းဆိုလျက်ရှိနေကြသည်။

အဏုမြူဓာတ်ပေါင်းဖိုများကို အသုံးပြုလည်ပတ်နေကြသည့် အချို့သော နိုင်ငံအစိုးရများက နိုင်ငံသူ၊ နိုင်ငံသားများကို နှစ်သိမ့်မှုပေးသည့်အနေဖြင့် လည်ပတ်နေသော အဏုမြူဓာတ်ပေါင်းဖိုအချို့ကို လုပ်ငန်းရပ်တန့်ထားခြင်း၊ တည်ဆောက်ဆဲအဏုမြူဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဆိုင်းငံ့ထားခြင်း စသည်တို့ကို လိုက်လျောလုပ်ဆောင်ပေးလျက်ရှိနေကြသည်။

သို့ရာတွင် ကာလရှည်ရပ်နားထားရန် မဖြစ်နိုင်သောစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် တစ်နေ့တခြားကိန်းဂဏန်းပို၍ကြီးမားလာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကြောင့် ခေတ္တရပ်နားထားသည့် အဏုမြူဓာတ်ပေါင်းဖိုများကို ပြန်လည်အလုပ်လုပ်စေလျက်ရှိသလို၊ အဏုမြူဓာတ်အားပေးစက်ရုံစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်လျက်ပင်ရှိနေကြပြန်သည်။

ထိုထိုသော အကြောင်းများကြောင့် အဏုမြူစွမ်းအင်အတွက် အဓိကလိုအပ်သော ကုန်ကြမ်းဖြစ်သည့် ယူရေနီယံသတ္တုများ၏ ဈေးကွက်အလားအလာသည် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု တပ်အပ်သေချာမပြောနိုင်သည့်တိုင် ယူရေနီယံအရောင်းအဝယ်ဈေးကွက် အေးစက်ပျက်ယွင်းသွားခြင်းမျိုးမှာမူ မဖြစ်နိုင်သေးသည့် အနေအထားမျိုး၌ရှိနေသည်။

## လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး လုပ်ငန်းစီမံချက် ဝက်လက်၌စတင်

ဝက်လက် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ကျန်းမာရေးမျှုအသင်းနှင့် ယူနီဆက်ဖ်အဖွဲ့တို့ပူးပေါင်း၍ လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစီမံချက် Community-Led Total Sanitation (CLTS) ကို ဝက်လက်မြို့နယ်၌ စတင်ဆောင်ရွက်မည်ဖြစ်၍ မြို့နယ်အဆင့်အသိပေးရှင်းလင်းပွဲကို ဇူလိုင် ၂၃ ရက်က ဝက်လက်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းစီမံချက်ကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ယင်လုံအိမ်သာအသုံးပြုရေး၊ ယင်ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပွားမှုလျော့ကျစေရေးတို့ကို အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝက်လက်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ စီမံချက်ကာလရှစ်လထား၍ အဖွဲ့ဝင် ၁၃ ဦးဖြင့် ဝက်လက်မြို့နယ်အတွင်း ကျေးရွာ ၅၀ တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံချက်ပြီးဆုံးပါကလည်း ကျေးရွာပြည်သူများအနေဖြင့် ကျန်းမာရေးအသိပညာများ တိုးတက်လာမည်ဖြစ်ပြီး ကျန်းမာရေးအလေ့အထကောင်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

နန်းမြင့်(ဝက်လက်)

# ရေဘေးကယ်ဆယ်ရေးဆောင်ရွက်စဉ် သေဆုံးသွားသော မီးသတ်တပ်ဖွဲ့ဝင်၏ ဖခင်အား ထောက်ပံ့

**ကောလင်း ဇူလိုင် ၂၉**

ကောလင်းမြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် သေဆုံးသွားသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ဖခင်အား ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ် ဝင်းချစ်ထူးသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်စဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ကျန်ရစ်သူ ၄င်း၏ ဖခင်ဦးသိန်းထွန်းဦးအား လူသားချင်းစာနာမှုအနေဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ထောက်ပံ့ငွေ ကျပ်ငါးသိန်း၊ ကသာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက ထောက်ပံ့ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ခဲ့သည်။

ဦးသိန်းထွန်းဦး(၆၁ နှစ်)သည် လေဖြတ်ဝေဒနာကို ခံစားနေရသည်မှာ ခုနစ်နှစ်ရှိပြီး ဇနီးဆုံးပါးသွား၍ သားဖြစ်သူ ဒုတပ်ကြပ်ဝင်းချစ်ထူးက ပြုစုပေးလျက်ရှိကြောင်း သိရသည်။ ကူညီစောင့်ရှောက်ပေးမည့်သူမရှိသော ဦးသိန်းထွန်းဦးအား ဒုတပ်ကြပ်ဝင်းချစ်ထူး၏ သူငယ်ချင်းဖြစ်သူ ကောလင်းမီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးအောင်ကိုလင်းက ပြုစုစောင့်ရှောက်လျက်ရှိကြောင်းနှင့် ပံ့ပိုးကူညီ



လိုပါက ကောလင်းမီးသတ်ဦးစီးဌာနရုံး ဖုန်း-၀၉-၄၀၀၄၂၇၀၉၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ရွေးကောက်ပွဲဆိုင်ရာ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေး

**ပုသိမ် ဇူလိုင် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့၏ ညွှန်ကြားချက်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ပုသိမ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဇူလိုင် ၂၄ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ခရိုင်ရွေးကောက်ပွဲအရာရှိတို့က လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို နိုင်ငံရေးပါတီများသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးထားပြီးဖြစ်၍ ရရှိမှုအခြေအနေကို စိစစ်မေးမြန်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများအတွက် ညှိနှိုင်းဖြေရှင်းရေးကော်မတီဖွဲ့စည်းထားရှိမှုကို ရှင်းပြခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်(Code Of Conduet ) ကို ရှင်းလင်းခြင်း၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှပေးပို့ညွှန်ကြားလာသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် သတိပြုရမည့်အချက်(၁၆)ချက်ကို အသိပေးချပြခြင်း၊ ထိုအချက်(၁၆)ချက်မှ ကိုယ်စားလှယ်လောင်းများ၏ လွှတ်တော်သုံးရပ်အတွက် အမည်စာရင်းတင်သွင်းရန်ပုံစံ(၆)၊ ကိုယ်ရေးရာဇဝင်ပုံစံ၊ ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်အပ်လွှာပုံစံ(၇) နှင့် (၇-က) နမူနာပုံစံများဖြန့်ဝေပေးခြင်း၊ ကိုယ်စားလှယ်လောင်းများ အာမခံငွေပေးသွင်းမှုအဆင်ပြေစေရေး ကြိုတင်စီစဉ်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ပါတီကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရဲဖေ၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်နိုင်ဦးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ ပုသိမ်ခရိုင်အတွင်းရှိ နိုင်ငံရေးပါတီကိုးခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**မောင်စော(ပြန်/ဆက်)**

# မိုးသည်းထန်သဖြင့် လှည်းကူးမြို့နယ်ရှိ ဌာနဆိုင်ရာရုံးအချို့တွင် ရေဝင်နေ

**ရန်ကုန် ဇူလိုင် ၂၉**

မိုးမပြတ်ရွာသွန်းမှုကြောင့် ဒေသအချို့တွင် ချောင်းရေကြီး၍ ရပ်ကွက်ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကင်းရပ်ကွက်အတွင်းရှိ မြို့နယ်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများတွင် ဇူလိုင် ၂၇ ရက်မှစ၍ လမ်းပေါ်ရေမြုပ်ပြီး ရုံးအတွင်းသို့ ရေများဒူးဆစ်ခန့်အထိဝင်ရောက်လျက်ရှိကြောင်း သိရသည်။




"ဒီလမ်းက နှစ်တိုင်းရေမြုပ်တယ်။ မနှစ်က လဝကမှတ်ပုံတင်ရုံးမှာ ရေဝင်လို့ ထွေအုပ်ရုံးကိုသွားပြီး ရုံးထိုင်ရတယ်။ ဥပဒေရုံးက အောက်ခြေမြင့်တော့ ရေမမြုပ်ဘူး"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးအနီးမှ ထမင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ ရုံးများအတွင်းရေဝင်နေသဖြင့် ဝန်ထမ်းများနှင့် ဌာနဆိုင်ရာသို့လာသောပြည်သူများအနေဖြင့် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

ရန်ကင်းရပ်ကွက်အနီးရှိ အောင်သပြေရပ်ကွက်တွင်လည်း အိမ်အချို့အတွင်းရေဝင်မှုများ ဖြစ်ပေါ်လျက်ရှိကာ မိုးထပ်မံရွာသွန်းပါက လက်ရှိမြုပ်နေသော ဖိနပ်ချွတ်အဆင့်နေရာမှ ပို၍တက်ကာ အိမ်ကြမ်းခင်းများအထိပါ ရေမြုပ်နိုင်ကြောင်း အောင်သပြေရပ်ကွက်မှ အိမ်ရှင်တစ်ဦးက ပြောသည်။

**(၁၆၄)**

# သောက်သုံးရေလုံလောက်စွာရရှိရေး စက်ရေတွင်းတူးဖော်

**ငါ့သရောက် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် အမှတ်(၃)ရပ်ကွက်၌ ရပ်ကွက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၉၀ နှင့် အမှတ်(၃) ရပ်ကွက်နေပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် ၄ လက်မ အဝီစိစက်ရေတွင်း တစ်တွင်းကို တူးဖော်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ရာတွင် သန့်ရှင်းသောမြေအောက်ရေရရှိရေးအတွက် အနက်ပေ ၆၆၀ ခန့်အထိ တူးဖော်သွားမည်ဖြစ်ကြောင်း၊ ဇူလိုင် ၂၃ ရက်မှစတင်၍ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေဖြစ်ကြောင်း သိရသည်။ စက်ရေတွင်းတူးဖော်နိုင်ရန်မြေနေရာကို အမှတ်(၃)ရပ်ကွက်နေ ဦးဝင်းဇော်မိသားစုက လှူဒါန်းပေးခဲ့ပြီး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရန်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရပ်ကွက်နေပြည်သူများက လိုအပ်သည့် အကူအညီများ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(iprd)**

# မြစ်ရေတက်သဖြင့် နွားစားကျက်များ နည်းပါးလာ

**ပခုက္ကူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာများတွင် နွားစားကျက်မြေများ နည်းပါးလာကြောင်း သိရသည်။

မြစ်ရေတက်နေမှုကြောင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်လယ်ကျွန်းရွာများဖြစ်သော ကွန်းရွာကျေးရွာအုပ်စုမှ ကျွန်းပုလု၊ ခြောက်ဦးသား၊ ရေလယ်ခေါင်မြစ်ကျွန်းနှင့် လေးလံကျွန်းကျေးရွာများတွင် နွားများကိုလွှတ်ကျောင်းရန် မြစ်ကမ်းဘေးစားကျက်မြေများ နည်းပါးလာသဖြင့် ကျေးရွာများအနီးရှိ နွားစားကျက်များတွင်သာ နွားများကို လွှတ်ကျောင်းနေရကြောင်း ဒေသခံပြည်သူအချို့၏ ပြောကြားချက်အရ သိရသည်။

**အောင်ကျော်မြင့်**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆရာဖြစ်သင်တန်းဖွင့်

**ပုသိမ် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်သင်တန်း (၅/၂၀၁၅) ကို ပုသိမ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းစိုး၊ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒါရိုက်တာ ဦးဝင်းမိုးသူ၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် စည်ပင်သာယာရေးဝန်ကြီးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကြောင့် ရွာသူ ရွာသားများအနေဖြင့် မိမိရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်စီမံခန့်ခွဲကာ ဒီမိုကရေစီနည်းလမ်းကျကျ စီမံဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာခြင်း၊ အစုအဖွဲ့ပုံသဏ္ဌာန်ဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို စုဖွဲ့လုပ်ကိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် အမျိုးသမီးထု၏ စိတ်ပါဝင်စားမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်း စသည့်တိုးတက်မှုများ ရှိလာကြောင်း၊ မြစိမ်းရောင်စီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအဟန့်အတားများ၊ ဆုံးရှုံးနိုင်မှုများရှိလာပါက ဖြေရှင်းနိုင်သည့် နည်းလမ်းများကို သိရှိဖြေရှင်းနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းပို့ချခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒါရိုက်တာနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က သင်တန်းနှင့်ပတ်သက်၍ သိရှိသင့်သည့်အချက်များကို ဆွေးနွေးမှာကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကွန်မြူနတီဒိုင်း ဘယ်အသင်းပိုလ်စွဲမလဲ

မိုးမြင့်လင်းလတ်



(၉၃)ကြိမ်မြောက် ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲကို လာမယ့်ဩဂုတ် ၂ ရက်မှာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဝင်ဘလေကွင်းမှာ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ ရာသီအကြိုပြိုင်ပွဲတစ်ရပ်အဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်တော့မှာ ဖြစ်ပါတယ်။ ၂၀၁၅ အက်ဖ်အေဖလား ရရှိခဲ့တဲ့ အာဆင်နယ်နဲ့ ပရီမီယာလိဂ် ဖလားရရှိထားတဲ့ ချယ်လ်ဆီးတို့ရဲ့ ရာသီအကြိုအားစမ်းပွဲကတော့ ကမ္ဘာ့ဘောလုံးပရိသတ်ရှေ့ မှောက်ကိုအသုံးတော်ခံတော့မှာ ဖြစ်လို့ ရင်ခုန်စွာ စောင့်မျှော်အားပေးရဦးမယ့်ပွဲလည်း ဖြစ်နေပါတယ်။

ကွင်းလယ်ဒိုင်လူကြီး အန်သိုနီတေလာ ကိုင်တွယ်ကြီးကြပ်မယ့် ဒီပွဲစဉ်မှာတော့ ကွန်မြူနတီဒိုင်းလုပွဲကို စုစုပေါင်း ၂၁ ကြိမ်ဆင်နွှဲခဲ့ပြီး (၁၃)ကြိမ် ဗိုလ်စွဲခဲ့တဲ့ အာဆင်နယ်နဲ့ ကွန်မြူနတီဒိုင်းလုပွဲကို (၁၀)ကြိမ်ကစားခဲ့ပြီး လေးကြိမ်ဗိုလ်စွဲခဲ့တဲ့ ချယ်လ်ဆီးတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုက ပရိသတ်တွေရဲ့ စိတ်ကို ရသမျိုးစုံပေးစွမ်းပါလိမ့်မယ်။

အာဆင်နယ်အသင်းဟာ လက်ရှိချန်ပီယံဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီက မန်စီးတီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ယူကာ ကွန်မြူနတီဒိုင်းကို ရယူခဲ့တာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အာဆင်နယ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင်အက်စတွန်ဗီလာကို လေးဂိုးပြတ်နဲ့နိုင်ပြီး ဝက်စ်ဘရွန်းကိုလည်း လေးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသားအနိုင်ယူခဲ့ပါတယ်။ ဆန်းဒါးလန်းအသင်းနဲ့ မန်ယူအသင်းတို့ကို သရေပွဲတွေဖြစ်ခဲ့ပြီး ဆွမ်ဆီးကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ ပါတယ်။

အာဆင်နယ်အသင်းဟာ ဇူလိုင် ၂၆ ရက်က ကစားခဲ့တဲ့ အီမရိတ်ဖလား ပြိုင်ပွဲမှာ ဂျာမနီကလပ်ဝုဖ်ဘတ်ကို ခြောက်ဂိုးပြတ်အနိုင်ယူပြီး ခြေစွမ်းပြခဲ့တာမို့ နည်းပြအာစင်ဝင်းဂါးလောလောဆယ်မှာ ကျေနပ်နေတဲ့ ကစားအားကို ရရှိနေပါတယ်။ ဒါ့အပြင် အသင်းမှာအားထားရတဲ့ အသက် ၂၆ နှစ်အရွယ် တိုက်စစ်မှူး ဝေါကော့သ်လည်း အသင်းမှာ ပြန်လည်ကစားနိုင်နေပြီဖြစ်လို့ အင်အားတောင့်တင်းနေပါတယ်။

ဒါ့အပြင် ရာသီအကြိုပြင်ဆင်မှုတွေပြုလုပ်နေချိန်ဖြစ်လို့ ကစားသမားတွေ အစုံအလင် ပြန်လည်စုစည်းမိချိန်မို့ နည်းပြအာစင်ဝင်းဂါးဟာ ဒီပွဲကို သေသေချာချာပြင်ဆင်ကစားမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးက ခေါ်ယူထားတဲ့ ဂိုးသမား ပီတာချက်ကိုလည်း ဒီပွဲမှာ ပွဲထုတ်လာဖွယ်ရှိနေပြီး တိုက်စစ်မှာ ဂီရော့ဒ်နဲ့ ဝေါကော့သ်အတွဲကို ထုတ်သုံးဖို့ရှိနေပါတယ်။ ရာသီအကြိုခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းတွေရရှိနေတဲ့ အာဆင်နယ်နဲ့ပတ်သက်ပြီး နည်းပြအာစင်ဝင်းဂါးက “ချယ်လ်ဆီးနဲ့ ကစားရမယ့် ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ရာနှုန်းပြည့် အနိုင်ရရှိမယ်လို့ ယုံကြည်နေပါတယ်”လို့ ပြောကြားနေပါတယ်။

ချယ်လ်ဆီးတို့ကတော့ ကစားသမားအင်အား ပြည့်ပြည့်စုံစုံနဲ့ အာဆင်နယ်ကို ရင်ဆိုင်သွားမှာဖြစ်ပြီး ကွန်မြူနတီဒိုင်းကို ဆွတ်ခူးဖို့ အသင့်ပြင်ဆင်ထားပြီဖြစ်တယ်လို့ နည်းပြမော်ရင်ဟိုက ဆိုနေပါတယ်။ ဒီဂို ကော်စတာ၊ ရီမီ၊ ဖယ်လ်ကာအို တို့ကို တိုက်စစ်ပွဲထုတ်လာမယ့် ချယ်လ်ဆီးတိုက်စစ်ဟာ သက်ဝင်လှုပ်ရှားမှု ဘယ်လောက် အထိရှိတယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ဖာဘရီဂတ်စ်၊ အော်စတာ၊ ဟာဇက်တို့ရဲ့ စွမ်းဆောင်မှုတွေက ထိရောက်မှုရှိကြောင်း မော်ရင်ဟိုဘယ်လိုပြသမလဲဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်နေပါတယ်။

အသစ်ခေါ်ယူထားတဲ့ ပါတီဇန်ကလပ်က ဒါနီလိုပန်တီ၊ နာသန်တို့ကို အရံစွန့်ထုတ်သုံးမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီပွဲမှာ အငှားခေါ်ယူထားတဲ့ တိုက်စစ်မှူးဖယ်လ်ကာအိုကတော့ ပရိသတ်တွေရဲ့ စောင့်ကြည့်ခံ ကစားသမားတစ်ဦးဖြစ်ပါလိမ့်မယ်။

“ဒီပွဲမှာ ကျွန်တော်တို့ စိုးရိမ်စရာအကြောင်း မရှိပါဘူး။ အာဆင်နယ်ဟာ ကျွန်တော်တို့အတွက် ပြိုင်ဘက်ကောင်းတစ်သင်းဖြစ်တာမှန်ပေမယ့် အသင်းလိုက်စွမ်းဆောင်မှုအပိုင်းမှာ ကျွန်တော်တို့ အားသာတယ်လို့ ယုံကြည်မှုအပြည့် ရှိနေပါတယ်”လို့ ဟာဇက်ကပြောကြားနေတာမို့ ကွန်မြူနတီဒိုင်းပွဲရလဒ် ဘယ်လိုထွက်လာမလဲ စောင့်ကြည့် အားပေးရမှာဖြစ်ပါတယ်။

## ခံစစ်မှူး ခရက်စပိုအား ဗီလာခေါ်ယူအားဖြည့်

စပိန်ကလပ်ကော်ဒိုဗာက ဗဟိုခံစစ်မှူး ဟိုဆေးအိန်ဂျယ်ခရက်စပိုဟာ အက်စ်တွန်ဗီလာကို ပြောင်းဖို့ သဘောတူလိုက်ပြီဖြစ်တယ်လို့ ကြေညာလိုက်ပါပြီ။ အသက် ၂၈ နှစ်အရွယ်ရှိ ခရက်စပိုဟာ ဆီဗီလာအသင်းနဲ့အတူ ၂၀၀၆ ခုနှစ်က ယူအီအက်ဖ်အေဖလား ဆွတ်ခူးစဉ် ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ ရေးစင်းဆန်တန်ဒါသို့ မပြောင်းမီ အီတလီကလပ် ဘိုလော့နာနဲ့ ပီရွန်နာအသင်းတွေမှာလည်း ခြေစွမ်းပြကစားခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာသီက ပရီမီယာလိဂ်ထိပ်တန်းကလပ်တစ်ခုက ကမ်းလှမ်းခဲ့မှုအပေါ် ငြင်းဆိုခဲ့ပေမယ့်အက်စ်တွန်ဗီလာရဲ့ ကမ်းလှမ်းမှုကိုတော့ လက်ခံလိုက်ပြီဖြစ်ပါတယ်။ သူဟာ အသက် ၂၁ နှစ်အောက် စပိန်အသင်းရဲ့ ကစားသမားဟောင်းလည်း ဖြစ်ပါတယ်။ ကော်နီဗာနဲ့ အက်စ်တွန်လာအသင်းတို့ဟာ ခရက်စ်ပို ပြောင်းရွှေ့ရေးနဲ့ ပတ်သက်ပြီး သဘောတူလိုက်ပြီဖြစ်ပါတယ်။ မကြာမီအက်စ်တွန်ဗီလာအသင်းရဲ့ ခံစစ်မှူးနေရာကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။



## စပါးက အလိုရှိနေတဲ့ ဝက်စ်ဘရွန်းတိုက်စစ်မှူး

စပါးအသင်း အနေနဲ့ လာမယ့်ရာသီမှာ တောင့်တင်းခိုင်မာတဲ့အသင်းကောင်းအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ဖို့ တိုက်စစ်မှူးကောင်းတွေ ထပ်မံ အားဖြည့်လျက်ရှိရာမှာ ဝက်စ်ဘရွန်းတိုက်စစ်မှူး ဆိုင်ဒိုဘာရာဟီနိုကို ပေါင်းသန်း ၂၀ နဲ့ ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ဆိုပါတယ်။ သို့ပေမယ့် စပါးကတော့ ပေါင်သန်း ၂၀ အထိ ပေးပြီးခေါ်ယူဖို့ ဆန္ဒမရှိပါဘူး။ ဝက်စ်ဘရွန်းက လိုချင်နေတဲ့ ဈေးဖြစ်ပါတယ်။



အသက် ၂၀ အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး ဘာရာဟီနိုကို စပါးက နှစ်ရှည် စာချုပ်နဲ့ခေါ်ယူသွားဖွယ်ရှိနေပါတယ်။ ဒီအတောအတွင်းမှာပဲ အဒီဘာယောကို အက်စ်တွန်ဗီလာအသင်းသို့ အငှားချထားဖို့နီးစပ်နေပြီဖြစ်ပါတယ်။ ဝက်စ်ဘရွန်းတိုက်စစ်မှူး ဘာရာဟီနိုဟာ စပါးက အဓိကပစ်မှတ်ထားနေတဲ့ အဓိက တိုက်စစ်မှူးဖြစ်လာပါတယ်။ စပါးအနေနဲ့ အသက်အရွယ်ရလာပြီဖြစ်တဲ့ တိုက်စစ်မှူး အဒီဘာယောရဲ့နေရာမှာ ခြေစွမ်းထက်မြက်တဲ့ တိုက်စစ်မှူးကောင်းတစ်ဦးနဲ့ အစားထိုးဖို့ကြိုးစားနေပါတယ်။

ဝက်စ်ဘရွန်းလူငယ် တိုက်စစ်မှူး ဘာရာဟီနိုအနေနဲ့ ပြီးခဲ့တဲ့ ရာသီက ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်တဲ့အတွက် စပါးက အရခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ နှစ်ဖက်အသင်းတွေရဲ့ ညှိနှိုင်းမှုနဲ့အတူ လာမယ့်ရာသီမှာတော့ ဘာရာဟီနိုအနေနဲ့ စပါးအသင်းသို့ ရောက်ရှိလာနိုင်ပါတယ်။

## ဘာစီလိုနာကွင်းလယ်လူ စတုတ်ကို ပြောင်းလာ

ကောင်းမြတ်သူ စုစည်းသည်။

ဟော်လန်လက်ရွေးစင်ကွင်းလယ်ကစားသမား အီဘရာဟင်အဖယ်လေကို စတုတ်စီးတီးက အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ အဖယ်လေဟာ ပြီးခဲ့တဲ့လက ဘာစီလိုနာနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် စတုတ်သို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပါတယ်။ အဖယ်လေက ပြီးခဲ့တဲ့ရာသီက ဘာစီလိုနာမှ ပြောင်းရွှေ့သွားတဲ့ မူနီဆာ၊ အိုဂျန်ခရစ်တို့နဲ့ ဆက်သွယ်ပြီး စတုတ်သို့ ပြောင်းလာခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်က PSV မှ ပြောင်းလာတဲ့ ကွင်းလယ်လူ အဖယ်လေကို ဘာစီလိုနာအသင်းမှာ အောင်မြင်တဲ့ကစားသမားမဖြစ်ခဲ့ပါဘူး။ ဒါ့ကြောင့်လည်း ပြီးခဲ့တဲ့လက သက်တမ်းမကုန်ဆုံးမီ အဖယ်လေကို ဘာစီလိုနာက ရှော်လ်ကေးနဲ့ အိုလံပီကို့စ်အသင်းတွေမှာ အငှားချထားခဲ့ပါတယ်။ အဖယ်လေဟာ ဟော်လန်အသင်းနဲ့ ပွဲပေါင်း ၅၀ ပါဝင်ကစားခဲ့ပါတယ်။ သို့ပေမယ့် ၂၀၁၃ ခုနှစ်မှစပြီး ငါးပွဲသာပါဝင်ကစားခွင့်ရခဲ့ပါတယ်။


© AP

# မြောက်ယမား ချောင်းကူးတံတားအခင်းများ ပျက်စီးလာသဖြင့် သွားလာရန်အခက်တွေ့

**မုံရွာ ဇူလိုင် ၂၉**

ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်ရှိ မြောက်ယမား ချောင်းကူးသစ်သားတံတားသည် တည်ဆောက်ပြီး ငါးနှစ်သက်တမ်းအတွင်း အသုံးပြုမှုများပြားသဖြင့် တံတားအခင်းများပျက်စီးလာရာ ဆိုင်ကယ်စီးသူများအနေဖြင့် တံတားပေါ်ဖြတ်၍သွားလာရန် ခက်ခဲနေကြောင်း သိရသည်။

မြောက်ယမားချောင်းကူးတံတားသည် ဘေလီတံတားအမျိုးအစား သစ်သားကြမ်းခင်းတံတားဖြစ်ရာ မော်တော်ယာဉ်ကြီးများနေ့စဉ်ဖြတ်သန်းမောင်းနှင်မှုကြောင့် အခင်းသစ်သားများကြေမွကာ သံချွန်များထွက်ပေါ်လျက်ရှိသည်။

ယခုအခါ တံတားပေါ်ဖြတ်ကူးသည့် မော်တော်ယာဉ်များ ဘီးပေါက်ခြင်းများကြုံတွေ့ရသလို အစားထိုးသစ်သားများ မညီညာခြင်းကြောင့် တံတားပေါ်ဖြတ်ကူးသောဆိုင်ကယ်များ လမ်းချော်ပြီး ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မြောက်ယမားချောင်းကူးတံတားသည် ပုသိမ်-မုံရွာလမ်းပေါ် မိုင်တိုင်အမှတ် ၄၈၇ နှင့် ၄၈၈ ကြားတွင်ရှိပြီး ၂၀၀၈ခုနှစ် မတ်လအတွင်းက စတင်တည်ဆောက်ခဲ့ကာ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ တစ်လမ်းသွားတံတားဖြစ်ခြင်းကြောင့် တံတားကိုဖြတ်ကူးသည့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအနေဖြင့် အသွားအပြန် တစ်လှည့်စီဖြတ်သန်းနေရ၍ အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မြောက်ယမားချောင်းကူးတံတားကို သွားလာရေးကောင်းမွန်မည့် နှစ်လမ်းသွားတံတားအဖြစ် ပြုပြင်တည်ဆောက်ပေးရန် ဒေသခံများအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲကျင်းပ

**တာချီလိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်( TSDP) အရ မြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား) အလွတ်တန်းဘောလုံးပြိုင်ပွဲ၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲ၊ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ၏ ဖွင့်ပွဲကို မြို့မအားကစားကွင်း၌ ဇူလိုင် ၂၇ ရက်က ကျင်းပသည်။



ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ကျောင်းသားကျောင်းသူများက ကွင်းအတွင်း နေရာယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အားကစားပြိုင်ပွဲများ၏ ဖွင့်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် အားကစားပြိုင်ပွဲများ ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ရွှေဝင်းဖြိုးကုမ္ပဏီက ငွေကျပ်သိန်း ၂၀ နှင့် ထိုင်းဘတ် ၄၅၀၀၀၊ အချိုရည် ဖာ ၂၀၀၊ NIEC မှ အလှူငွေ ထိုင်း ဘတ် ၃၀၀၀၀နှင့် LM home mart မှ အလှူငွေ ထိုင်းဘတ် ၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဆန်ဆိုင်း(ခ)ရပ်ကွက်ဘောလုံးအသင်းနှင့် ပုန်းထွန်ရပ်ကွက်ဘောလုံးအသင်းတို့မှ အားကစားသမားတစ်ဦးချင်းစီအား အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လိုက်လံနှုတ်ဆက်ပြီး ဘောလုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

အားကစားပြိုင်ပွဲဖွင့်ပွဲသို့ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူးဗိုလ်မှူးကြီး ဇော်မင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှအုပ်ချုပ်ရေးမှူးများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ဝေယံလင်း**(iprd)

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများလှူဒါန်း

**သပိတ်ကျင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာအုပ်စုရှိ တောင်လယ်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ရေသန့်ဆေးများကို မန္တလေးတိုင်းဒေသကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်၍ ဇူလိုင် ၂၆ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးအောင်ဇံ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွဋ်ဆွေ၊ သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်လယ်ကျေးရွာသို့ သွားရောက်၍ ကျေးရွာအလက(ခွဲ)ခန်းမတွင် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တောင်လယ်ကျေးရွာနှင့် တွင်းငယ်ကျေးရွာအုပ်စုအတွင်းရှိ တွင်းငယ်၊ ဒေါင်းပုန်း၊ ရှားတောကျေးရွာများမှ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၅၇ စုအတွက် အလှူငွေကျပ် ၂၈၅၀၀၀၀ ကို ဝန်ကြီးက ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ကယ်ဆယ်ရေး အသုံးအဆောင်ပစ္စည်းများနှင့် သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် အိမ်ထောင်စုတစ်စုလျှင် ၁၂ ရက်စာ အသုံးပြုနိုင်မည့် ရေသန့်ဆေးများကို ပေးအပ်ခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး-ဗန်းမော် ကားလမ်းပေါ်ရှိ ရှားတောတံတားပျက်စီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး အလျင်အမြန်ကောင်းမွန်စေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံများနှင့် တွေ့ဆုံကာ လမ်းတံတားပြုပြင်မှုအခြေအနေများကို မေးမြန်းခဲ့ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**



# တန်ဖိုးကျပ် ၁၁ သိန်းကျော်ရှိ ဘီယာများ မိုဘိုင်းအဖွဲ့က ဖမ်းဆီး

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမှ ဖားကန့်သို့မောင်းလာသည့် ယာဉ်တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော တန်ဖိုးကျပ် ၁၁ သန်းကျော်ရှိ ဘီယာဖာများကို ဇူလိုင် ၂၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ဦးစီးပြီးအဖွဲ့စုံပါဝင်သောမန္တလေး ရွေ့လျားလှုပ်ရှားအဖွဲ့(မတ္တရာ)က မန္တလေး-ဖားကန့်လမ်း၌ ဇူလိုင် ၂၃ ရက် ညပိုင်းက စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးမှ ဖားကန့်သို့ မောင်းနှင်လာသည့် IB---- ယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသည့် တစ်ဖာလျှင် ၂၄ ဘူးပါဝင်သည့် Chan ဘီယာ ၉၂ ဖာ(တန်ဖိုးကျပ် ၁၁၀၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## သတင်းတိုများ

### မိုးရာသီပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အားကစားကွင်း၌ အားကစားဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌဖလား မိုးရာသီပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင်၂၇ရက် ညနေက ယှဉ်ပြိုင်ကစားရာ နတ်သံကွင်း လူငယ်ပိုက်ကျော်ခြင်းအသင်းက ပထမ၊ ကျောက်ကြီးမြို့ ရွှေရောင်မြေ(၂)လူငယ်ပိုက်ကျော်ခြင်းအသင်းက ဒုတိယ ရရှိကြပြီး ကျောက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်က ဆုများချီးမြှင့်ခဲ့သည်။ **(ဝ၄၅)**

### ကျေးရွာအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သဲဖြူအလယ်ကျေးရွာအုပ်စု တံတားရိုးရွာရှိ အခြေခံပညာမူလတန်း(လွန်) ကျောင်းကိုအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ၊ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးသန်းဝင်းနှင့် ရပ်မိရပ်ဖ ဦးထွန်းရွှေတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်းသည် ယခင်က မူလတန်းလွန်အဆင့်သာရှိခဲ့သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အလယ်တန်းပညာကို ရွာနှင့်သုံးမိုင်ခန့်ဝေးသော အင်းရဲကျေးရွာနှင့် လေးမိုင်ခန့်ဝေးသော ပေါက်ဆိန်ပဲ့ကျေးရွာများသို့ ရွှံ့နွံထူထပ်သည့် လမ်းများမှ သွားရောက်သင်ကြားခဲ့ရကြောင်း၊ အလယ်တန်းကျောင်း(ခွဲ)အဖြစ်တိုးမြှင့်ဖွင့်လှစ်ပြီးနောက် မိမိတို့ကျေးရွာအုပ်စုအတွင်းတွင် အလယ်တန်းပညာကိုသင်ကြားနိုင်ပြီဖြစ်သဖြင့် ကျေးရွာအုပ်စုအတွင်းရှိ တံတားရိုး၊ သဲဖြူကျွန်း၊ သဲဖြူလေး၊ ရိုးကြီး၊ သဲဖြူအလယ်၊ သရက်တောနှင့် သဲဖြူကြီးစသည့် ကျေးရွာခုနစ်ရွာမှ ကျောင်းသားကျောင်းသူများအတွက် ပညာသင်ကြားရေး ပိုမိုအဆင်ပြေလွယ်ကူလာကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

### သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နွားထိုးကြီးမြို့ပြည်သူ့ရဲစခန်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေကန်များတွင် ခြင်ပေါက်ပွားမှုမရှိအောင် ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများစစ်ဆေးခြင်း၊ ရေမြောင်းများတွင် ရေစီးရေလာကောင်းအောင်ဆောင်ရွက်ခြင်း၊ သွေလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝေဝေသန်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဇူလိုင် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းအောင်ဇော်(နွားထိုးကြီး)**

### တိုင်းဒေသကြီးပညာရေးဖောင်ဒေးရှင်းရန်ပုံငွေ အနုပညာဖျော်ဖြေပွဲကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်၍ Storybook Entertainmant မှ စီစဉ်သော ဧရာဝတီတိုင်းဒေသကြီး ပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာဖျော်ဖြေပွဲကို ပုသိမ်မြို့တော်ခန်းမ၌ ဩဂုတ် ၁ ရက်နှင့် ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါရန်ပုံငွေပွဲတွင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ချမ်းသာ (သစ္စာ၊ မေတ္တာရွှေမန်းသဘင်)၊ မင်းမော်ကွန်း၊ နေတိုး၊ ကျော်ကျော်ဗို၊ မိုးယုစံ၊ မေကဗျာ၊ ဝါဆိုမိုးဦး၊ ဖူးစုံ စသည့်အနုပညာရှင်များအပါအဝင် ဟာသလူရွှင်တော်များ၊ အနုပညာရှင်များက Dusty Way Music Band နှင့်အတူ ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်

**ကျွန်းလှ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများ၌ ချောင်းရေကြီးခြင်းကြောင့် ပျက်စီးသွားသောနေအိမ်များအတွက် ငွေနှင့်ပစ္စည်းများကို အလှူရှင်များ ဇူလိုင် ၂၇ ရက်က လှူဒါန်းခဲ့ကြောင်းသိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ ရှမ်းစုကျေးရွာ၊ တပ်ကုန်းကျေးရွာနှင့် ကျွန်းလှမြို့ပေါ် သစ်ရာမြိုင်ရပ်ကွက်နှင့် ပျဉ်းမမြိုင်ရပ်ကွက်များမှ ပျက်စီးသွားသောနေအိမ်များအတွက် ငွေကျပ်တစ်သိန်းစီကို ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်)မှ လည်းကောင်း၊ ရှမ်းစုနှင့် တပ်ကုန်းကျေးရွာများမှ နေအိမ်များအတွက် တစ်အိမ်လျှင် ငွေကျပ်သုံးသောင်း၊ ဆန်တစ်တင်းခွဲတစ်အိတ်နှင့် ခေါက်ဆွဲခြောက်တစ်ဖာစီကို ရန်အောင်မင်္ဂလာကျောင်းတိုက် ကယ်ဆယ်ရေးစခန်းမှ လည်းကောင်း ပေးအပ်လှူဒါန်းကြောင်းသိရသည်။

“ကျွန်တော့်နေအိမ်က မြစ်ချောင်းဘေးမှာ ဆောက်လုပ်ထားပါတယ်။ မိုးသည်းထန်ပြီး ချောင်းရေမြင့်တက်လာလို့ နေအိမ်အထိ ရေတက်လာပါတယ်။ ကျေးရွာတာဝန်ရှိသူတွေကို အကူအညီတောင်းပြီး မီးသတ်တပ်ဖွဲ့ဝင်တွေက ပစ္စည်းတွေနဲ့နေအိမ်ကို ရေထဲပါမသွားအောင်ဖျက်ပြီး ရေလွတ်ရာကယ်ဆယ်စခန်းကို ရွှေ့ပေးပါတယ်။ ရေကျသွားချိန်မှာ နေအိမ်ပြန်ဆောက်ဖို့နဲ့ မိသားစုစားသောက်ဖို့ ငွေနဲ့ပစ္စည်းတွေ ထောက်ပံ့ပေးတော့ဝမ်းသာပါတယ်”ဟု နေအိမ်ပျက်စီးသဖြင့် ပြောင်းရွှေ့နေထိုင်ရသူတစ်ဦးကပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ပြည်ပသို့ခိုးထုတ်မည့် ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ



ဖမ်းဆီးရမိထားသော ကျောက်စိမ်းတုံးများ။

**မူဆယ် ဇူလိုင် ၂၉**

မြန်မာ့ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ခိုးထုတ်မှုများမရှိရေးအတွက် မူဆယ် ရွှေ့လျား လှုပ်ရှားမှုအဖွဲ့က အထူးကြီးကြပ်၍ စီမံချက်ချပြီး ဆောင်ရွက်လျက် ရှိရာ အေးရှားဝေါလ်တိုးဂိတ်(မူဆယ်) အနီး ပြည်ထောင်စု လမ်းမပေါ်၌ ပြည်ပသို့ ခိုးထုတ်ရန် သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၁၅၀၀ ကျော်ကို ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီခန့်တွင် အေးရှားဝေါလ်တိုးဂိတ်(မူဆယ်)အနီး ပြည်ထောင်စုလမ်းမပေါ်၌ ရွှေ့လျားလှုပ်ရှားမှုအဖွဲ့က စစ်ဆေးဆောင်ရွက်နေစဉ် မန္တလေးဘက်မှဝင်လာသော VIGO အမှတ် 4J---- ယာဉ်ပေါ်မှ အိတ် ၁၅ အိတ်ဖြင့် ထည့်လာသည့် ကျောက်စိမ်းတုံးများ ခန့်မှန်းတန်ဖိုး ကျပ် ၈၀၈ သိန်းကျော်ကို လည်းကောင်း၊ Isuzu D-Max အမှတ် 2I---- ယာဉ်ပေါ်မှ အိတ် ၁၁ အိတ်ဖြင့် သယ်ယူ လာသော ကျောက်စိမ်းတုံးများ ခန့်မှန်းတန်ဖိုး ကျပ် ၆၇၄ သိန်းကျော်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခွဲခန့်တွင်လည်း အဆိုပါ လမ်းမပေါ်၌ မောင်းနှင်လာသည့် Mark II အမှတ် ဃဃ/---- ယာဉ်ပေါ်တွင် တင်ဆောင်လာသော အိတ်နှစ်အိတ်အတွင်းမှ ခန့်မှန်းတန်ဖိုး ကျပ် ၁၁၆ သိန်းခန့်ရှိသော ကျောက်စိမ်းတုံးများကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်အထိ တစ်ပတ်အတွင်း ခန့်မှန်းတန်ဖိုး ကျပ် ၁၅၉၉ သိန်းကျော်ရှိ ကျောက်စိမ်းတုံးများကို မူဆယ် Mobile Team က နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ဖမ်းဆီးရမိထားသော တရားမဝင်သွင်းကုန်များကို မီးရှို့ဖျက်ဆီး

**နောင်ချို ဇူလိုင် ၂၉**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ နောင်ချို ရွှေ့လျားလှုပ်ရှားမှုအဖွဲ့က ဖမ်းဆီးရမိထားသော တရားမဝင်သွင်းကုန်များ တန်ဖိုးကျပ်သိန်း ၃၅၀ ကို ဇူလိုင် ၁၆ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နောင်ချို ရွှေ့လျားလှုပ်ရှားမှုအဖွဲ့က ဖမ်းဆီးရမိသည့် အမှုတွဲ ၁၄ ခုမှ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော အရက်၊ ဘီယာများ၊ တရုတ်နိုင်ငံထုတ်မှိုခြောက်ပန်းခြောက်များ၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်များနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ FDA ထောက်ခံချက်မပါဝင်သော အချိုရည်များ၊ နို့မှုန့်များ၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်မပါဝင်သော အပင်အားဆေးများကို နောင်ချို ရွှေ့လျားလှုပ်ရှားမှုအဖွဲ့တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်း၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာများပါဝင်သောအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**



## ဖျာပုံ၌ ခရိုင်ကညနရုံးစတင်ဖွင့်လှစ်

**ဖျာပုံ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်အတွင်းရှိ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများ အချိန်ကုန်သက်သာပြီး လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဖျာပုံ)ကို ဇူလိုင် ၂၁ ရက်တွင် ဖျာပုံတံတားကြီးခြေဆင်းအနီးတွင် စတင်ဖွင့်လှစ်၍ ယာဉ် မှတ်ပုံတင်များနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများ စတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အရင်က မအူပင်ခရိုင် မအူပင်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုသွားပြီး ဆိုင်ကယ်၊ ကားလိုင်စင်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း၊ အခြားကိုယ်ပိုင်ယာဉ်များအတွက် လုပ်ငန်းဆောင်ရွက်မှုတွေကို သွားရောက်လုပ်ဆောင်ရတော့ ခရီးကလည်းဝေးပြီး အချိန်နှောင့်နှေးကြန့်ကြာပါတယ်။ ယခုတော့ ဖျာပုံခရိုင် ဖျာပုံမြို့မှာ ခရိုင်ကညနရုံး စတင်ဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ပေးနေတော့ ကျွန်တော်တို့ ယာဉ်မောင်းသူတွေအတွက် အဆင်ပြေတာပေါ့" ဟု ယာဉ်မောင်းသူတစ်ဦးက ပြောသည်။

ယခုဖျာပုံခရိုင် ကညနရုံးကြီးတွင် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးအမှတ်စဉ်(၁/၂၀၁၅)ကို စတင်ဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးထုတ်ပေးရာတွင် 'က'မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ၁၄၁ ဦးနှင့် 'ခ'ယာဉ်မောင်းလိုင်စင်နှစ်ဦးတို့ကို စစ်ဆေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ မအူပင်မြို့သို့ သွားရောက်လုပ်ဆောင်ရန်မလိုတော့ဘဲ ဖျာပုံမြို့တွင် လုပ်ငန်းများအဆင်ပြေစွာ လုပ်ဆောင်နိုင်ပြီဖြစ်၍ ခရိုင်ကညနရုံး(ဖျာပုံ)တွင် ဖွင့်လှစ်ခြင်းအားဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက် ဝမ်းသာကြိုဆိုကြကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဖျာပုံ)အနေဖြင့် ဖျာပုံခရိုင်အတွင်းရှိ ပြည်သူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်နှင့် အန္တရာယ်ကင်းရှင်းစွာ ယာဉ်မောင်းနိုင်ရေးအတွက် ခရိုင်အတွင်းရှိ မြို့နယ်များသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**



## မိုးရွာသွန်းမှုများ၍ မြန်အောင်မြို့နယ်အတွင်း ကျေးရွာအချို့၌ ရေကြီးမှုဖြစ်ပွား

**မြန်အောင် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ဇူလိုင် ၂၇ ရက်က မိုးရွာသွန်းမှုများသောကြောင့် ကျေးရွာအချို့တွင် ရေကြီးမှုများဖြစ်ပွားကာ လယ်မြေဧကအချို့လည်း ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

မကျီးကုန်းကျေးရွာအုပ်စုတွင် တောင်ကျချောင်းရေများကြောင့် လယ်မြေဧက ၇၅၀ ကျော်ခန့် ရေကြီးနစ်မြုပ်လျက်ရှိကြောင်းသိရသည်။ မကျီးကုန်းရွာနှင့် မရွေးကုန်းရွာကြား အင်ပင်-ညောင်ခြေထောက်လမ်းပိုင်းတွင်လည်း လမ်းပေါ် ပေ ၁၅၀ ခန့် ရေကျော်လျက်ရှိပြီး ရေအနက်မှာ တစ်ပေခန့်ရှိကြောင်း သိရသည်။ နတ်ပတီးကျေးရွာအုပ်စုတွင်လည်း ဖားတရှဉ်းချောင်း ရေကြီးမှုကြောင့် ကျောက်တန်း၊ ချင်းစု၊ စပယ်ကယို၊ နတ်ပတီးနှင့် ရွာသစ်ကုန်းကျေးရွာများတွင် ရေကြီးမှုဖြစ်ပေါ်လျက်ရှိပြီး စပယ်ကယိုကျေးရွာ အမကကျောင်းနှင့် ကျောက်တန်းကျေးရွာ အမကကျောင်းများကို ယာယီပိတ်ထားရကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

ထို့အပြင် မြန်အောင်မြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စုအတွင်းရှိ ကြက်သွန်ခင်းဖောက်ချောင်း(မမြချောင်း)မှာ စိုးရိမ်ရေမှတ်အထက် မြင့်တက်လျက်ရှိသဖြင့် ချောင်းကျိုးပေါက်မှုမဖြစ်ပေါ်စေရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇော်ဇော်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ မြန်အောင်မြို့နယ်အတွင်း မိုးရွာသွန်းမှုများသောကြောင့် ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသော်လည်း လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ဝင်းမိုလ်**




SUZUKI Way of Life!

# Just Arrived!

နီးစပ်ရာအရောင်းကိုယ်စားလှယ်များထံတွင် ကားစမ်းသပ်မောင်းနှင်ရန် စာရင်းပေးသွင်းကြပါစို့

## The Brand New ERTIGA



**အရောင်းကိုယ်စားလှယ်များ**

**လွင်နှင့်စွမ်း မော်တော်**
ကန်တော်ကလေးလမ်းနှင့်ဗိုလ်မင်းခေါင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၅၂၃၈၈၊ ၂၅၃၁၈၃ ၊ ၀၁ - ၃၇၁၇၆၂၊ ၃၉၃၀၇၀ ၊ ၀၉ ၇၉၅၁၅၉၉၅၇

**အောင် မော်တော်**
အမှတ် - ၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၆၆၇၉၁၆၊ ၆၅၅၈၁၃၊ ၀၁ - ၇၀၉၄၄၈၊ ၆၅၆၂၀၀

**မျိုး မော်တာ**
အမှတ် - ၁၉၂/၂၄၈ (ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၄၀၀၁၂၃၊ ၄၀၀၃၉၉၊ ၀၁ - ၅၅၆၆၈၅၊ ၅၄၆၃၄၅

**ရဲနဒီ မော်တော်**
အမှတ် - (၅၀၊၅၁)၊ ဗိုလ်ချုပ်အောင်ဆန်း လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၀၁၆၁၉ (Hot Line) ၊ ၀၁ - ၂၀၂၁၄၃၊ ၀၁ - ၂၉၆၆၀၅၊ ၀၁ - ၂၉၇၂၁၄

**အေအိုင်ဂျီ မော်တော်**
၆/၂ သိပ္ပံလမ်း၊ ၆၀ X ၆၁ လမ်းကြား၊ ချမ်းမြေ့သာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၇၃၀၄၀၃၆၆ ၊ ၀၉ ၇၃၀၄၀၃၇၇

**PRICE 17,900 US $ ++**



Granite Grey Metallic (ZTN)



Superior White (26U)



Ecru Beige Metallic (ZPY)

## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.13/HPGE/15-16 [ RT HF SSB Transceiver (3)Sets, VHF Mobile Terminal (3)Sets, VHF Hand Set (25)Sets ဝယ်ယူခြင်း]

၂။ Tender No-13 ၏ တင်ဒါပိတ်ရက်မှာ ၁၈-၈-၂၀၁၅ ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၄/၂၀၁၅

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ အထည်စက်ရုံများမှ အသုံးမလို ပိုလျှံစက်နှင့် စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ အထွေထွေပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

| | | | |
|---|---|---|---|
| (က) | အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်) | စက်အရန်ပစ္စည်း | ၈ မျိုး |
| (ခ) | အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း) | စက်အရန်ပစ္စည်း | ၁၀ မျိုး |
| (ဂ) | အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ) | စက်နှင့်စက်အရန်ပစ္စည်း/ လျှပ်စစ်ပစ္စည်း | ၁၁ မျိုး |
| (ဃ) | အမှတ်(၆) အထည်စက်ရုံ(ဆားလင်းကြီး) | ရက်ကန်းစက်အထွေထွေပစ္စည်း | ၇ မျိုး |
| (င) | အမှတ်(၆) အထည်စက်ရုံခွဲ(မုံရွာ) | စက်နှင့်စက်အရန်ပစ္စည်း | ၁၇ မျိုး |
| (စ) | အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း) | စက်နှင့်စက်အရန်ပစ္စည်း | ၂၂ မျိုး |

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

(၁) နေပြည်တော်-အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ် ၃၇

(၂) ရန်ကုန်-အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ) အမှတ်(၁)သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်

(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၈-၂၀၁၅ ရက် ၁၆:၀၀ နာရီ

(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းနိုင်ပါသည်။

(က) အထွေထွေမန်နေဂျာ(စီမံရေး) အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၁၅၆

(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်) ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုသမှုဌာနသုံး စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၃-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင်ရယူနိုင်ပြီး ၂၁-၈-၂၀၁၅ ရက် ညနေ ၃:၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်အတွင်းရှိ မိုးမိတ်နှင့် မဘိမ်းမြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သော စက်သုံးဆီ(ဒီဇယ်ဆီ)ရိုးရိုး (၅၁၁၈၀)ဂါလန်အား (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ဒီဇယ်ဆီတင်သွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ် (၂) (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၈-၂၀၁၅ ရက် ၁၆:၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၈-၂၀၁၅ ရက် ၉:၃၀နာရီ

၅။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ ဖုန်း-၀၈၆-၄၅၀၂၇/၄၅၃၁၆

၆။ တင်ဒါလျှောက်လွှာပုံစံများကို မိုးမိတ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောတက္ကသိုလ်၊ ရေဆင်း
## နေပြည်တော်
# ကြေညာချက်

၁။ သစ်တောတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် သိပ္ပံ(သစ်တောပညာ)ဘွဲ့၊ (၆)နှစ်သင်တန်းသို့ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားနှင့် အမျိုးသမီး ၈၀ အချိုး ၂၀ ဖြင့် စုစုပေါင်းဦးရေ ၁၀၀ လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် ၃၆၀ နှင့်အထက် ရရှိရမည်။

(ဃ) ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲတွင် အင်္ဂလိပ်စာဘာသာရပ်နှင့် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ အခြေခံဗဟုသုတဘာသာရပ်များကို ၂ နာရီ မေးခွန်းဖြေဆိုကြရမည်။

(င) လူတွေ့စစ်ဆေးခြင်းခံယူရမည်။

(စ) မိုင် ၂၀ လမ်းလျှောက်စွမ်းရည်စစ်ဆေးမှုအောင်မြင်ရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါ သတ်မှတ်ပုံစံအတိုင်း(A-4 Size)အရွယ် စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မိတ္တူ)

(ခ) မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်အမှတ်စာရင်း(မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ဆေးရုံတို့မှ ကျန်းမာကြောင်း ဆေးစစ်ချက်(မူရင်း)နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း ဆေးစစ်ချက် (Colour Blind)(မူရင်း)

(င) ပြစ်မှုပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(စ) လိုင်စင်အရွယ်ဓာတ်ပုံ (၃)ပုံ (ပူးတွဲ)

၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ် ရေဆင်း၊ နေပြည်တော်သို့ ၁၄-၈-၂၀၁၅ရက် (သောကြာနေ့)ရုံးချိန်အတွင်း နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော အထောက်အထားမပြည့်စုံသောလျှောက်လွှာများကို ဖြေဆိုခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးမည်-

(က) အင်္ဂလိပ်စာဘာသာရပ် ၂ နာရီမေးခွန်း
၁၂-၉-၂၀၁၅ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ

(ခ) သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ အခြေခံဗဟုသုတဘာသာရပ် ၂ နာရီမေးခွန်း၊
၁၃-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ

၈။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့် ခုံအမှတ်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ အချိန်မီထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံ အကြောင်းကြားမည်မဟုတ်ပါ။

၉။ ဖြေဆိုခွင့်ကတ်များကို ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့)မှစတင်၍ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပေးမည်။ ဖြေဆိုခွင့်ကတ်ထုတ်ယူသည့် အချိန်တွင် မြန်မာနိုင်ငံစာစစ်အဖွဲ့ကထုတ်ပေးသော အမှတ်စာရင်းမူရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့ကိုတင်ပြ၍ လိုအပ်သော မိတ္တူများ ပေးအပ်ရမည်။

၁၀။ ရေးဖြေစာမေးပွဲ ရမှတ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် အများအနည်း အပေါ်မူတည်၍ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ရွေးချယ်မည်ဖြစ်သည်။

၁၁။ ရေးဖြေစာမေးပွဲအောင်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် မိုင်(၂၀) လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းများကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ဆက်လက်ပြုလုပ်မည်ဖြစ်၍ စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်။ အစစ်ဆေးခံရန် လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ အမှတ်စာရင်းမူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာရမည်။

၁၃။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၄။ အသေးစိတ်သိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၉၊ ၄၁၆၅၄၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**အမိန့်အရ-**
**မောင်မောင်လွင်**
**မော်ကွန်းထိန်း**

**လျှောက်လွှာနမူနာပုံစံ**

ဓာတ်ပုံ

**သစ်တောတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**

**ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ**
**၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ**

၁။ အမည်(အပြည့်အစုံ) ------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ်------------

၂။ မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်) --------------------------------------

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် --------- ခုနှစ် ------------
စာစစ်ဌာန ----------------

၄။ လူမျိုး----------- ကိုးကွယ်သည့်ဘာသာ ------------------------------

၅။ အမြဲနေထိုင်သောလိပ်စာ -----------------------------------------
-----------------------------------------------------------

၆။ ဆက်သွယ်ရန်လိပ်စာ ---------------------------------------------
-----------------------------------------------------------

၇။ ဖခင်အမည်------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------
အလုပ်အကိုင် ----------------------------------------------
မိခင်အမည်------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------------
အလုပ်အကိုင် ----------------------------------------------

၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ-------------- ---------------
လျှောက်ထားသူ၏လက်မှတ်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ-------------- ---------------
မိဘ/အုပ်ထိန်းသူလက်မှတ်

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကချင်ပြည်နယ် ကုသရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၉-၇-၂၀၁၅ ရက်
**ပိတ်သိမ်းမည့်ရက်** -၂၇-၈-၂၀၁၅ရက်၊ ညနေ ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## တက္ကသိုလ်များပုံနှိပ်တိုက် လုပ်ငန်းသုံးပစ္စည်းများ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တက္ကသိုလ်များပုံနှိပ်တိုက်တွင် အသုံးပြုရန်လိုအပ်သော Wood Free (27" x 34") (70) GSM, 500 Sheets/Package (Indonesia) 8000 Reams ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၁၄-၈-၂၀၁၅ ရက် ၁၂:၀၀ နာရီတွင် ပိတ်ပါမည်။

၃။ ၁၄-၈-၂၀၁၅ ရက် မွန်းလွဲ ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်ပါမည်။

၄။ တင်ဒါခေါ်ယူရေးကော်မတီသည် ရရှိသောတင်ဒါတစ်ခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမပြုဘဲ ပယ်ဖျက်ပိုင်ခွင့်ရှိသည်။

၅။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**တက္ကသိုလ်များပုံနှိပ်တိုက်**
**သထုံလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၇၃၅၇၊ ၅၂၅၆၁၆**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆)၊ နေပြည်တော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ် ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်နေသော နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အတွင်းရှိ တံတားလုပ်ငန်းများတွင် အသုံးပြုမည့် သံချောင်းလုံး(ရွယ်စုံ)များ၊ ဘိလပ်မြေများအား သယ်ယူရန်နှင့် တည်ဆောက်ရေးပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် သယ်ယူ/ဝယ်ယူလိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| (၁) 5 Ply Wood(8'x4') | (၂) Steel Plate Girder Bearing |
| (၃) 10mm Thk; 8'x4' M.S Plate | (၄) 6"-9" ကျောက်ကြီး |
| (၅) 6"~9"Ø အခြားသားမျော | (၆) ဘိလပ်မြေသယ်ပို့လုပ်ငန်း |
| (၇) သံချောင်းလုံး(ရွယ်စုံ)သယ်ပို့လုပ်ငန်း | |

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ ရက်

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၈-၂၀၁၅ ရက် ၁၆:၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၈-၂၀၁၅ ရက် ၁၀:၀၀ နာရီ

၄။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၅၅၀၁၀၃**

## ၁၈-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ
## ဦးမြင့်လွင်၏ ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်စွက်တီ ၁၂/ရကန(ပြု)၀၀၀၀၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၁ ရပ်ကွက်၊ စိုက်ပျိုးရေးပဒေသာလမ်း၊ အမှတ် (၄/၂/၆၆)မှာ ဒေါ်စွက်တီ၏ နေအိမ်နံပါတ်ဖြစ်ပြီး နေအိမ်ခေါင်းရင်းဘက်တွင် အမိုးခေါင်ခွဲထားခြင်းမရှိသည့် အဖီသာရှိပြီး ၄င်းအဖီတွင် မည်သည့်နံပါတ် သီးခြားမရှိပါ။ ၄င်းအဖီမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ခန့် ဘိုးဘွားများလက်ထက်ကတည်းကရှိသည့် အဖီဖြစ်ပြီး ယခင်က တရုတ်လူမျိုးတို့ ဘုရားရှိခိုးရာ အဖီနေရာဖြစ်ပါသည်။ ၄င်းအဖီနေရာတွင် ဦးမြင့်လွင်တစ်ဦးတည်းကိုသာ အလုပ်လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းမဟုတ်ဘဲ ဦးလေးဦးဆပ်လား၊ ဦးမြင့်လွင်နှင့် ဒေါ်နွယ်နွယ်ဝင်းတို့ ၃ ဦးအတူ ရှယ်ယာလုပ်ငန်းအဖြစ် ဝက်သားလုပ်ငန်းကို မိခင်ဒေါ်စွက်တီက ခေတ္တခွင့်ပြုချက်ဖြင့် လုပ်ကိုင်စေခဲ့ပြီး နောက်ပိုင်းဦးဆပ်လားနှင့် ဒေါ်နွယ်နွယ်ဝင်းတို့က လုပ်ငန်းရှယ်ယာခွဲထွက်သည့်အတွက် ဦးမြင့်လွင်တစ်ဦးတည်းကို မိခင်ဒေါ်စွက်တီက လုပ်ငန်းလုပ်ကိုင်ခွင့် ခေတ္တခွင့်ပြုချက်ဖြင့် လုပ်ကိုင်စေခဲ့ခြင်းဖြစ်ပါသည်။ ဦးမြင့်လွင်သည် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း ပိုင်ဆိုင်မှုနှင့်မသက်ဆိုင်ပါ။ ဒေါ်စွက်တီက မည်သည့်သားသမီးတစ်ဦးတစ်ယောက်မှ အမွေခွဲဝေခြင်း၊ ကျူးကျော်ဝင်ရောက် ဆောက်လုပ်နေခြင်းမပြုရန် သားသမီးများအား ခေါ်ယူပြောဆိုပြီး ၁၇-၅-၂၀၁၅ ရက် နှင့် ၂၅-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ကြေညာခဲ့သည့်အပြင် ၆-၇-၂၀၁၅ ရက်စွဲပါ ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာဖြင့် ခွင့်ပြုချက်နှင့် လုပ်ငန်းလုပ်ကိုင်ခြင်းကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်၍ ဦးမြင့်လွင်အနေဖြင့် ခြံအတွင်းဝင်ရောက်လုပ်ကိုင်ရန် အခွင့်အရေးမရှိတော့ပါသဖြင့် ဒေါ်စွက်တီက ဦးမြင့်လွင်ကြေညာသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်မရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်စွက်တီ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဝင်း (ဖျာပုံ)**
**B.Sc (Geol)., H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၂၁)**
**၄၉/၇၅၆၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၇၈၇၂၂**

## စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၅-၂၀၁၆ ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန+သာဝတ္ထိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (ရန်ကုန်-ဂယာ-ရန်ကုန်)
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (ရန်ကုန်-ဂယာ-ရန်ကုန်)
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန်)

ရန်ကုန်မြို့တွင်း အိမ်အရောက်ဝန်ဆောင်မှုရှိသည်။ နယ်ခရီးသည်များ ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်များတွင် အခမဲ့(၃)ကြိမ်တည်းခိုနိုင်ခြင်း (ရေမွှေးရေအေး+ဖုန်း+အဲယားကွန်း+တီဗွီ+ဗီဒီယို+လေဆိပ် ပို့/ကြိုအခမဲ့)။ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန်လာရောက်စဉ် လေဆိပ်/ကားဂိတ်မှ အထက်ပါအိမ်များ/ရုံးချုပ်/နိုင်ငံကူးလက်မှတ်ရုံးအထိ အခမဲ့ကြိုဆိုပို့ဆောင်ပေးခြင်း။ ကျွမ်းကျင်ဝန်ထမ်းများ လုံလောက်စွာပါရှိခြင်း။ ကာယလုပ်သား(၂)ဦး။ ဗွီဒီယို/ဓါတ်ပုံရိုက်ကူးသူ။ အိမ်သုံးဆေးဝါး နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးခြင်း။ နေ့စဉ် နံနက်စာ၊ နေ့လည်စာ+ညနေစာ မြန်မာထမင်း/ဟင်းအပြင် အဆာပြေ(၂)ကြိမ်ကျွေးမွေးခြင်း။ ဗာလချောင်ကြော်။ သရက်ချဉ်။ ခေါက်ဆွဲ။ ရိက္ခာခြောက်များ။ ကော်ဖီမစ် နှင့် သောက်ရေသန့်များပါရှိခြင်း။ ဦးဆောင် ဆရာတော်(၁)ပါး ပါရှိခြင်းတို့ဖြင့် ဘုရားဖူးခရီးသည်များ စိတ်ချမ်းသာစွာကုသိုလ်ယူနိုင်ရန် စီစဉ်ထားပါသည်။ နိုင်ငံကူးလက်မှတ် (၆)လသက်တမ်း ကျန်သူများ ၃၀,၀၀၀/ လျှော့ပေးသည်။ ဦးစီးလိုက်ပါသူအား(၁၆)ဦးလျှင်(၁)ဦးအခမဲ့ ။ (၁၀)ဦးလျှင်(၄၀%) ။ (၅)ဦးလျှင်(၁၀%)လျှော့ပါမည်။ (၄၉)ခုံပါသော အဲယားကွန်းကားကြီးတွင် (၃၅)ဦးသာ ပို့ဆောင်ပါသည်။ အောက်ပါအတိုင်း ပြောင်းလဲမှုမရှိ ထွက်ခွာမည်ဖြစ်၍ စိတ်ကြိုက်ရွေးချယ်စာရင်းသွင်းနိုင်ပါပြီ - **သံရုံးသို့လိုက်ရန်မလို** **Air Bus A 320 လေယာဉ်ကြီးဖြင့်သာ**

၁၂ ရက် - USD 700 — အောက် ၂၆၊ နို ၉၊ ၂၃၊ ဒီ ၂၈၊ ဇန် ၁၁၊ ဖေ ၈၊ ၂၂၊ မတ် ၇၊ ၂၀၊ ဧပြီ ၁၁၊
၁၅ ရက် - စရံ(၂)သိန်း+ USD 750 — (ဇရိုတ်ပြီးမှ) အောက် ၂၈၊ နို ၁၈၊ ဒီ ၁၆၊ ဇန် ၂၀၊ ဖေ ၁၀၊ မတ် ၁၆၊ ဧပြီ ၆၊
၁၅ ရက် (ကိုလ်ကတ္တားပါ) USD 800 — အောက် ၂၁၆၊ ၂၃ (၆လို)၊ ၃၀၊ နို ၂၆၊ ၁၃၊ ၂၀၊ ၂၃၊ ၂၇၊ ဒီ ၄၊ ၁၁၊ ၁၈၊ ၂၈၊ ဇန် ၁၁၊ ၁၅၊ ဖေ ၁၊ ၅၊ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၆၊ မတ် ၄၊ ၇၊ ၁၁၊ ၁၈၊ ၂၁၊ ၂၅၊ ဧပြီ ၄၊ ၈၊ ၁၁

စရံငွေချေ/ဦးရာလူစနစ်

Website: www.khinnandartravel.com
Email: khinnandartravels@gmail.com
လုပ်ငန်းလိုင်စင်အမှတ် ခ-၁၄၈၅

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာ့အေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

| | | | | | |
|---|---|---|---|---|---|
| ရုံးခွဲ | ၀၁-၃၇၇၆၁၅၊ ၀၉-၅၃၂၁၀၀၂ | မိုးကောင်း | ၀၉-၇၉၄၀၈၈၃၀၂၊ ၀၇၄-၄၀၀၄၀ | ဒိုက်ဦး | ၀၉-၅၀၁၉၃၁၀၊ ၀၅၂-၄၀၃၁၇ |
| မန္တလေး(၁) | ၀၂-၅၁၅၄၀၅၀၊ ၀၉-၅၁၁၆၈၀၄ | နောင်ချို | ၀၉-၇၉၀၃၁၃၁၅၁၊ ၀၉-၃၀၄၁၁၉၉၇ | ပြည်မြို့ | ၀၉၉၇၂၈၆၄၄၃၇၊ ၀၅၃-၂၆၃၀၄ |
| မန္တလေး(၂) | ၀၂-၇၅၄၂၇၊ ၀၉-၄၄၄၀၁၂၀၂၆ | တောင်ကြီး | ၀၈၁-၂၀၅၄၃၅ | မော်လမြိုင် | ၀၉-၄၉၈၂၀၁၁၇၊ ၀၉-၄၉၈၁၀၆၆၆ |
| မိုးကုတ် | ၀၉-၂၅၆၄၁၅၅၃၊ ၀၈၆-၂၀၇၅၇ | လွိုင်ကော် | ၀၈၃-၂၂၂၈၆၊ ၀၉-၅၆၀၀၇၄၃ | ကျိုက်ထို | ၀၅၇-၆၀၃၆၁၊ ၀၉-၄၅၀၀၄၆၇၉၈ |
| မြစ်ကြီးနား / မိုးညှင်း / အင်းတော်ကြီး | ၀၉-၄၀၀၀၄၅၅၃၈၊ ၀၉-၂၆၃၆၂၄၈၀၀ | အောင်ပန်း | ၀၈၁-၆၀၄၂၃၊ ၆၁၂၀၃၊ ၀၉-၅၆၀၀၄၀၄ | ပုသိမ် | ၀၉-၈၅၅၁၃၁၀၄၂-၂၃၀၂၂၊ ၂၃၀၃၀၊ ၂၃၀၃၀ |
| | | နမ့်စန် | ၀၈၁-၈၀၃၃၂ | စစ်တွေ | ၀၉-၅၀၉၉၅၆၈၊ ၀၉-၈၅၀၀၇၉၃ |
| | | မကွေး | ၀၉-၅၃၄၁၂၆၆၊ ၀၉-၄၃၁၇၈၂၆၇ | မြိတ် | ၀၅၉-၄၂၈၂၅၊ ၀၉-၅၆၄၀၄၀၅ |
| | | ကောလင်း | ၀၉-၂၅၆၁၆၅၁၉၉၊ ၀၇၅-၄၂၄၄၉ | | |

စာပေလောက ၅ အား 27-7-2015 to 15-8-2015

**စာပေနန်းတော်** စာအုပ်ဆိုင်အမည်ဖြင့် **Up to 50% Off**

ပြောင်းလဲခြင်းအထိမ်းအမှတ် ဆိုင်ရှိစာအုပ်အားလုံးကို **30%**

အထူးလျှော့ဈေး ဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ **20%** **10%**

စာပေနန်းတော်၊ အမှတ်(၁၃၇/၁၄၀)ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၁၄၀၉၃၄၊ ၀၉ ၇၃၁၄၀၉၃၆၊ ၀၉ ၂၆၀၂၄၅၂၂၄

Japan Tokyo International School (JTIS)

- ဈေးနှုန်းချိုသာစွာဖြင့် Shinjuku တွင်ကျောင်းတက်ရန်စိတ်ဝင်စားသူများ 2016 January Intake အတွက်ကျောင်းForm များလက်ခံနေပါပြီ။
- ဂျပန်နိုင်ငံ အသိမှတ်ပြုလက်မှတ်ရ ဂျပန်လူမျိုးဆရာမကိုယ်တိုင် သင်ကြားပေးသော ဂျပန်ဘာသာ (N5~N1) တန်းခွဲသစ်များ စပါပြီ။

NO. 411, 4 th FL, La Pyayt Wun Plaza, Dagon Township, Yangon.
Ph 09 263224856, 01 382529




iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

အောင်ချက်များစွာနှင့် အစဉ်အလာကြီးမားခဲ့သော
**EPS-TOPIK**
ဘာသာစကားအထူးသီးသန့်သင်တန်းကျောင်း

★ စာမေးပွဲအတွေ့အကြုံရှိ၊ သင်ကြားရေးအတွေ့အကြုံရှိ၊ လုပ်ငန်းခွင်အတွေ့အကြုံရှိ ဆရာ**နေခြင်းဒေါက်တာ** ကိုယ်တိုင်ဦးစီးသင်ကြားသည်။
★ အခြေခံမှစ၍စာမေးပွဲအောင်သည်အထိ ရိုးရှင်းလွယ်ကူစွာသင်ကြားပေးမည်။
★ ဆေးစစ်ခြင်း၊ ဗတ်(စ်)ပို့လျှောက်ထားခြင်း၊ စာမေးပွဲလျှောက်လွှာ၊ အလုပ်လျှောက်လွှာ တင်ခြင်းများကိုသင်တန်းကျောင်းမှလိုက်လံကူညီဆောင်ရွက်ပေးပါသည်။

ရုံးချိန်ပြင်ပ ညနေ ၆း၃၀ နာရီမှ ၈း၀၀ အထူးသီးသန့်သင်တန်းဖွင့်ပါပြီ။
လစဉ်တန်းခွဲသစ်များ ရှိသည်
နယ်ကျောင်းသားများ နေ / စားစီစဉ်ပေးသည်။

သင်တန်းနေရာ ။ ။ အမှတ်-၃၄၇၊ မဟာဗန္ဓုလလမ်းနှင့်(၃၉)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၁၁၆၀၂၉၉၂၊ ၀၉၇၉၈၁၁၂၅၄၃၁၊ ၀၉၂၅၁၀၀၀၂၆၈၄၊ ၀၉၉၇၇၃၈၆၄၁၆၈၊ ၀၉၄၃၁၈၄၂၆၉





# ဝက်ခြံကင်းလေ မျက်နှာပွင့်လေ

## မြင့် အင် ဆန်း

**အရေပြားနှင့်အလှအပဆေးခန်း**

ဝက်ခြံ၊ ဆားဝက်ခြံ၊ အဆီပြန်ခြင်း၊ ဝက်ခြံအမာရွတ်၊ အညိုအမည်းကျန်ခြင်းများကို

အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်– ၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း (အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း – ၃၈၂၂၄၇၊ ၂၅၆၀၄၅



# ဦးဇော်မင်းအောင်

**B.A (Korean), Y.U.F.L**

**(I.E.K.C.S) Song Kong Hoe University, S-Korea**

## ကိုရီးယားဘာသာစကားသင်တန်းကျောင်း

- ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့သည်များ
- တောင်ကိုးရီးယားနိုင်ငံ Song Kong Hoe University တွင် တက်ရောက်သင်ယူခဲ့သည်များ
- ကိုယ်တိုင်တောင်ကိုရီးယားနိုင်ငံတွင် လုပ်ကိုင်ခဲ့သောလုပ်ငန်းခွင်အတွေ့အကြုံများဖြင့် ပေါင်းစပ်သင်ကြားပေးမည်။ (ရုံးချိန်ပြင်ပ တန်းခွဲ ရှိသည်။)

5. 8. 2015 (ဗုဒ္ဓဟူးနေ့) [ 12:00-2:00 PM ] တန်းခွဲသစ်စမည်။

အမှတ် (၂၆၃) ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Ph. 09 450048814, 09 799 373 700, 09 425292545, 098645610



# "မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

▶▶GLORY နှင့် OISTတို့ပူးပေါင်းကာ ဂျပန်နိုင်ငံ၏ Third Class Automotive Engineering သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶သင်တန်းအမျိုးအစား - Automotive Engineering Diploma (Class -3) ၊

သင်တန်းကာလ - One Year (တစ်နှစ်) ၊

လက်ခံမည့်ဦးရေ - (၂၅)ဦး ၊

သင်တန်းဖွင့်မည့်ရက် - 26 - 10 - 2015

သင်တန်းအပတ်စဉ် - (၇)

ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ ၊

**ရရှိနိုင်သောအခွင့်အရေးများ**

- ✓ တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး အခမဲ့သွားရောက်ခွင့်ရရှိခြင်း။
- ✓ ထူးချွန်ကျောင်းသားများအတွက် Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ ပညာရပ်များ ဆက်လက်သင်ယူရန် Scholorship များရရှိနိုင်ခြင်း။
- ✓ သင်တန်းပြီးပါက ဂျပန်တွင် ကျောင်းဆက်တက်ရန် နှင့် အလုပ်လုပ်ကိုင်နိုင်ရန် အတွက် အခမဲ့ ကူညီဆောင်ရွက်ပေးခြင်း။
- ✓ သင်တန်းပြီးလျှင် မြန်မာနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက် ဂျပန်ကားကုမ္ပဏီများ ၊ ဂျပန်ကားဆားဗစ် စင်တာများတွင် အလုပ်လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။
- ✓ ဂျပန်ဘာသာ $N_5$ Level ကို အခမဲ့သင်ယူခွင့်ရရှိခြင်း။

▶▶ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် မော်တော်ကားတစ်စီးလုံးကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်။

GLORY ၁၃၈/၁၄၀ ၊ ဒု–ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

09-73121717, 09-5197817 www.glory-education.com



## စိုးဇင်စာပေ၏ စာအုပ်အမှတ် (၁၉)




# ဒေါက်တာ စိုးလွင်

## မိန်းမသားတို့ဘဝမှာ မရှိမဖြစ်အရေးပါ အဲဒါ ဝမ္မတာ ထွက်ပြီ

Tel:01 228297, 09 5049783, 09 450040767



နာကျင်ခက်ရာတွေကင်း အကြောဆေးမှာ လင်းရှင်း . . .

ISO 9001 : 2008 မှတ်ပုံတင်ရန်ကုန်တိုင်းဒေသကြီး ထုတ်လုပ်သည်။ ၀၅၅ - ၂၅၅၇

# လင်းရှင်း

အကြောပြေအက်ကျေလိမ်းဆေး

TMR - 012616 ( 0317 )



ဝမ်းမှန်ခြင်းရဲ့ လျို့ဝှက်ချက် ရူပနုပျို ဆေးတစ်လက် . . .

ISO 9001 : 2008 မှတ်ပုံတင်ရန်ကုန်တိုင်းဒေသကြီး ထုတ်လုပ်သည်။ ၀၅၅ - ၂၅၅၇

# ရူပနုပျို

ဝမ်းမှန်ဆေး

TMR - 012716 ( 0118 )


### မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) သတ္တမတန်း(ဂ) မှ မသူဇာဝင်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်စိုးမော် ဖြစ်ပါကြောင်း။

**ဒေါ်စိုးမော် ၆/ပလန(နိုင်)၀၄၇၆၅၆**

### အမည်ပြောင်း

ဦးညဏ်လွင်၏သား သာပေါင်းမြို့နယ်၊ ပျော့ဖတ်စက္ကူစက်ရုံ ဝန်ထမ်းအိမ်ရာနေ မောင်သီဟလွင် ၁၄/သပန(နိုင်)၁၂၀၃၆၁ အား ယနေ့မှစ၍ မောင်အောင်သီဟလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်သီဟလွင်**


## သဘာဝဘေးအန္တရာယ်နှင့် ထိခိုက်ဒဏ်ရာများရရှိခြင်းသည်

အချိန်၊ နေရာ၊ အသက်အရွယ် မရွေးကျရောက်ဖြစ်ပေါ်နိုင်ပါသည်။

သင့် အိမ်၊ ကား၊ ကျောင်း၊ အလုပ်ရုံနှင့် အန္တရာယ် ရှိသော နေရာများတွင် မရှိမဖြစ်ဆောင်ထားရန် လိုအပ်သော

## ရှေးဦးသူနာပြုဆေးသေတ္တာ (FIRST AID KITS)

များကို ဝယ်ယူ (သို့) ကုသိုလ်ပြုနိုင်ကြပါသည်။

အမှတ်၄၁ A/B၊ ပေတောကုန်းလမ်း၊ ကျိုက်ဝိုင်းရပ်၊ မင်္ဂလာတောင်ညွန့်၊ 09-43055309, 01-200975, 298735


### အိမ်ရောင်းမည်

(၃၄)ရပ်ကွက်၊ ဒဂုံမြောက်၊ 40'×60'၊ 1RC၊ အိပ်ခန်း(၃)ခန်း၊ အဲကွန်း(၃)လုံး၊ ကားဂိုဒေါင်ပါ၊ ရေမီးစုံ၊ ဂရန် အမည်ပေါက်။

Ph: 09-43020664

### အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အမှတ် ၄၉၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ် ၁၄၊ စွန်းလွန်းဂူ ကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၇၀၃၆သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဦးစိန်သန်းဦး**
**၁၃/ရစန(နိုင်)၀၀၈၁၀၉**


## မြန်မာအင်ဂျင်နီယာများအတွက် "Project Management အကြောင်းသိကောင်းစရာများ"



Speaker Profile

Ms Lakshmi T.
PROGRAMME LEADER
Post Graduate Programmes
- MBA(IT), Curtin University
- Bachelor of Commerce, Curtin
- Tutoring experience across many universities from UK, Australia, and Singapore

- မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများ၊ IT ဘွဲ့ရများ၊ အင်ဂျင်နီယာနယ်ပယ်အသီးသီးရှိ ပရောဂျက်များတွင် Project Manager တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော MSc Project Management အကြောင်း
- Project Management ဘာသာရပ်၏ ရရှိနိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ
- အင်္ဂလန် London South Bank University ၏ MBA ကို Partial Scholarship ဖြင့် သင်ယူနိုင်မည့် အခွင့်အလမ်းများ

ဝင်ကြေး (၆)လ အခမဲ့ နေထိုင်ခွင့်

CROWN EDUCATION Yangon . Myanmar

AUSTON INSTITUTE OF MANAGEMENT

Date : 1 Aug (Sat) - 2015
Time : 10:00 am to 1:00 pm
Venue : CROWN Education Center

Call Us : 01 527 838 - 09 730 40 688 - 09 732 732 77

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်စိုး**

**အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ**

**ပညာရေးသုတေသနဦးစီးဌာန**

**အထက်တန်းသုတေသနအရာရှိ(ငြိမ်း)**

**အသက်(၈၁)နှစ်**

ဆရာကြီးဦးမြင့်စိုးသည် မမျှော်လင့်ဘဲရုတ်တရက် ၂၆-၇-၂၀၁၅ ရက် ည၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၊ အလုပ်အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီ ဦးအောင်သောင်း**

**တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**အသက်(၇၉)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးပြည်အောင်(ငြိမ်း)-ဒေါ်နန္ဒာအေး၏ ချစ်လှစွာသောဖခင်ကြီး သီရိပျံချီ ဦးအောင်သောင်း အသက်(၇၉)နှစ် သည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ရက် (၂၃-၇-၂၀၁၅ ရက်)ကြာသပတေးနေ့ နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးဝင်းဇော်(ကလေးမြို့)**

**အထက(၂)ကလော၊ ကျောင်းသားဟောင်း**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ ကိုလှမြတ်စိုး Export Trading Commodities Pte Ltd (ETG)(Myanmar Branch) သည် ၂၅-၇-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ETG ဝန်ထမ်းများ**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ဒက္ခိဏခရိုင်တရားရုံး**

**၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၂၃**

**(၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၅၁ နှင့် ဆက်နွယ်သည်။)**

ဒေါ်ပြုံးဝေသော်(ခ)ဒေါ်သော်သော်ဟံသာ (မြဝတီဘဏ်လီမိတက်၊ ပျဉ်းမနား) **နှင့်** ဒေါ်ခင်စု

**တရားနိုင်** **တရားရှုံး**

ဒက္ခိဏခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၅၁တွင် ရရှိခဲ့သော ဒီကရီအတည်ပြုဆောင်ရွက်ရန် တရားရှုံးပိုင် အောက်ပါပစ္စည်းများကို ၂၀၁၅ခုနှစ် ဩဂုတ် ၃၁ ရက်(၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

အများပြည်သူရှေ့ လေလံတင်ရောင်းချမည်ဖြစ်၍ လေလံဆွဲဝယ်သူများသည် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မီးရထား၊ ဦးပိုင်အမှတ် ၃၇၊ ဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိ ဒေါ်ခင်စု အမည်ပေါက် ဘိုးဘွားပိုင်မြေတစ်ကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအမှတ် (၁၄/၆၁)နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံးအပါအဝင် ယင်းမြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံတင်ကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း (သို့မဟုတ်) ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်စည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၄။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ်သတ်မှတ်မည်။သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၅။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေ များကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သောင်းအောင်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**ဒက္ခိဏခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ်ကုန်းရပ်နေ ဦးမြင့်ဆွေ၏သမီး ဒေါ်သစ်သစ် ၉/သစန(နိုင်)၀၁၀၄၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ ကွင်းအမှတ်(၇၅၁ ခ)၊ မြေကွက်အမှတ်(၂၁၆)၊ မြေကွက်အမှတ်(၂၀၉)၊ မြေကွက်အမှတ်(၂၁၀)၊ ပေ(၄၀×၆၀)၊ မြေကွက်သုံးကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံ(လျှပ်စစ်မီတာအပါအဝင်) အကျိုးခံစားခွင့်များအား ဦးသိန်းမောင်အမည်ဖြင့် ဂရန်ရရှိပြီး ထိုမြေကွက်များနှင့် အဆောက်အအုံများကို ကွယ်လွန်သူ ဖခင် ဦးသိန်းမောင်၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်သက်ထားထံမှ ဒေါက်တာတင်စိန်နှင့် ဒေါ်ဝင်းဝင်းနီတို့သည်လည်းကောင်း၊ ဒေါက်တာတင်စိန်နှင့် ဒေါ်ဝင်းဝင်းနီတို့ထံမှ ဒေါ်သစ်သစ်က အရပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပါသည်။ အဆိုပါ မြေကွက်များနှင့် အဆောက်အအုံများအား ငှားရမ်းလိုသူများအနေဖြင့်လည်းကောင်း၊ ဝယ်ယူလိုသူများအနေဖြင့်လည်းကောင်း၊ လက်ရှိပိုင်ရှင် ဒေါ်သစ်သစ်နှင့်သာ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သစ်သစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မြင့်ရွှေ B.A(His;), H.G.P**

**အထက်တန်းရှေ့နေ(စဉ်-၁၂၅၆၀)**

**အမှတ်(၄/၂၂၁)၊ရန်အောင်မြင်လမ်း၊ မြို့သစ်(၁)၊ အောင်ဆန်းရပ်ကွက်၊ မိတ္ထီလာမြို့**

**ဖုန်း-၀၉-၂၅၆၅၁၈၅၆၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**

**တောင်သာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**အသက် (၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၂ ရပ်ကွက်၊ အမှတ် (၁/၂)၊ လှိုင်ရတနာမွန်အိမ်ရာနေ (ဒေါ်ခင်ခင်ရီ)၏ခင်ပွန်း ဗိုလ်မှူးချုပ်မိုးအောင်-ဒေါက်တာအေးခိုင်ညွန့်၊ ဦးနေအောင်-ဒေါ်ခင်မိုးညွန့်၊ ဦးပြည်အောင်-ဒေါ်နန္ဒာအေး၊ ဗိုလ်ကြီးလှိုင်မြင့်မင်း-ဒေါ်ခင်ငုရည်ဖြိုးတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအိုက်ယီ (မိသားစု)နှင့်ဝန်ထမ်းများ**

**ရတနာသီဂီကုမ္ပဏီလီမိတက်**

**တောင်ပေါ်သားရီရှင်ကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**

**တောင်သာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**အသက် (၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၂ ရပ်ကွက်၊ အမှတ် (၁/၂)၊ လှိုင်ရတနာမွန်အိမ်ရာနေ (ဒေါ်ခင်ခင်ရီ)၏ခင်ပွန်း ဗိုလ်မှူးချုပ်မိုးအောင်-ဒေါက်တာအေးခိုင်ညွန့်၊ ဦးနေအောင်-ဒေါ်ခင်မိုးညွန့်၊ ဦးပြည်အောင်-ဒေါ်နန္ဒာအေး၊ ဗိုလ်ကြီးလှိုင်မြင့်မင်း-ဒေါ်ခင်ငုရည်ဖြိုးတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Mr. Wang Jia An (Chairman)**

**Ms. Liu Yaqin (General Manager)**

**Jiangsu Pengfei Group Co., Ltd.**

**P.R. China**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၂၃၇၁ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေမြင့် ၉/မကန(နိုင်)၀၉၇၉၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/B၊ မြေကွက်အမှတ် ၁၃၉၁၊ ဧရိယာ ၀ ဒသမ ၀၃၃ဧက၊ မြေကွက်တည်နေရာအမှတ် ၁၃၉၁၊ သရဖီလမ်း၊ မြရတနာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ပါမစ်မြေအမျိုးအစား အမည်ပေါက် ဦးသန်းမောင် ၁၂/မဂဒ(နိုင်)၀၉၂၅၁၉မှ ပါမစ်ပျောက်ဆုံးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်၊ ရဲစခန်းထောက်ခံချက်၊ မြေခွန်ကြွေးကျန်ကင်းရှင်းကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးထောက်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဆုံးဖြင့် နှစ် ၆၀ ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၁၊ မြေကွက်အမှတ် ၁၉၀၊ မြေကွက်တည်နေရာအမှတ် ၁၉၀၊ ၁၃၁ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်(ဦးတင်ငွေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ငွေကွယ်လွန်သဖြင့် ဒေါ်မြသန်း ၁၂/ဥကမ(နိုင်)၀၄၈၇၈၇ ကတရားဝင်တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ခင်ပွန်းသေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် ကတိဝန်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ပွဲစားကြုတ် (ဦးခင်မောင်မြင့်)**

**အသက်(၈၁)နှစ်**

၂၂-၇-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားသော တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အမှတ်(၁၀၃)၊ ငွေခွန်မှူးလမ်းနေ (ဒေါ်နန်းလွန်း)၏ခင်ပွန်း၊ ဦးခွန်စံလွင် (ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ)-ဒေါ်တင်တင်ဝင်း၊ စိုင်းအေးမင်း-ဒေါ်မြင့်မြင့်ဝင်း၊ ခွန်အောင်ခင်၊ ခွန်ထွန်းသိန်း-ဒေါ်လှလှဝင်းတို့၏ဖခင်၊ မြေး(၆)ယောက်တို့၏အဖိုး ကျေးဇူးရှင်ဖခင်ကြီး ပွဲစားကြုတ်(ဦးခင်မောင်မြင့်)မကျန်းမာစဉ် ဂရုတစိုက်ကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများ၊ အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသင်္ဂဟများ၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် နာယကကြီးနှင့်အဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်နီးရပ်ဝေးတို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သတင်းစာများမှတစ်ဆင့် နှစ်သိမ့်မေတ္တာပြထည့်သွင်းဖော်ပြပေးကြသူများ၊ နာရေးကိစ္စနှင့်ရက်လည် ဆွမ်းကျွေးကိစ္စအဝဝတို့အား ကိုယ်ရောစိတ်ပါ ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကို ကျန်ရစ်သူမိသားစုများမှ လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ကိုလတ် (အလုံ/မိချောင်းရှပ်)**

**အသက် (၅၉) နှစ်**

**ဗဟိုစံပြငါးဈေးကြီး ခိုင်အမှတ် (ယ – ၃/၂)**

စိတ်သဘောထား ဖြူစင်ကောင်းမွန်၍ ညီအစ်ကိုသူငယ်ချင်းများ မိတ်ဆွေအပေါင်းအသင်းများအား ထာဝစဉ်ဖေးမကူညီတတ်ပြီး မိသားစုအပေါ် တာဝန်ကျေပွန် သံယောဇဉ်ကြီးလွန်းသည့် ဦးတင်ကိုလတ် (ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊ပိဋကတ်ဒါယကာကြီး) သည် (၂၆–၇–၂၀၁၅) ညနေ (၃း၄၀) နာရီတွင် ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူမိသားစု ညီကိုမောင်နှမဆွေမျိုးများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းမောင်+ဒေါ်သန်းလှ (မိသားစု)
ဦးဇေခင် (မိသားစု)
ဦးခင်မောင်ညွန့်+ဒေါ်စိုးစိုးနိုင် (မိသားစု)
ဦးကိုကိုနိုင် (မိသားစု)
ဦးကျော်ညွန့် နှင့် MALT - Z Brothers Co., Ltd
ညီအစ်ကိုသူငယ်ချင်းများ (မိသားစု)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၃၅၈၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာလွင် ၁/မကန(နိုင်)၁၁၅၆၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

# လိမ္မော်ရောင်အဆင့်ရှိမုန်တိုင်းငယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့အနီး ဖြတ်ကျော်ဝင်ရောက်နိုင် မုန်တိုင်းဒဏ်ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်



**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ အနောက်-အနောက်တောင်ဘက်မိုင် ၄၀ခန့်၊ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက်မိုင် ၇၀ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်မြောက်ဘက် ၆၅မိုင်ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက်မိုင် ၁၁၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ လိမ္မော်ရောင်အဆင့်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသသို့ဦးတည်၍ မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းစွန်းဒေသ အနီးမှ ရွေ့လျားနေသည့်အခြေအနေဖြစ်သည်။

မုန်တိုင်းငယ်၏အမြင့်ဆုံးလေတိုက်နှုန်းမှာတစ်နာရီလျှင် ၄၅မိုင်နှုန်း ဖြစ်သည်။

မုန်တိုင်းငယ်သည် ယနေ့မွန်းတည့်မှ နောက် ၁၆နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို စစ်တကောင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

ကမ်းခြေသို့ဖြတ်ကျော်စဉ် မောင်တောခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀မှ မိုင် ၆၀ အထိနှင့် စစ်တွေခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာတစ်နာရီလျှင် ၄၅မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# ကျူး...



လှိုင်သာယာမြို့နယ်ရှိ ကျူးကျော်တဲများနှင့် မိသားစုဝင်များကို တွေ့ရစဉ်။

**သတင်းဆောင်းပါး**
**မောင်သင်းပျို့**

ခေါင်းငုံ့ဝင်ရသည့် ဓနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်းတဲကလေးက နောက်ထပ်ဘယ်နှမိုး၊ ဘယ်နှရာသီခံနိုင်ရည်ရှိပါဦးမည်လဲဟု အတွေးကိုဝင်စေသည်။ ပေါက်ပြဲနေသည့် ဝါးထရံကို ဖာထေးကာရံထားသည့် မြေရေခွံ အိတ်ပိုင်းက လေတိုက်တိုင်း တဖျပ်ဖျပ် ရိုက်ခတ်နေသည်။

"ကျွန်တော်တို့ ဒီမှာနေတဲ့သူတွေက ဧရာဝတီတိုင်းကများတယ်။ နာဂစ်ဖြစ်ပြီး နောက်တစ်နှစ်မှာ ကျွန်တော်တို့ ခုနစ်ယောက်အုပ်စု ဒီလှိုင်သာယာကို ရောက်လာကြတယ်။ စက်ဆန်းမှာ တုန်းကလည်း ကျပန်းအလုပ်နဲ့ပဲ မိသားစုတွေရပ်တည်လာခဲ့ကြတာ။ တောကတက်လာတုန်းက လက်ထဲမှာ ငွေ၂၀၀၀၀နဲ့၊ ၁၅ နှစ်အရွယ် သားကြီးက ပန်းရန်အလုပ်လိုက်လုပ်ရပြီး ကျွန်တော်ကတော့ ကြုံတဲ့အလုပ်လုပ်တယ်။ ဒီမှာစနေတုန်းက နေရာခ ၅၀၀၀၊ ၆၀၀၀၊ နောက် ၇၀၀၀၊ နောက် ၁၀၀၀၀ ပေးရတယ်"

အိမ်ရှေ့လမ်းပေါ်မှာ အပူအပင်ကင်းမဲ့စွာဆော့ကစားနေကြသည့် ကလေးငယ်များ၏ အသံကြားမှာ တဲအိမ်ငယ်လေး၏ပိုင်ရှင် ကိုခင်စိုး၏အသံက တိမ်ဝင်လျက်ရှိသည်။ ပင်လယ်ကမ်းစပ်မှ တံငါတဲတန်းကလေးနှင့်တူသော တဲအိမ်များတွင် နေထိုင်သူများမှာ တစ်ချိန်တစ်ခါက ရေလုပ်ငန်းလုပ်ကိုင်ခဲ့ကြသူများဖြစ်သည်ဟု ကိုခင်စိုးက ဆိုသည်။

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှတက်လာသည့် မိသားစုခုနစ်စုအနက် သူနှင့်နောက်တစ်ဦးသာ တဲအိမ်ဆောက်၍နေနိုင်ခဲ့ကြပြီး

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

**ယနေ့ — မာတိကာ**

စင်ကာပူနှင့် ယူကေ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မည်
စာ » ၄

လူသတ်မှုဖြင့် သရုပ်ဆောင် မင်းအုပ်စိုးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း အမိန့်ချသော်လည်း အယူခံဝင်မည် မဟုတ်ဟုဆို
စာ » ၁၁

ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ
စာ » ၁၂



Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း mmalin.npt@gmail.com, www.facebook.com/MYANMAALINNNEWS